www.burmeseclassic.com

အောင်မြင်စာပေ

ဂန္ဓရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

# ကြိခက္က

(၂)

## လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာ



BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com

၈၉၅.၈၃
တြိစက္က
လေးကျွန်းကိုင် ကွင်းဝိုင်မိစ္ဆာ / တြိစက္က။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၄၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) တြိစက္က

ထုတ်ဝေသူ ဦးအောင်မြင့်
ဖြန့်ချိရေး အောင်မြင်စာပေ

ဘာသာပြန်ခွင့်နှင့် ဖျက်သိမ်းခွင့်

အောင်မြင်ပုံနှိပ်တိုက် ... မြို့ကြီး
၂၀၁၃ ခုနှစ် (မတ်လ) အုပ်ရေ(၅၀၀)။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး
ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်
တစ်ရပ် တည်ဆောက်ရေး

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးအောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်
ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အနက်ရောင်ကို လူအတော်များများက
မနှစ်သက်ကြပေ။
သို့သော်...ထိုအနက်ရောင် မရှိပါပဲ
အဖြူရောင်သည် ပေါ်လွင်လာပြီး
လူအများနှစ်သက်သည့် အရောင်မျိုး
ဖြစ်လာနိုင်မည် မဟုတ်ပါချေ။

❖ သောကနှင့် ရယ်မောစရာ နှစ်ခုကြားမှာ
ရှင်သန်နေရတဲ့ လူတစ်ယောက်အဖို့
ရွေးချယ်ပိုင်ခွင့် များများ မရနိုင်ပါဘူး၊
ကြိုးစားခြင်းကိုသာ အားပြုရပါမယ်။

❖ သင်ဟာ သီချင်းရေးဆရာ
မဟုတ်သော်ငြားလည်း
တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့
ပျော်ရွှင်ဖွယ်ရာကောင်းတဲ့ သီချင်းတစ်ပုဒ်ကို
မလွဲမသွေ သီဆိုခွင့် ရနိုင်ပါတယ်။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ အချို့ပန်းချီကားတွေဟာ မလှပါဘူး။
(ဥပမာ ပီကာဆိုရဲ့ပန်းချီကားမျိုးပေါ့)
ဒါပေမယ့် မလှပတဲ့ ပန်းချီကားတွေရဲ့
လျှို့ဝှက်ချက်က
လှပတဲ့ ဘဝဒဿနတွေပဲ ဖြစ်ပါတယ်၊

❖ အချိန်ဆိုသောအရာသည်
အလှပြုပြင်ရာမှာ မြန်ဆန်ကျွမ်းကျင်သော်လည်း
အဖွဲ့တွစိတ်ကို ပြုပြင်ရာမှာတော့
နှောင့်နှေးမှုတွေရှိပြီး မကျွမ်းကျင်လှပါဘူး။

❖ သင်သည် အလှတရားကို ရှာဖွေလိုလျှင်
သင်နှင့်အတူတူ အလှတရားကို
သယ်ဆောင်သွားပါ၊
အချစ်ကို ရှာဖွေမယ်ဆိုရင်တော့
သင်နှင့်အတူ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာ
အတူပါသွားဖို့တော့ အရေးကြီးလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ချစ်သူချင်း တွေ့ကြတဲ့အခါ
မျက်နှာပေါ်က အလှကိုသာ သတိပြုမိကြတယ်။
နှလုံးသားက ချစ်ခြင်းမေတ္တာကို မလေ့လာရင်
တစ်နေရာမှာ အခက်အခဲ တွေ့ရတတ်ပါတယ်။

❖ တခြောက်ရုပ်ဟာ မလှပပါဘူး၊
ဒါပေမယ့် လယ်ကွင်းထဲမှာ အသုံးပြုနိုင်ပါတယ်။
နှလုံးသား မလှတဲ့သူနဲ့ တွေ့ရင်တော့
ကိုယ့်မေတ္တာကို ပြန်ပြီး အသုံးချ ခံရပါလိမ့်မယ်။

❖ ပန်းပွင့်တစ်ပွင့်ရဲ့အလှကို မြင်ရဖို့
အချိန်အတော်ပေးပြီး စောင့်ကြရတယ်၊
ချစ်သူတစ်ယောက်ရဲ့ရင်ထဲက
လျှို့ဝှက်တဲ့အလှကို မြင်ရဖို့တော့
အချိန်အကန့်အသတ်မရှိ
စောင့်ပေးတန် စောင့်ပေးရပါတယ်။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ လောကကြီး လှပစေဖို့
အလှတရားရဲ့နေရာမှာ
သဘာဝတရားက အစားဝင်ပေးလို့ ရပါတယ်၊
သဘာဝတရားရဲ့နေရာကိုတော့
မည်သည့်အလှတရားကမှ
အစားထိုးပေး၍ မရပါချေ။

❖ ပျော်ရွှင်မှုမရှိတဲ့ မျက်နှာကို
အလှအပ ခြယ်သပေးလည်း လှမှာမဟုတ်ပါဘူး၊
စိတ်ထဲမှာ ပျော်ရွှင်နေရင်
အလှပြင်မပေးလည်း လှနေမှာပါပဲ။

❖ လှပခြင်းဆိုတာ
လက်ဖြင့်ထိတွေ့လို့ရတယ် ဆိုပေမယ့်
နှလုံးသားဖြင့် ထိတွေ့ခြင်းကသာ
ထိုအလှကို ကြာရှည်ခံစေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ကွင်းပိုင်မိစ္ဆာနှင့်မပဲဝါ၊

အခန်း(၂) တောနက်ထဲမှဖြစ်ရပ်ဆန်းကြယ်၊

အခန်း(၃) မျောက်သားစားလိုလျှင် မျောက်မျက်နှာကိုကြည့်ပါ၊

အခန်း(၄) ကွင်းပိုင်အဝရောက်မှ အဖူးအညီပေးသူ၊

အခန်း(၅) တောမျောက်ပြီ တောခြောက်ခံရသူများ၊

အခန်း(၆) မလုပသည့်အညတြကို၏အဝခရိုးကြမ်း၊

အခန်း(၇) ချစ်ခြင်းဖြင့်ရန်ငြိုးဖွဲ့သောသူ၊

အခန်း(၈) ကွင်းပိုင်ဘာတေနှင့်တွေ့ရခြင်း၊

အခန်း(၉) မြို့ပိုင်နတ်၊နယ်ပိုင်နတ်ကိုကြောက်ရွံ့သောသူ၊

အခန်း(၁၀) ဖော်ခါးသောခေါက်သောင်ညာဉ်၊

အခန်း(၁၁) ဘီလူးမဂယက်နှင့်ဆန်းကြယ်မှုများ၊

အခန်း(၁၂) နယ်နှင်ခံရသောလေးကျွန်းကိုင်ကွင်ပိုင်၊

အခန်း(၁၃) တောနက်ထဲမှလျှို့ဝှက်သောသေမင်း၊

အခန်း(၁၄) အကုသိုလ်တစ်ကျော့ပြန်၊

အခန်း(၁၅) လေးကျွန်းကိုင်ကွင်းပိုင်မိစ္ဆာ၊

အခန်း(၁၆) ကွင်းပိုင်မိစ္ဆာနှင့်မပဲဝါ၊




# အခန်း (၁)

# ကွင်းပိုင်မိစ္ဆာနှင့် မပဲဝါ

တစ်နေ့သ၌ ကျွန်ုပ်သည် စာဖတ်ခန်း အတွင်း၌ မိမိ ရေးသားပြီးခဲ့သော၊ ထုတ်ဝေပြီးခဲ့သော စာအုပ်များ၊ စာမူများ ကို ပြန်လည်ဖတ်ရှုနေပေသည်။

စာရေးဆရာ တစ်ယောက်အနေဖြင့် အခြားစာရေး ဆရာများ ရေးသားပြုစုသော စာအုပ်မျိုးစုံတို့ကို လက်လှမ်းမီ သမျှ ရှာဖွေဖတ်ရှုရသလို မိမိရေးသားခဲ့ပြီးသော စာမူများ၊ စာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်များကိုလည်း ပြန်လည်ဖတ်ရှုရပေသည်။

စာရေးနေစဉ်ကတော့ မိမိရေးသောစာမှာ ကောင်းမွန်ချောမွေ့နေပြီဟု စိတ်ထဲမှာ ထင်တတ်ကြသော်လည်း ပြန်လည်ဖတ်ရှုသောအခါမှာတော့ အမှားအယွင်းများ၊ ချို့ယွင်းချက်တို့ကို တွေ့ရတတ်ပေသည်။

စာရေးဆရာ တစ်ယောက်အနေဖြင့် မိမိရေးသားသော ဝတ္ထု . . ဇာတ်လမ်း . . အကြောင်းအရာများထက်၊ မိမိမွေးဖွားပေးခဲ့သော ဝတ္ထုဇာတ်ကောင်တို့၏ ဖမ်းစားခြင်း၊ တစ်နည်းပြောလျှင် လွှမ်းမိုးခြင်းကို ခံကြရပေသည်။

ဆာအာသာကိုနင်ဒွိုင်း၏ စုံထောက်ကြီး ရှားလော့ဟုမ်း၊ ဆာရိုက်တာဟတ်ဂတ်၏ လူစွန့်စား အလန်ကွာတာမိန်း စသောဇာတ်ကောင်များမှာ စာရေးဆရာတစ်ဦးက ဖန်တီးရေးသားသော ဇာတ်ကောင်များဖြစ်စေကာမူ စာရေးဆရာအပေါ်၌ လွှမ်းမိုးမှုများ ရှိခဲ့ကြလေသည်။

ဇာတ်ကောင်တို့ ရှင်သန်လာပြီး အသက်ဝင်လာသောအခါ စာရေးဆရာက ၎င်းတို့ကို ချုပ်ကိုင်ထား၍ မရတော့ပဲ သူ့သဘောအတိုင်း လွှတ်ပေးကြရပေသည်။

စာဖတ်သူ အနေကတော့ "ကိုယ်ရေးတဲ့ ဇာတ်ကောင်ကို ကိုယ်သဘောကျသလို ဖန်တီးရေးသား၍ မရပေဘူးလား" ဟု မေးလာပါက "မရနိုင်ပါ" ဟုပင် အဖြေပေးရပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ၎င်း၏ စရိုက်လက္ခဏာများက . . အသက်ရှိနေသည့် လူတစ်ယောက်ကဲ့သို့ ဖြစ်နေသော





ကြောင့်သာ ဖြစ်ပါသည်။

သို့သော် ဇာတ်ကောင်တစ်ကောင်ကို ပင်တိုင်ထားပြီး ရေးသားရသော အလုပ်မှာ လွယ်တော့မလွယ်ကူလှပေ။

၎င်းနှင့်လိုက်ဖက်သော ဇာတ်လမ်းဇာတ်ကွက်ကို ရှာဖွေဖန်တီးရသည်မှာ များစွာခက်ခဲလှသည်။

ကျွန်ုပ်သည်ပင်တိုင်ဇာတ်ကောင်များကို အားပြုရေးသားသူ တစ်ယောက်ဖြစ်သည်နှင့်အညီ ၎င်းတို့နှင့် လိုက်ဖက်သော ဇာတ်လမ်းဇာတ်ကွက်တို့ကို ရှာဖွေဖန်တီးရသည်။

နီမောင်နှင့် လိုက်ဖက်သော ဇာတ်လမ်း၊ ဒေါက်တာမင်းထင်ကျော်နှင့် လိုက်ဖက်သော ဇာတ်လမ်းတို့ကို စဉ်းစားရှာဖွေရသည်။

သူတို့နှင့် တွဲဖက်ရမည့် အခြားဇာတ်ကောင်တို့ကို ရွေးချယ်ရသည်။

ကြာလာတော့ ကိုယ်ဖန်တီးထားသော ဇာတ်ကောင်တို့ကို ကိုယ့်မွေးဖွားထားသော သားသမီးများ၊ ဆွေမျိုးသားချင်းတို့ပမာ သံယောဇဉ် ဖြစ်နေတော့သည်။

တစ်ခါတစ်ရံလည်း ဝတ္ထုနှင့်သက်ဆိုင်သော ဇာတ်ကောင်အချို့က လွှမ်းမိုးနေတတ်ပေသည်။

အခြားအကြောင်းအရာများ ရေးသားရန် စိတ်ကူးနေစဉ်မှာပင် ၎င်းတို့အကြောင်းများက လျှပ်တစ်ပြက် ဝင်ရောက်လာခြင်းမျိုးပင် ဖြစ်သည်။

ဥပမာ အင်းရဲကြီးသူကြီးအကြောင်း အခြေခံ ရေးသား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော တစ်ပွဲစားဖိုးထင်(ထုတ်ဝေစဉ်က"လောကငရဲသား" အမည်ဖြင့် ပြောင်းလဲထုတ်ဝေခဲ့သည်။)

မဖဲဝါတို့ အကြောင်းများမှာ ဝတ္ထုစာအုပ်အဖြစ် ထုတ်ဝေပြီးခဲ့သော်လည်း အတွေးထဲသို့ မကြာခဏ ဝင်ရောက်နေတတ်လေသည်။

တစ်ညမှာတော့ ကျွန်ုပ်သည် မဖဲဝါနှင့် ပြန်တွေ့ရသည်။

သူသည် ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုးဖြင့် ရောက်လာခြင်း မဟုတ်ပဲ. . သာမန် အမျိုးသမီး တစ်ယောက်အနေဖြင့် ရောက်လာခြင်း ဖြစ်သည်။

သူ့ကိုမြင်တော့ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေမိသေးသည်။

"ဆရာက ကျွန်မကို မမှတ်မိတော့ဘူး ထင်ပါရဲ့. . .၊ ဖဲကစားတာ ဝါသနာပါလွန်းလို့ ဆရာပဲ မဖဲဝါလို့ အမည်ပေးထားခဲ့တာ မဟုတ်လား"

ထိုအခါမှပင် သဘောပေါက်သွားလေတော့သည်။

"အခုလိုပြန်တွေ့ရတာ ဝမ်းသာပါတယ် မဖဲဝါရယ်၊ အခု ဘယ်လိုအကြောင်းကြောင့် ဒီနေရာကို ရောက်လာတာလဲ"

"ဆရာ့ကို ပြောပြစရာလေးတွေ ရှိနေသေးလို့ပါ"

"ပြောစရာရှိရင်တော့ ပြောပါ"

"ဆရာက ကျွန်မကို ပေါင်းဝသုသာန်မှာ ထားခဲ့ရုံနဲ့ ပြီးမယ်ထင်နေလို့လား"

"ဘာတွေ ကျန်နေသေးလို့လဲ"





"ပေါင်းဝသုသာန်စောင့် မဖဲဝါဘဝနဲ့ နောက်ထပ်ကြုံခဲ့ရတာတွေ အများကြီး ရှိပါသေးတယ်"

ထိုစကားသည် ကျွန်ုပ်ကဲ့သို့သော စာရေးဆရာ တစ်ယောက်အဖို့ များစွာစိတ်ဝင်စားစရာကောင်းသော စကားပင် ဖြစ်၏။။

"ဘာတွေများလည်း ပြောပါဦး"

"ကျွန်မအကြောင်း မပြောခင် တခြားစိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းတစ်ခုကို အရင်ပြောပြမှ ဖြစ်မယ်"

"ဘယ်သူ့အကြောင်းများလဲ"

" 'လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာ'လို့ ခေါ်ကြတဲ့ 'ကွင်းပိုင်နက်ကျော်'အကြောင်းပေါ့"

"နာမည်ကြားရုံနဲ့တင် စိတ်ဝင်စားဖို့ အတော်ကောင်းနေပြီ၊ သူက ဘယ်မှာနေတာလဲ"

"ရွှေမြစ်ဝမှာရှိတဲ့ ကျွန်းကြီးလေးကျွန်းမှာ သူရှိတယ်၊ အဲဒီလေးကျွန်းစလုံးက ကွင်းတွေကို အပိုင်ရထားတာမို့ လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာလို့ ခေါ်ကြတာပဲ"

သူမပြောပြသော ရွှေမြစ်ဝဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း တောင်ဘက်ပိုင်းဘက်မှာ ရှိလေသည်။

ရွှေမြစ်၊ ပြန်မလော့မြစ်၊ ပြင်စလူမြစ်တို့ အရှေ့အနောက်ညှပ်ကာ ဖြတ်သန်းစီးဆင်းနေသောနေရာ၌ တည်ရှိလေသည်။ ထိုနေရာများသည် မိုးရာသီရောက်လာလျှင် မိုးလေ ပြင်းထန်ပြီး လှိုင်းကြီးသောနေရာများ ဖြစ်သည်။။



www.burmeseclassic.com

www.burmeseclassic.com



(နာဂစ်မုန်တိုင်း၏ ဝင်ရောက်တိုက်ခတ်ခဲ့စဉ်က လူအသေအပျောက် အများဆုံးဖြစ်ခဲ့သော နေရာများလည်း ဖြစ်ခဲ့သည်။)

ကိုလိုနီနယ်ချဲ့ကာလ တစ်လျှောက်လုံးမှာတော့ ထိုနေရာများ ထိုကျွန်းများပေါ်မှာ ကနစိုသစ်တောအပါအဝင် ဒီရေတောများသာ ရှိလေသည်။

နောက်ပိုင်းမှာတော့ သစ်တောများ ပြုန်းတီးလာပြီး လယ်မြေနှင့်ရွာများ ပေါ်လာသော နေရာများပင်ဖြစ်၏။

ကျွန်းလေးကျွန်းမှာ ပြင်စလူကျွန်း၏ မြောက်ဘက်၌ ဘည်ရှိပြီး ရွှေးမြစ်ဘက်သို့ မျက်နှာမူထားသော နှစ်ကျွန်း၊ ပြင်စလူမြစ်ဘက်သို့ မျက်နှာမူထားသည်က နှစ်ကျွန်းဖြစ်သည်။

ထိုကျွန်းလေးကျွန်းတို့မှာ အရွယ်အစားချင်း မတိမ်းမယိမ်း ရှိကြပြီး လေးပွင့်ဆိုင် အနေအထားမျိုး ဖြစ်သည်။

ရွှေးမြစ်၊ ပြန်မလော့မြစ်နှင့် ပြင်စလူမြစ်တို့ ဆုံရာတစ်ဝိုက်မှာ မြစ်ပြင်ကျယ်သည်ကတစ်ကြောင်း၊ လေမိုးပြင်းထန်လျှင် လှိုင်းကြီးသော နေရာများလည်း ဖြစ်သောကြောင့် ကျွန်းလေးကျွန်းရှိသော နေရာတို့မှာ . . လှေသမ္ဗန်သမားတို့ လေမိုးအကာအကွယ်ရရာ လှိုင်းလွတ်ရာတို့ ဖြစ်ခဲ့ကြသည်။

နောက်ပိုင်းတော့ ထိုကျွန်းများပေါ်မှာ လယ်မြေကွက်များ ပေါ်လာရာမှ ရွာများဖြစ်ပေါ်လာသည်။

ထိုကျွန်းများ၏ ပုံသဏ္ဍာန်ကလည်း စိတ်ဝင်စားဖွယ်ရာပင် ဖြစ်လေသည်။





မြောက်ဘက်မှာရှိသော ကျွန်းနှစ်ကျွန်းတို့မှာ တစ်ကျွန်းက ဘူးသီးနှင့် တူသည်။ ကျန်တစ်ကျွန်းက ပင်လယ်ဖျံနှင့် တူသည်။

တောင်ဘက်၌ရှိသော ကျွန်းနှစ်ကျွန်းကတော့ တစ်ကျွန်းက ဘူးသီးနှင့်တူပြီး ကျန်တစ်ကျွန်းက လင်းဆွဲကြီးနှင့် ပုံသဏ္ဍာန် တူလှသည်။

ဒေသခံများကတော့ ထိုကျွန်းကြီးကို 'လင်းဆွဲကျွန်း' ဟုပင် ခေါ်ဝေါ်ကြသည်။

ထိုကျွန်းများပေါ်မှာလည်း ရွာများရှိကြလေသည်။

အနောက်မြောက်ဘက်မှာရှိသော ကျွန်းပေါ်မှာ ဘီလူးမဂယက်ရွာရှိသည်။

အနောက်တောင်ဘက်မှာရှိသော ကျွန်းပေါ်မှာ ကညင်ပင်ရွာ ရှိလေသည်။

အရှေ့မြောက်ဘက်မှာရှိသော ကျွန်းပေါ်တွင် ထိန်ပင်ကုန်းရွာရှိပြီး အရှေ့တောင်ဘက်မှာရှိသော ကျွန်းပေါ်မှာတော့ မှော်ဇာရွာရှိလေသည်။

ထိုလေးကျွန်းလေးရွာတွင် ဘီလူးမဂယက်ရွာနှင့် မှော်ဇာရွာတို့မှာ ရွာကြီးပြီး ကျန်သောနှစ်ရွာတို့မှာ သာမန်မျှသာ ရှိကြပေသည်။

မဖဲဝါ ပြောပြထားသော "လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာ" ဟု အမည်တွင်သော ကွင်းပိုင်နက်ကျော်အကြောင်း မရေးသားမီ ထိုနေရာမှ ထူးခြားသော အကြောင်းတို့ကို ဦးစွာ ရေးသား



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါဦးမည်။

'ဘီလူးမဂယက်' ဟူသောအမည်မှာ ဂမ္ဘီရဆန်သော အမည်မျိုး ဖြစ်သလို နေရာမှာလည်း ဂမ္ဘီရဆန်သော နေရာမျိုး ဖြစ်လေသည်။

ယခင်က ထိုနေရာမှာ လူနေအိမ်မရှိပဲ ဒီရေသစ်တော ကြီးများသာ ဖုံးလွှမ်းထားလေသည်။

နောက်ပိုင်းမှာတော့ မွန်လူမျိုးအချို့ ဦးစွာ ရောက်လာ ပြီး သစ်တောများအတွင်း၌ နေထိုင်ကြလေသည်။

မြစ်ဝကျွန်းပေါ် ဒေသများမှာ မြန်မာနှင့် ကရင်လူမျိုးတို့ အနေများသော်လည်း နောက်ပိုင်း အထက်ပိုင်းမှ ပြောင်းရွှေ့ လာသော မွန်လူမျိုးတို့ လာရောက်နေထိုင်ကြသည်။

မူလနေသော မြန်မာနှင့် ကရင်တို့မှာ ဒီရေတက်သော သစ်တောများဘက်မှာ မနေကြပဲ ထိုနေရာ၏ အထက်ပိုင်းမှာ သာ နေထိုင်ခဲ့ကြသည်။

မွန်လူမျိုးများကတော့ အခြားသူများနှင့် ဝေးရာမှာ နေထိုင်လိုသဖြင့် ပင်လယ်နှင့်နီးသော သစ်တောကြီးများအတွင်း ၌ ဝင်ရောက်နေထိုင်ကြခြင်း ဖြစ်၏။

အများအားဖြင့်တော့ ဘိုကလေး မော်လမြိုင်ကျွန်း မြို့နယ်များအတွင်း၌ အများဆုံးဖြစ်သည်။

ဘိုကလေးမြို့နယ် အတွင်းမှာရှိသော အချို့နေရာများ မှာ မွန်တို့ပေးခဲ့သော ရွှေအမည်များအတိုင်း ဆက်လက်သုံးစွဲ ခဲ့ကြရာ ပြင်ဒရယ်၊ ပြင်စလူ၊ ကဒုံ၊ ဧရာ၊ အမာ၊ မျောက်တစ်ရာ၊





နေသူရိန်၊ မရမ်းချောင်း၊ ဘီလူးမဂယက် စသောနေရာတို့ ဖြစ် ကြပေသည်။

ဘီလူးမဂယက်ရှိသောကျွန်းမှာ ရွှေးအခါက ကျား၊ ဆင်၊ စသော တောရိုင်းတိရစ္ဆာန်များ ပေါများပြီး သစ်တော များထူထပ်ကာ တောကြမ်းသော နေရာတစ်နေရာလည်း ဖြစ် သည်။

ကျွန်းပေါ်မှာ ရေအိုင်ကြီးတစ်အိုင်လည်း ရှိသည်။ ရေ ငန်ဒေသမှာ ဖြစ်သော်လည်း ရေချိုရနိုင်သော အိုင်မျိုးဖြစ်သည်။

သာမန်ရေအိုင်ထက် ပိုပြီး ကျယ်ပြန့်စွာ ရှိနေသဖြင့် ဒေသခံများနှင့် သစ်တောအလုပ်သမားတို့က အရပ်ခေါ်ဖြင့် 'ဂယက်'ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်၏။

အမှန်တော့ ရေအိုင်ကျယ်ကြီး တစ်ခုပင် ဖြစ်ပေသည်။ ထို ရေအိုင်ကြီးအတွင်း၌ အထက်ပိုင်း ဒေသ၌သာရှိသော ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးပနော်၊ ငါးပုတို၊ စသော ရေချိုငါးတို့ မြောက်မြားစွာ ရှိနေကြသည်။

နှစ်ပေါင်းများစွာ ဖမ်းဆီးမည့်သူ မရှိပဲ၊ ကြီးချင်တိုင်း ကြီးပြီး နှစ်ချို့ငါးများ ဖြစ်နေကြသည်။

လယ်ကွင်း၊ တမံ၊ အင်း၊ စသောနေရာများတွင် ပေါက် ဖွားကြီးပြင်းသော ရေချိုငါးတို့မှာ တစ်ကြိမ်၊ နှစ်ကြိမ် ဖမ်းဆီးခံ ကြရသဖြင့် သာမန်ထက် ပိုမကြီးနိုင်ကြပေ။

ဘီလူးမဂယက်အတွင်းမှာ ရှိနေကြသော ငါးများက တော့ မည်သူမှ မဖမ်းဆီးဝံ့ကြသဖြင့် ကြီးချင်တိုင်း ကြီးနေကြ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ထိုရေအိုင်၏ ကမ်းစပ် မဒမတောထဲမှာတော့ ကျောက်နှုတ်ခမ်းနှင့် ရှိနေသည်။

ဘယ်အချိန်က ဘယ်သူပြုလုပ်သွားသော ရုပ်တုမှန်း သေသေချာချာ မသိရသော်လည်း နှစ်ပေါင်းများစွာကတည်းက ထိုနေရာ၌ ရှိနေခဲ့ခြင်း ဖြစ်သည်။

အမြင့်(၆)ပေခန့်ရှိပြီး မတ်တတ်ရပ်နေသော ပုံသဏ္ဍာန်မျိုးဖြစ်သည်။ မျက်နှာထုလုပ်ထားပုံမှာ ဘီလူးမျက်နှာမျိုး ဖြစ်သဖြင့် မြင်သည်နှင့် ကြောက်စရာကောင်းသည်။

သစ်တောထဲမှာ နှစ်ပရိစ္ဆေဒကြာအောင် ရှိနေခဲ့သောကြောင့် ရေညှိရေမှော်များတက်ကာ အစိမ်းရောင်၊ အညိုရောင်များ အကွက်လိုက် ဖြစ်နေသည်။

ရေအိုင်ဘက်သို့ မျက်နှာမူထားပြီး လက်ထဲမှာ တင်းပုတ်တစ်ခု ကိုင်ထားသည်။

ဒေသခံများကတော့ ဘီလူးမရုပ်တုရှိသော နေရာတစ်ဝိုက်ကို တောကြမ်းသောကြောင့် ရှောင်ကြဉ်ကြသည်။

နောက်ပိုင်းရောက်လာတော့ ရေအိုင်နှင့် ဘီလူးမရုပ်တုရှိသော နေရာကို 'ဘီလူးမဂယက်'ဟု အမည်ပေးပြီး ခေါ်ဝေါ်ကြသည်။

ယခင်က ကနုစိုသစ်ဖြတ်သော သစ်တောသမားတို့မှာ ထိုနေရာအထိ လာစရာမလိုပဲ အထက်ပိုင်း သစ်တောများမှာပင် အလိုရှိသောသစ်များ ရကြသည်။





နောက်တော့ သစ်ခုတ်သူ တဖြည်းဖြည်း များလာသဖြင့် ...ပင်များ ရှားလာသည်။

ကနုစို သစ်ကောင်းများ ရရှိစေရန် အောက်ပိုင်းဒေသ ...ရောက်အောင် ဆင်းကြရသည်။

ထို့ကြောင့် ဘီလူးမဂယက်ရှိသော ကျွန်းများပေါ်သို့ ...ဖြည်းဖြည်း ရောက်လာကြသည်။

အချို့ကလည်း ထိုကျွန်းအကြောင်းကို သိသဖြင့်. . တ...ကျွန်းများသို့ သွားသည်။

အချို့ကလည်း ထိုဒေသအကြောင်း မသိသဖြင့် ကနုစို ...ပေါသော ထိုကျွန်းပေါ်သို့ တက်ရောက်ပြီး သစ်ခုတ်ကြ...သည်။

ထိုသို့ဖြတ်ရင်းနှင့် ဘီလူးမဂယက်ရှိသော နေရာသို့ ...က်လာကြသည်။

ရေအိုင်မှရေသည် ရေချိုဖြစ်သောကြောင့် သောက်ရေ...ဖြစ် ခပ်ယူကာ သောက်သည်။

ရေအိုင်အတွင်း၌ ငါးမျိုးစုံတို့ ရှိသဖြင့် ထိုငါးတို့ကို ...မြောက်ဝမ်းသာ ဖမ်းဆီးပြီး ချက်စားကြသည်။

ရေအိုင်မှ ရေသောက်ပြီး ငါးချက်စားသူတိုင်း ဝမ်းရော...ဖြင့်ပြီး သေဆုံးကြရသည်။

ငါးဖမ်း၊ ရေခပ်သူတိုင်း ထိုအဖြစ်မျိုးနှင့်ကြုံကာ သေ...ကြသောအခါ နောက်လူတို့ မဖမ်းဝံ့တော့ပေ။

သေဆုံးသူတို့မှာ မကောင်းသောရောဂါဖြင့် သေဆုံးရ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မကျွတ်လွတ်သဖြင့် ထိုနေရာမှာပင် သရဲသဘက်များ ဘ မျိုးဖြင့် ရှိနေကြသည်။

ထို့ကြောင့် တောမှာ ပိုကြမ်းနေခြင်း ဖြစ်တော့သည် အချို့ကတော့ ပါးနပ်သည်။ ဒေသအကြောင်းများကို နားလည် သည်။ ပရလောကသားတို့နှင့် အပေးအယူ မလုပ်ပဲနှင့် သူတို့ နက်များအတွင်း၌ တစ်ခုခု ပြုလုပ်မိပါက အန္တရာယ်ဖြင့် ကြုံတွေ ရမည်ကို သိကြသည်။

သို့ကြောင့် ဘီလူးမဂယက်သို့ ရောက်လာပါက ဦးစွ ဘီလူးမရုပ်တုကို တတ်နိုင်သလောက် ပူဇော်ပသသည်။

ခွင့်တောင်းသမှု ပြုပြီးမှ ရေခပ်သည်။

ငါးစားချင်လျှင် ခွင့်တောင်းပြီးမှ ဖမ်းသည်။

ထိုသို့ ပြုလုပ်သူများ အနေဖြင့် ရေသောက်သော်လည် ငါးချက်စားသော်လည်း မည်သည့်ဘေးအန္တရာယ်မျိုးနှင့်မှ တွေ့ကြရပေ။

ဤကား ဘီလူးမဂယက်နှင့်ပတ်သက်သော အကြောင် အရာအချို့ပင် ဖြစ်ပေတော့သည်။

ကျွန်ုပ်က အတန်ကြာအောင် စဉ်းစားနေပြီးမှ မေ လိုက်လေသည်။

"ကွင်းပိုင်နက်ကျော်က ဘယ်ကျွန်းမှာ နေတာလဲ"

"အခုတော့ ကျွန်းလေးကျွန်းစလုံးမှာ ရှိနေတာပဲ၊ လူ ဘဝမှာတုန်းကတော့ 'မှော်ဇာရွာ'မှာ နေခဲ့တယ်"

မှော်ဇာရွာမှာ အရှေ့တောင်ဘက်မှာရှိသော ကျွန်းပေါ်





တည်ရှိလေသည်။

"မင်းက သူ့အကြောင်း ပြောပြမယ်ဆိုတော့ ဘယ် ောက်များ သိလို့လဲ၊ နောက်ပြီး ပေါင်းဝသုသာန်နဲ့ မှော်ဇာရွာ ဝေးတယ်မဟုတ်လား"

"လူတွေအတွက်တော့ တစ်နေရာနဲ့ တစ်နေရာ ဝေးလှ ယ် ထင်ရပေမယ့် ကျွန်မတို့လို ပရလောကသားတွေ အတွက် တော့ မျက်စိတစ်မှိတ်အတွင်းမှာ အလိုရှိတဲ့နေရာ ရောက်နိုင် တယ်"

"ထားပါတော့ နက်ကျော်နဲ့က ဘယ်လို ပတ်သက်ခဲ့ လဲ"

"ကျွန်မနဲ့ ပတ်သက်ခဲ့တဲ့ အကြောင်းတွေကို နောက်မှ ပြပါ့မယ်၊ လောလောဆယ်တော့ ကွင်းပိုင်ကြီး နက်ကျော်အ ကြောင်းကိုပဲ အရင်ပြောပြပါ့မယ်"

"ကျေးဇူးတင်ပါတယ် မဖဲဝါရယ်၊ ဒီလိုဆိုတော့လည်း ုပ်အတွက် ရေးစရာ ဇာတ်လမ်းကောင်းကောင်းတစ်ပုဒ် ရ ပေါ့၊ ပြောပြပေတော့"

ထို့နောက်မှာတော့ မဖဲဝါက လေးကျွန်းကိုင် ကွင်းပိုင် နက်ကျော်၏ အကြောင်းကို အောက်ပါအတိုင်း ပြောပြလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂)

# တောနက်ထဲမှ ဖြစ်ရပ်ဆန်းကြယ်

ပင်လယ်ပြင်နှင့် ထိစပ်လျက်ရှိသောကျွန်းမှာ ပြင်စလူကျွန်းဖြစ်သည်။ ထိုကျွန်းမှာ ဒီရေသစ်တောများသာရှိသောကျွန်းကြီးတစ်ကျွန်းဖြစ်သည်။

ဖြူးပင်၊ ကနစိုပင်များ အမိကပေါက်ပြီး ကမ်းရိုတန်းတစ်လျှောက်မှာပင် အထိကရ သစ်ပင်ကြီးများ ရှိကြလေသည်။

ပြင်စလူကျွန်း၏ တောင်ဘက်ပိုင်းမှာ ကပ္ပလီပင်လယ်ပြင်နှင့် ထိစပ်လျက်ရှိသည်။ လေဒဏ်၊ မိုးဒဏ်၊ ပင်လယ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှတက်လာသော လှိုင်းလုံးကြီးများ ဒဏ်ကိုလည်း အဓိက ခံနေသော ကျွန်းဖြစ်သည်။

သို့သော်လည်း ကမ်းခြေတစ်လျှောက်တွင် ပြူးခြေ ဆောက်ပင်များ အပါအဝင် လမုတော၊ လဗပင်တောများက ကာဆီးထားသောကြောင့် ပင်လယ်ပြင်မှ လှိုင်းလုံးကြီးများ တက်လာလျှင် ကမ်းခြေမှ သစ်တောများက ကာဆီးထားသောကြောင့် ကျွန်းပေါ်သို့ မရောက်တော့ချေ။

ပြင်စလူကျွန်းကြီးက ရှေ့မှတားဆီးထားသောကြောင့်လည်း အခြားကျွန်းများသို့လည်း မရောက်တော့ပေ။

သစ်တောကြီးများ ပြုတ်ပြုတ်ပြုန်းသွားသောအခါ ပင်လယ်မှ သာမန်ထက်ပိုကြီးသော လှိုင်းလုံးများ တက်လာပါက ကျွန်းပေါ် ရောက်လာတော့သည်။

ပြင်စလူကျွန်းကဲ့သို့ ကြီးမားသောကျွန်းကြီးပင် လှိုင်းဒဏ်မခံနိုင်တော့လျှင် အခြားကျွန်းငယ်များမှာ ပြောစရာ မရှိတော့ပေ။

နာဂစ်မုန်တိုင်း တိုက်ခတ်စဉ် ကျွန်းများပေါ်သို့ ပေလေးငါးဆယ်မြင့်သော လှိုင်းလုံးကြီးများ တက်လာသောအခါ ကျွန်းပေါ်၌ နေကြသူများမှာ ပြေးစရာ မြေမရှိတော့သဖြင့် အစုလိုက်အပြုံလိုက် သေကျေပျက်စီးကြရခြင်း ဖြစ်သည်။

ယခင်က ပင်လယ်ပိုင်းမှာ သဘာဝက အကာအကွယ်ပြုလုပ်ပေးထားသော ဒီရေတောများရှိစဉ်က လှိုင်းလုံးကြီးများမှာ အတွင်းမဝင်လာသောကြောင့် ထိုနေရာမှသာ ပြန်လှည့်သွားကြ





ရသည်။

ယခုကာကွယ်ပေးမည့် ဒီရေတောများ မရှိတော့သော အခါ အလွယ်တကူ ဝင်ရောက်လာနိုင်ကြခြင်းပင် ဖြစ်တော့သည်။ ဟိုးရှေးကတည်းက မုန်တိုင်းများ အကြိမ်ကြိမ် တိုက်ခတ်ခဲ့သည်။

ပင်လယ်လှိုင်းကြီးများ အကြိမ်ကြိမ် ဝင်ရောက်ခဲ့ဖူးပါသည်။ သို့သော်လည်း သဘာဝက ပေးထားသော အတားအဆီး အကာအကွယ်များ ရှိနေသောကြောင့် သိသင့်သလောက်သာ သိကြရပြီး ဆိုးရွားသော အန္တရာယ်မျိုးနှင့်တော့ မကြုံတွေ့ခဲ့ကြရပေ။

နာဂစ်မုန်တိုင်း ဝင်ရောက်ခဲ့စဉ်က ပင်လယ်ကမ်းခြေဘက်မှ အကာအကွယ်ပေးမည့် သစ်တောကြီးများ မရှိတော့သဖြင့် ပင်လယ်လှိုင်းများက သဘောကျ လွတ်လွတ်လပ်လပ် ဝင်ရောက်ခဲ့ကြရာ ကျွန်းများပေါ်သို့ ပေလေးဆယ်ငါးဆယ် အထိရှိရာ ဘယ်သူမှ မပြေးသာတော့သဖြင့် အစုလိုက် အပြုံလိုက် မိသားစုများစွာကို သေကျေပျက်စီး ကြရလေသည်။

ပေလေးဆယ်ငါးဆယ်မြင့်သော အုန်းပင်များပေါ်သို့ တက်နေသော်မှ မလွတ်နိုင်တော့ပေ။

နာဂစ်မုန်တိုင်းပြီးနောက် မြစ်ဝကျွန်းပေါ် နေရာအတော်များများသို့ ကျွန်တော် ရောက်ခဲ့ပါသည်။

နေရာများမှာ မီးလောင်ပြင်ကဲ့သို့ ပြောင်တလင်း ခါနေပြီး ဘာမှမကျန်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



[illegible]နှင့် ကျွဲနွားစသော သတ္တဝါ အသေကောင် [illegible] နေရာအနံ့ တွေ့ခဲ့ရသည်။

ညအချိန်ရောက်လာလျှင် "ကယ်ပါယူပါ" ဟူသော [illegible] အော်ဟစ်အကူအညီတောင်းသောအသံများ ကြားရခြင်း၊ မီးရောင်များ မြင်တွေ့ရခြင်း၊ အချို့ မီးရောင်မှိန်မှိန်ဖြင့် များစွာသော လူအုပ်တို့မှာ တစ်နေရာမှတစ်နေရာ သွားလာနေကြသည်။

ညအချိန် ထိုနေရာများမှ လှေဖြင့်ဖြတ်သွားလျှင် ကမ်းပေါ်မှ လူအုပ်ကြီး ဆင်းလာပြီး အတင်းလှမ်းခေါ်ခြင်း၊ အချို့ အမှောင်ထဲမှာပင် . . ဥဒဟို သွားလာနေကြသော မည်းမည်း သဏ္ဌာန်များ မြင်ရခြင်း။ ကလေးငိုသံ၊ ခွေးဟောင်သံ၊ လူများ၏ ကယ်ပါယူပါ အော်ဟစ်သံများကို ကြားရခြင်း၊ အချို့နေရာများမှာ တစ္ဆေသရဲများ ခြောက်လှန့်နှောင့်ယှက်သဖြင့် ထိတ်လန့်သေဆုံးရသော အဖြစ်အပျက်မျိုးစုံတို့ကို တွေ့ခဲ့မြင်ခဲ့ရသည်။

ကျွန်တော်တို့ ငယ်ရွယ်စဉ် (၁၉၅၀)ခုနှစ် ရှေ့ပိုင်းကာလများက မိဘများနှင့်အတူ ထိုနေရာများသို့ မကြာခဏ လာရောက်ခဲ့ဖူးပါသည်။

ထိုအချိန်က မျက်စိတဆုံး မှိုင်းညို့လျက်ရှိသော သစ်တောကြီးများကို ယခုသွားသောအခါ ပြန်လည်မြင်ယောင်နေမိပါသည်။

သို့သော်လည်း အတွေးပုံရိပ်ထဲမှ ထိုမြင်ကွင်းများ ပျောက်ကွယ်သွားသောအခါ ဟင်းလင်းပြင်ဖြစ်နေသည့် လယ်





ကွင်းများကို မြင်နေပေတော့သည်။

ဘာမှ မတတ်နိုင်တော့ပါချေ။

ပြင်စလူကျွန်းကြီး တစ်ဝိုက်မှာ အခြားကျွန်းငယ်များက ဝန်းရံလျက်ရှိနေကြသည်။

ထိုအထဲတွင် မှော်ဇာကျွန်း၊ ကညင်ပင်ကျွန်း၊ ထိန်ပင်ကျွန်းနှင့် ဘီလူးမဂယက်ကျွန်းတို့လည်း အပါအဝင် ဖြစ်ကြလေသည်။ (ထိုအမည်များမှာ လွဲပြောင်းရေးသားသော အမည်များ ဖြစ်ပါကြောင်း၊)

နောက်ပိုင်းမှာတော့ ထိုကျွန်းများပေါ်မှာ ရွာများလာရောက်တည်သောအခါ ကျွန်းအမည်များကိုပင်ယူပြီး မှော်ဇာရွာ၊ ကညင်ပင်ရွာ၊ ထိန်ပင်ကုန်းရွာ၊ ဘီလူးမဂရက်ရွာဟုပင် အလွယ်တကူခေါ်ဝေါ် အသုံးပြုကြသည်။

ပြင်စလူကျွန်းကြီးနှင့် အနီးဆုံးတွင် မှော်ဇာကျွန်း ရှိသည်။ နောက်ပိုင်းမှာတော့ ထိုကျွန်းပေါ်မှာ လာရောက်နေထိုင်ကြသူများ စုဝေးပြီး ရွာဖြစ်လာသည်။

(၁၉၅၀)ခုနှစ် ရှေ့ပိုင်းကာလများက ထိုကျွန်းများပေါ်မှာ ဒီရေသစ်တောများ ရှိနေသေးသည်။ ထိုသစ်တောများကို အမှီပြုပြီးနေကြသော တောတိရစ္ဆာန်များလည်း ရှိကြသည်။

ပထမတော့ ထိုကျွန်းများပေါ်သို့ အမဲလိုက်မုဆိုးတို့ ရောက်လာကြသည်။

ဒရယ်၊ ဆတ်၊ တောဝက်၊ မျောက်စသည်တို့ကို ဖမ်းဆီးသတ်ဖြတ်ပြီး ရောင်းချကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မုဆိုးများက လှေများဖြင့် လာရောက်ကာ သားကောင်ဖမ်းကြသော်လည်း နောက်ပိုင်းတော့ ကျွန်းပေါ်မှာပင် တဲများထိုးပြီး နေထိုင်ကြသည်။ မပြန်တော့ပေ။

ရောက်စကတော့ တစ်ဦးစ နှစ်ဦးစပင်ဖြစ်၏။

နောက်တော့ ငါးပုစွန်ရှာဖွေသော တံငါများပါ ရောက်လာကြသောကြောင့် ရွာဖြစ်လာသည်။

မူလနေရပ်သို့ မပြန်တော့ပဲ ထိုနေရာမှာပင် နေတော့မည်ဟု ဆုံးဖြတ်သောအခါ မိမိနေသောနေရာကို ပြုပြင်ကြသည်။

သီးသန့်ဖြစ်အောင် အတားအဆီး အကာအရံ ပြုလုပ်ကြသည်။

အချို့ကလည်း မိမိအိမ် နောက်ဘက်တွင် မြေကွက်များ ရှင်းလင်းပြီး အသီးအနှံများ စိုက်ပျိုးကြသည်။

ရေငန်အရပ်မှာဖြစ်သော အမဲသား ငါးပုစွန်ပေါသော်လည်း အသီးအရွက်ကတော့ ရှားသည်။

ထို့ကြောင့် တစ်ပင်ဖြစ်၊ နှစ်ပင်ဖြစ် စိုက်ပျိုးရင်းမှ ဥယျာဉ်ခြံလေးများ ပေါ်ပေါက်လာသည်။

ပထမတော့ ကျွန်းပေါ်မှာ တစ်ဦးနှစ်ဦးလောက်သာ ရှိသော်လည်း နောက် တစ်ယောက်ပြီးတစ်ယောက် ရောက်လာပြီး တဖြည်းဖြည်းများလာရာ တဲအိမ်(၂၀)ခန့် ဖြစ်လာတော့သည်။

ရွာဖြစ်လာပြီဆိုတော့ ရွာကိုအုပ်ချုပ်ဖို့ လူကြီးလိုလာ





သည်။

သူတို့ရွာအတွက် လူကြီးရွေးသောအခါ ထွေထွေထူးထူး စဉ်းစားစရာ မလိုပဲ၊ ကျွန်းပေါ်သို့ ပထမဆုံး စတင်၍ လာရောက်နေထိုင်သော မုဆိုးတာတေတို့ လင်မယားကိုပင် ရွာလူကြီး(သူကြီး)အဖြစ် တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ကြလေသည်။

မုဆိုးတာတေက အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိပြီး အသားမည်းမည်း၊ ခန္ဓာကိုယ် ကြီးမားတုတ်ခိုင်သူဖြစ်သည်။

ကွမ်းမပြတ်စားသဖြင့် ကျိုးတိုးကျဲတဲ ဖြစ်နေသော သွားများက မည်းနက်နေပြီး နီကြောင်ကြောင် ဆံပင်တို့ မျက်နှာပေါ် အထိကျနေသည်။

မျက်လုံးတစ်ဖက် စွေနေသည့်အပြင် မျက်နှာကလည်း ခက်ထန်ကြမ်းတမ်းလှသည်။

ပိုးလောင်းနှင့် ခြင်များပေါသည့် နေရာဖြစ်သော်လည်း အပေါ်အင်္ကျီဝတ်လေ့မရှိပဲ ကျောပြောင်ဖြင့်သာ အနေများသည်။

သူ့မိန်းမ မနီလေးမှာ အသက်(၃၀)ကျော်မျှသာ ဖြစ်သော်လည်း မုဆိုးတာတေကဲ့သို့ပင် စိတ်ကြမ်း၊ လူကြမ်းနှင့် စရိုက်ကြမ်းသူ ဖြစ်သည်။

တစ်သက်လုံး ခေါင်းမလျှော်၊ ဆီမလိမ်းပဲထားသော နီကြောင်ကြောင်ဆံပင်ကို ဖြစ်သလို ထုံးထားသောကြောင့် မျက်နှာပေါ်သို့ အချို့ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားက မည်းရသည့်အပြင် ဘယ်သောအခါမှ မျက်နှာပေါ်မှာ သနပ်ခါးလိမ်းလေ့ မရှိပေ။

ပါးစပ်ထဲမှာ ကွမ်းအမြဲ ထည့်ထားလေ့ရှိသဖြင့် သွားများက မည်းနေသော်လည်း ပါးစပ်ကတော့ သွေးစွန်းထားသကဲ့သို့ အမြဲနီရဲလျက်ရှိသည်။

အပေါ်အင်္ကျီ ဝတ်လေ့မရှိပဲ ထဘီရင်ရှားဖြင့်သာ နေလေ့ရှိသည်။

တာတေနှင့် မနီလေးတို့ လင်မယားက ရုပ်ချင်း၊ စိတ်ချင်း တူသလို စရိုက်ချင်းကလည်း တူကြလေသည်။

တာတေက တောထဲမှာ အမဲလိုက်သည်။

ပထမတော့ ၎င်းတို့နေသော မှော်ဇာကျွန်းပေါ်မှာပင် သားကောင်ရသည်။

ဆတ်၊ ဒရယ်၊ တောဝက်၊ မျောက်၊ ဖွတ်၊ သင်းခွေချပ် စသော တောတိရစ္ဆာန်များကို ဖမ်းဆီးရသည်။

တာတေက အမဲလိုက်ရာမှာ ဒူးလေးတစ်လက်ဖြင့် တောထဲထွက်လိုက်သည့်အခါ လိုက်သည်။

ကျော့ကွင်း၊ သုတ်ကိုင်း၊ ထောင်ချောက်များထောင်၍သော်လည်းကောင်း ဖမ်းဆီးတတ်သည်။

တစ်ခါတစ်ရံလည်း ထောင်ချောက်များချထားရင်းနှင့် အခြားနေရာများထွက်ပြီး အမဲလိုက်တတ်လေသည်။

သူ့မှာအမဲလိုက်ရန်အတွက် မွေးထားသော ခွေးသုံးကောင် ရှိသည်။





အမဲလိုက်ခွေးကြီးများမှာ အကောင်အရွယ်အစားကြီးကြီး အားကိုးရသောခွေးများ ဖြစ်သည်။

ခွေးသုံးကောင်တို့မှာ ပန်းခွေးနှစ်ကောင်နှင့် ဖြတ်ခွေးတစ်ကောင်ဖြစ်သည်။

ပန်းခွေး(လိုက်ခွေးဟုလည်းခေါ်သည်) နှစ်ကောင်က သေးပြီး ဖြတ်ခွေးက အတော်ကြီးသည်။

ပန်းခွေးဟု ခေါ်သော လိုက်ခွေးနှစ်ကောင်က တောထဲဝင်ပြီး သားကောင်အနံ့ခံကာ လိုက်လံရှာဖွေရသည်။

သားကောင်တွေ့ပါက နောက်မှလိုက်ပြီး အချက်ပေးရသည့် တာဝန်ဖြစ်သည်။

ထိုအချိန်မှာ ဖြတ်ခွေးက သခင့်အနားမှာပဲ ရှိနေသည်။

လိုက်ခွေးများ၏ အသံကြားတော့မှ ဖြတ်ခွေးက တစ်နေရာမှ စောင့်ပြီး ပြေးလာသော သားကောင်ကို ဖမ်းဆီးသည်။ အနံ့နှစ်ကောင်က သားကောင်တွေ့အောင်ရှာပြီး မောင်းပေးသော မောင်းပေးသည်။ တကယ် သားကောင်ဖမ်းဆီးရသည်က ဖြတ်ခွေးတာဝန်သာ ဖြစ်သည်။

ဖြတ်ခွေးသည် တောကျွမ်းသော မုဆိုးပင် ဖြစ်၏။

လိုက်ခွေးများ ဟောင်သံကြားရုံနှင့် သားကောင်ဘယ်ဘက်ကို ဦးတည်ပြေးနေသည်။ ဘယ်ဘက်က လာနေသည်ကို အတပ်သိသည်။

ထို့ကြောင့် အချက်ပေးသံကြားသော်လည်း ထိုနေရာဘက်သို့ သွားချင်မှ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံကြားတာက တစ်နေရာ၊ သူပြေးထွက်သွားသည်က တစ်နေရာ ဖြစ်ချင်ဖြစ်သော်လည်း သားကောင်ကိုတော့ ဖမ်းမိလေ့ရှိသည်။

သူနှင့်တွေ့လျှင်တော့ သားကောင်ခမျာ ပြေးမလွတ်နိုင်တော့ပေ။

ဖြတ်လမ်းမှ စောင့်ပြီး သားကောင်ဖမ်းသဖြင့် ဖြတ်ခွေးပန်းခွေးဟု ခေါ်ဝေါ်ကြခြင်း ဖြစ်၏။

မုဆိုးတာတေက တောထဲသို့ အမဲလိုက်ထွက်လျှင် သူ့ခွေးသုံးကောင်ကိုပါ အမြဲခေါ်သွားလေ့ရှိသည်။

တောထဲမှာ ဂျီ၊ ဒရယ်၊ တောဝက်စသော သတ္တဝါများလိုက်ရသည်ထက် မျောက်ကိုပစ်ရတာ ခက်သည်။

ရှေးအခါက မြစ်ဝကျွန်းပေါ် သစ်တောများထဲမှာ မျောက်မျိုးစုံ ရှိကြသည်။

အများဆုံးကတော့ မျောက်ညို၊ မျောက်မောင်းမနှင့် မျောက်လွဲကျော်တို့ဖြစ်သည်။

မျောက်ပစ်ရသည်မှာ မလွယ်လှပေ။

လူမရောက်ခင်မှာ သစ်ပင်များပေါ်မှာ အော်သံများကြားရသော်လည်း သစ်ပင်အောက်သို့ ရောက်သောအခါ တစ်ကောင်မှ မမြင်ရတော့ပေ။

သစ်ပင်အောက်၌ မုဆိုးရောက်လာပါက အခြားသစ်ပင်များသို့ ကူးပြေးလျှင် ပြေးသည်။

ဟိုးသစ်ပင် အမြင့်ဖျားသို့ တက်ပြေးလျှင် ပြေးသည်။





ပြေး၍မလွတ်ပါက သစ်ရွက်သစ်ကိုင်းများကို ဖင်ခုထိုင်၍ သော်လည်းကောင်း၊ သစ်ရွက်သစ်ကိုင်းများ၊ သစ်ခေါင်းများအတွင်း၌ ဝင်ပုန်းနေသောကြောင့် အောက်မှကြည့်လျှင် မမြင်ရတော့ခြင်း ဖြစ်၏။

သို့သော်လည်း ကျွမ်းကျင်သော မုဆိုးများက သစ်ကိုင်း၊ သစ်ရွက် အခြေအနေကို ကြည့်ရှုဖြင့် မျောက်ဘယ်နေရာမှာ ရှိသည်ကို သိသည်။

ထိုအခါ အောက်မှ မြားဖြင့် ပစ်ချသည်။

အချို့ မျောက်များမှာ မြားထိသော်လည်း အောက်သို့မကျပေ။ ထို့ကြောင့် အဆိပ်မြား သုံးတန်သုံးရသည်။

အချို့မျောက်များမှာ အသက်သေသွားသော်လည်း သစ်ကိုင်းကို မလွတ်တမ်း ဖက်ထားသဖြင့် ကျမလာသောကြောင့် နေခဲ့သည်မျိုးလည်း ရှိလေသည်။

တာတေမှာ မျောက်သွေးသောက်ခြင်းနှင့် မျောက်ချေးခါးဟင်း ချက်စားရသည်ကို များစွာနှစ်သက်သူ ဖြစ်သည်။

တစ်ခါက တောထဲမှာ မျောက်ပစ်ရင်းနှင့် ထူးဆန်းသော အဖြစ်အပျက်တစ်ခုနှင့် တွေ့ကြုံရသည်။

သူသည် ကနစိုပင်ကြီး တစ်ပင်အောက်မှနေပြီး သစ်ကိုင်းတစ်ကိုင်းပေါ်မှာ ပုန်းနေသည့် မျောက်တစ်ကောင်ကို မြားဖြင့်ပစ်ချရန် ချိန်ရွယ်နေ၏။

ထိုအခိုက်မှာပင် သူ့နောက်ဘက်မှ တောတိုးလာသော ခြေသံများ ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ခုတ်သမားများ ဝတ်ဆင်လေ့ရှိသည့် မဒမ သစ်ခေါက်ဆိုးအင်္ကျီနှင့် လုံချည်ကို ဝတ်ထားသော လူကြီးတစ်ယောက်ကို တွေ့ရသည်။

"မျောက်ပစ်နေတာလား"

မနီးမဝေး ရောက်လာတော့ သူကမေးသည်။

"ဟုတ်တယ်"

"အဲဒီ သစ်ပင်ပေါ်က မျောက်ကို မပစ်ပါနဲ့လား၊ ပစ်လို့ သူသေသွားရင်လည်း မင်းစားရမှာမှ မဟုတ်တာ"

"ဘာဖြစ်လို့လဲ"

"သစ်ကိုင်းပေါ်မှာ ပုန်းနေတာ သားပေါက်ပြီးကာစ မိခင်မျောက်မပဲ၊ ဒီတော့ မပစ်သင့်ဘူး၊ ဒီလိုမျောက်မျိုးက မြားထိရင်လည်း သူ့သားအောက်ကို ပြုတ်ကျမှာစိုးလို့ သစ်ကိုင်းကို ဖက်ထားတာကြောင့် အောက်ကျလာမှာ မဟုတ်ဘူး၊ ဒါကြောင့် သူသေလည်း မင်းစားရမှာ မဟုတ်ဘူး"

တာတေက အမဲပစ်ကာနီး စပ်စပ်စုစု လာပြောနေသော ထိုလူကြီးကိုကြည့်ပြီး စိတ်တိုသွားသည်။

"ကျရင်ကျ မကျရင်နေ၊ ခင်ဗျားအပူ မပါပါဘူး . ."

ဟု ခပ်တိုတိုပြောပြီး သစ်ကိုင်းပေါ်မှ သစ်ရွက်များကာလျက် ပုန်းနေသောမျောက်ကို မြားဖြင့်ပစ်သည်။

မြားဖြတ်သွားသော 'ဝှစ်'ခနဲအသံနှင့်အတူ သူပစ်လိုက်သော မြားက ပစ်မှတ်ကို ထိသွားဟန် ရှိသည်။

အဆိပ်လူးသောမြားဖြင့် ပစ်သဖြင့် ကြာကြာခံမည်





မဟုတ်ပဲ သစ်ပင်ပေါ်မှ ပြုတ်ကျလာမည်ဟု စောင့်နေသည်။

မျောက်များက သာမန် မြားဖြင့် ပစ်ပါက ရုတ်တရက် မကျသော်လည်း အဆိပ်လူးမြားဖြင့် ထိပါက ချက်ချင်းပြုတ်ကျလေ့ရှိသည်။

သို့သော် သူထင်သလိုတော့ ဖြစ်မလာပေ။

သစ်ပင်ပေါ်မှ သွေးစက်များသာ ကျလာပြီး မျောက်ကတော့ မကျလာပေ။

ထိုမျောက်မှာ မျောက်မတစ်ကောင်ဖြစ်ပြီး သားပေါက်ပြီးကာစ ဖြစ်သည်။

သားပေါက်ကလေးကို နို့တိုက်နေစဉ် သစ်ပင်အောက်မှ ရန်သူရောက်လာသဖြင့် သစ်ရွက်များကြားမှာ ဝင်ပုန်းနေသည်။ အောက်က မြားဖြင့်ပစ်သောအခါ သူ့ကို ထိသည်။

အဆိပ်မြားဖြစ်သဖြင့် ပြုတ်ကျတော့မည့် အခြေအနေမှာပင် ရင်ခွင်ထဲမှ နို့စို့နေသောသားကို အန္တရာယ်ဖြစ်မည် စိုးသောကြောင့် သစ်ကိုင်းကို တအားဖက်ထားရင်းဖြင့် သေသွားလေသည်။

တာတေကတော့ သူပစ်သော မြားထိလျှင် ကျမည်ဟု မျှော်လင့်ပြီး စောင့်နေသော်လည်း မကျတော့သဖြင့် စိတ်ပျက်လက်ပျက် ဖြစ်သွားလေသည်။

သူ့နောက်မှာ ရပ်နေသော ထိုလူကြီးဘက်လှည့်ပြီး ပြောလိုက်သည်။

"ခင်ဗျားပြောတာမှန်တယ်၊ ကျမလာတော့ဘူး၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း အချိန်ကုန်ခံပြီး စောင့်မနေတော့ပါဘူး၊ နောက်တစ်ကောင် သွားပစ်ရင် ဒီ့ထက် မြန်မှာပေါ့”

တာတေမှာ ကရင်သွေးပါသူတစ်ယောက်မို့ စိတ်မြန်လက်မြန်ဖြင့် ထိုနေရာမှ ထွက်သွားလေသည်။

နောက်မှာ ရပ်နေသော ထိုလူကြီးကတော့ နေရာမှာပင် ရပ်လျက်သား ကျန်ခဲ့လေသည်။

မနီးမဝေးရောက်မှ စိတ်ထဲမှာ မသင်္ကာသဖြင့် သစ်ပင်ကွယ်သို့ ဝင်ရပ်လိုက်ပြီး နောက်ဘက်မှ အခြေအနေကို ချောင်းကြည့်လေသည်။

သူ ထွက်သွားပြီးတော့ ထိုလူကြီးက သွေးစက်များ တပေါက်ပေါက်ကျနေသော သစ်ပင်အောက်သို့သွားကာ ကျနေသော သွေးစက်တို့ကို လက်ဖြင့်ခံထားလေသည်။

စိတ်ဝင်စားသဖြင့် ဆက်ကြည့်နေစဉ်မှာပင် သစ်ပင်ပေါ်မှ တစ်စုံတစ်ခု ပြုတ်ကျလာကာ သူ့လက်ပေါ်သို့ ရောက်လာလေတော့သည်။

“ဟင်. . .”

အခြားမဟုတ်ပေ။

အဆိပ်လူးမြားထိပြီး သေဆုံးနေပြီဖြစ်သော မျောက်မပင် ဖြစ်တော့သည်။

ရင်ခွင်ထဲမှာတော့ ကြောက်လန့်တကြားနှင့် အမေကိုဖက်ထားရင်း မျက်လုံးအပြူးသားဖြင့် ကွိကွိကွကွ အော်နေသော မျောက်သားငယ်တစ်ကောင် ရှိသည်။





ထိုလူကြီးက စိုက်ဝင်နေသော မြားတံကို ဆွဲနှုတ်လိုက်ပြီး ချိုးဖွဲ့ကာ လွှင့်ပစ်လိုက်သည်။

ပြီးမှ အနီးအနားမှာ ရှိနေသော သစ်ပင်မှ သစ်ရွက်အချို့ကို ခူးယူပြီး မြားဒဏ်ရာပေါ်သို့ အရည်ညှစ်ချပေးနေသည်။

အတန်ကြာတော့မှ ပြောသည်။

“ထဟဲ့. . ထ. . နင့်ဒဏ်ရာပျောက်ပြီ၊ သွားလိုရာ သွားပေတော့”

ဟု ပြောပြီး မျောက်မကို လက်ဖြင့် သုံးချက်ပုတ်လိုက်ရာ မြားဆိပ်တက်ပြီး သေနေသော မျောက်မမှာလှုပ်ရှားလာလေတော့သည်။

ပြီးနောက် ကွိကွိကွကွ အော်လျက် သားငယ်ကို ပွေ့ယူပြီး တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားလေတော့သည်။ မျောက်ကို ဆေးကုပေးသော ထိုလူကြီးလည်း နေရာမှ ထွက်သွားလေတော့သည်။

သစ်ပင်အကွယ်မှ အခြေအနေကြည့်နေသော တာတေမှာသာ မျက်လုံးအပြူးသားဖြင့် တအံ့တဩဖြစ်ရင်း ကျန်နေခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

# မျောက်သားစားလိုလျှင် မျောက်မျက်နှာကိုကြည့်ပါ

မျော်ဇာကျွန်းပေါ်သို့ တာတေတို့ လင်မယား စတင်ရောက်လာစဉ်က လူမရှိသေးပေ။

သူတို့နေပြီး နောက်ပိုင်းရောက်လာတော့ မုဆိုးများ သားငါးရှာဖွေသူများ ရောက်လာကြရာမှ တဖြည်းဖြည်းနှင့် လူဦးရေ များလာလေတော့သည်။

သူတို့သည် မြောက်ဘက်ကမ်းခြေတစ်လျှောက် မြစ်ကမ်းနှင့် မနီးမဝေးနေရာမှာပင် ရွာတည်ပြီး နေထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ပျံ့ကျဲ သင့်သလို နေကြသော်လည်း . . နေမည့်သူ များလာသောအခါ ကိုယ့်တဲကိုယ့်အိမ်မှစပြီး ခြံဝန်းကလေးများ ပြုလုပ်လာကြသည်။

ရွာလူကြီးကိုလည်း ထိုနေရာသို့ အရင်ဆုံးရောက်လာသော တာတေကိုပင် လုပ်ခိုင်းကြသည်။

တစ်နေ့တော့ တာတေက ရွာမှာ နေကြသူများကို အားလုံးခေါ်ပြောသည်။

"ခင်ဗျားတို့က လူကြီးတင်တော့လည်း လုပ်ရမှာပေါ့၊ လူကြီးလုပ်တယ်ဆိုတာလည်း နောက်ကလူများမှ ပိုကောင်းတာ၊ အခု ကျုပ်တို့နေတဲ့နေရာမှာ တဖြည်းဖြည်းနဲ့ လူများလာပြီ၊ ဒီတော့ ရွာနာမည် ပေးကြရမယ်"

"ကိုတာတေက ရွာလူကြီးဆိုတော့ ခင်ဗျားပဲပေါ့"

"ခင်ဗျားတို့ အရင်ပြောပါဦး"

"ဟိုတုန်းက ဒီကျွန်းက သရဲအလွန်ခြောက်တယ်၊ ဒါကြောင့် သရဲချောင်းရွာလို့ပေးရင် မကောင်းဘူးလား"

"မကောင်းပါဘူး၊ တော်ကြာ သရဲတွေပဲ နေတယ်လို့ ထင်ကြမှာပေါ့"

"ဟိုဘက်မှာ ဘီလူးမဂယက်ရှိတယ်၊ ဒီတော့ ဒီဘက်ရွာကို ဘီလူးမပေါင်တိုလို့ပေးရင် ပိုမကောင်းဘူးလား"

"တစ်ခုမှ မကောင်းဘူး၊ ကြောက်စရာ ကောင်းတာတွေချည်းပဲ တခြားနေရာတွေမှာ ကိုယ်နေတဲ့ကျွန်းကိုပဲ ရွာအမည်ပေးကြတယ်၊ ကျုပ်တို့လည်း မှော်ဇာကျွန်းပေါ်မှာ နေကြတာဆို





တော့ မှော်ဇာရွာလို့ပဲပေးရင် မကောင်းဘူးလား"

"ကောင်းတယ်၊ ကောင်းတယ်"

"ရွာအမည်ရပြီဆိုတော့ ဒီနေရာနဲ့ ပတ်သက်တဲ့အကြောင်းကို နောက်မှ ရောက်လာတဲ့ သူတွေသိအောင် ကြိုပြောထားရမယ်၊ ဒီကျွန်းတွေ နေရာတွေက နယ်မြေကြမ်းတယ် အမှားအယွင်း မခံဘူး"

"ဘာတွေ မလုပ်ရဘူးဆိုတာ ပြောပြပါဦး"

"ဒီနယ်မှာ ဦးရှင်ကြီးနတ်၊ အဘိုးနတ်၊ ကွင်းပိုင်ကြီးတွေ ရှိတယ်၊ ရွာအနေနဲ့ တစ်ခါတစ်ခါ ဆွမ်းတင်ရမယ်၊ ထမင်းဦး ဟင်းဦးတွေ မြှောက်ကြရတယ်၊ သူတို့မကြိုက်တဲ့ အမှားအယွင်း လုပ်မိရင်တော့ သေမှာပဲ"

"ကျုပ်တို့ သတိထားပါ့မယ်"

"အရေးကြီးတာက ဒီရွာမှာ နေကြတဲ့ သူတွေအားလုံးဟာ တစ်ယောက်မှ သူတော်ကောင်း မပါဘူး၊ မုဆိုးနဲ့ တံငါတွေချည်းပဲဆိုတော့ တိရစ္ဆာန်တွေရဲ့ အသက်ကိုသတ်ပြီး အသက်မွေးကြရတယ် မဟုတ်လား"

"မှန်ပါတယ်"

"ဒီတော့ ကိုယ့်အလုပ်နဲ့ သက်ဆိုင်တဲ့ အလုပ်တွေပဲလုပ်၊ မဆိုင်တဲ့ အလုပ်တွေလုပ်တာ မကြိုက်ဘူး၊ ကျုပ်လည်း မကြိုက်ဘူး၊ ဒီမှာရှိတဲ့ ပုဂ္ဂိုလ်အချို့ကလည်း မနှစ်သက်ကြဘူး"

"ဘာတွေများလည်း ပြောပြထားပါဦး"

"ဒီနေရာတွေမှာက အဘိုးနဲ့ ဦးရှင်ကြီး နတ်တွေရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် တကယ်လက်တွေ့ အကူအညီပေးနေတာက ကွင်းပိုင်ကြီးပဲ"

ထိုစကားကို စိတ်ဝင်စားကြသည်။

"သူ့နာမည်က မဲကျော်တဲ့၊ တင်မြှောက်တဲ့နေရာမှာ ကွင်းပိုင်မဲကျော်အတွက်ဆိုပြီး တစ်ပွဲပေးရတယ်"

"သူ့ကို ဘာတွေနဲ့ တင်မြှောက်ရမှာလဲ ကိုတာတေ"

"ထမင်းဦးပေါင်း၊ ဘဲဥ၊ ကြက်သား၊ အမဲသားဟင်း၊ အရက်နဲ့ တင်မြှောက်ရတယ်၊ ကွမ်းဆေးလက်ဖက်လည်း ထည့်ချင်ထည့်ပေါ့"

"ဟုတ်ပါပြီ၊ သူ မကြိုက်တာတွေက ဘာတွေလဲ"

"ဘုရားစာ၊ တရားစာ ရွတ်တာတွေ မကြိုက်ဘူး၊ သူ့ကို မနေနိုင်အောင် လုပ်တယ်ဆိုပြီး သတ်ပစ်တာတွေရှိတယ်"

"သူ့ပိုင်နက်မှာ လာနေမှတော့ သူမကြိုက်တာတွေ မလုပ်ဝံ့ပါဘူးဗျာ၊ ပြောရရင်တော့ ကျုပ်တို့က ဖြစ်သလို လာနေကြတာဆိုတော့ တဲမှာ ဘုရားစင်လည်း မရှိပါဘူး၊ ဘုရားစာလည်း ဘာမှမရပါဘူး"

"အေး. . ဒီလိုဆိုရင်တော့ ဒီကျွန်းမှာ နေလို့ဖြစ်တယ်၊ ကျုပ်ပြောတာကို မယုံလို့ စမ်းကြည့်တာမျိုးလုပ်လို့ တစ်ခုခုဖြစ်ရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ"

ဟု တာတေက ရွာလူကြီးတစ်ယောက် အနေဖြင့် ပြောသင့်သည်များကို ပြောပြထားလေသည်။

သူတို့ လင်မယားကတော့ စိတ်ကြမ်း၊ လူကြမ်း၊ စရိုက်





ကြမ်းတာချင်းပါတူသည်။

တောထဲမှာ ကျော့ကွင်း ထောင်ချောက်တို့ဖြင့် ဖမ်းဆီးရာမှ ဂျီ၊ ဒရယ်၊ တောဝက်စသော သတ္တဝါများ ဖမ်းမိလာလျှင် အိမ်မှာ ကြိုးဖြင့်ချည်ထားသည်။

ရောင်းချတော့မည့် အချိန်နီးတော့မှ သတ်ပြီးရောင်းသည်။ အကောင်ကြီးလျှင် တာတေကိုယ်တိုင်သတ်ပြီး အကောင်ငယ်ပါက မနီလေးကိုယ်တိုင် သတ်ဖြတ်သည်။

မျောက်၊ ဖွပ်၊ သင်းခွေချပ်တို့ကို သတ်ဖြတ်ရာမှာ မနီလေးက ကျွမ်းကျင်သည်။

တစ်နေ့. . တာတေက တောထဲမှ ပြန်ရောက်လာပြီး တဲပေါ်မှာထိုင်ပြီး အရက်သောက်နေသည်။

မနီလေးက ဖမ်းမိလာသော မျောက်တစ်ကောင်ကို သတ်ဖြတ်ရန် ပြင်ဆင်နေသည်။

မျောက်ကို ခါးမှ ကြိုးချည်ထားသည်။

အချိန်က နေဝင်ရီတရောအချိန် ရောက်နေပြီ၊

ထမင်းမစားရသေးသောကြောင့် မျောက်သားဟင်း ချက်စားရန် ပြင်ဆင်နေကြခြင်း ဖြစ်၏။

"ကိုတာတေ မျောက်သွေး ယူဦးမလား"

သတ်ကာနီးတော့ မနီလေးက လှမ်းမေးလိုက်သည်။

"ကောင်းတာပေါ့ဟာ၊ မျောက်သွေးနဲ့ အရက်ရောသောက်တော့ အားရှိတာပေါ့"

ထိုသို့ ပြောသည်နှင့် မနီလေးက တုတ်တစ်ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး ကြိုးချည်ထားသော မျောက်အနီးသို့ လျှောက်သွားသည်။

'မျောက်သားဟင်း စားချင်လျှင် မျောက်မျက်နှာကို အရင်ကြည့်ပါ' ဆိုသောစကားမှာ အလွန်မှန်သည်။

မျောက်သည် တောတိရစ္ဆာန် ဖြစ်သော်လည်း လူလောက်နီးပါးအထိ ဉာဏ်ရှိသော တိရစ္ဆာန်မျိုး ဖြစ်သည်။

သူ့ကို သတ်ဖြတ်တော့မည်မှန်း သိသောအခါ သနားစဖွယ်ကောင်းသော မျက်နှာငယ်ကလေးဖြင့် မော့ကြည့်ပြီး 'ကွိကွိကွကွနှင့် ပြောဆိုရေရွတ်ကာ မနီလေးကို တောင်းပန်နေဟန်ရှိသည်။ မနီလေးကတော့ ဘာမှဂရုမစိုက်ပေ။

မျောက်သားဟင်း မြန်မြန်ချက်ပြီး ထမင်းမြန်မြန်စားရဖို့သာ စိတ်စောနေသည်။

သူ အနားရောက်လာတော့ ခါးကို ကြိုးချည်ထားသောကြောင့် မပြေးနိုင်သောမျောက်က လှည့်ပတ်ပြေးနေသေးသည်။ သို့သော် ဝေးဝေးမပြေးနိုင်ပါချေ။

မနီလေးက အနီးရောက်လာသောအခါ လက်ထဲမှ တုတ်ဖြင့် မျောက်ခေါင်းကို ရိုက်ချလိုက်ရာ တစ်ချက်သာ အော်နိုင်ပြီး ဆန့်ငင်ဆန့်ငင်ဖြစ်ကာ ငြိမ်ကျသွားသည်။

သို့သော် မျက်လုံးက အပြူးသား ဖြစ်နေပြီး သွားများက ဖြီးနေသည်။

မနီလေးက ကြိုးဖြတ်ယူလာပြီး လည်ပင်းကို ဓားဖြင့် လှီးကာ ရေခွက်ဖြင့် သွေးခံယူသည်။

ရေခွက်တစ်ဝက်ခန့် ရသောအခါ အရက်သောက်နေ





သော တာတေကို သွားပေးလိုက်ရာ တောအရက်နှင့် မျောက်သွေးကို ရောစပ်ပြီး သောက်နေပြန်သည်။

"ချေးခါးဟင်း ချက်နော်"

"အင်းပါ"

ချေးခါးဟင်းဆိုသည်မှာ မျောက်ခန္ဓာကိုယ်ထဲမှာရှိသည့် အူနှင့်ချေးအိတ်တို့ကို မထုတ်ပယ်တော့ပဲ ရောနှောချက်ခြင်းမျိုး ဖြစ်သည်။ တောတွင်းမှာ အနေများသော ကရင်လူမျိုးတို့ ချက်စားသောနည်းမျိုး ဖြစ်သည်။

မျောက်က အသီးအရွက် အစားများသောကြောင့် တောထဲမှာ လမုသီး၊ သမှည့်သီး၊ ကမွလာသီး သီးသောရာသီမျိုးတွင် ထိုအသီးများကို စားသဖြင့် အူထဲမှာ ပြည့်နေရာ ချေးခါးဟင်း ချက်သောအခါ ထိုသစ်သီးတို့ အချဉ်ဓါတ်များပါနေသောကြောင့် ပိုမိုအရသာ ရှိသည်ဟုတော့ ပြောကြသည်။

အချို့ကလည်း မျောက်က အသီးစုံ အရွက်စုံ စားသောကြောင့် ချေးခါးဟင်းချက်စားပါက ဆေးဖက်ဝင်သည်ဟုလည်း ဆိုကြလေသည်။

မနီလေးက မျောက်အသေကောင်ကို ကနစိုတုံးများဆည့်ထားသော မီးဖိုထဲမှာ အကောင်လိုက်ထည့်ပြီး မီးမြိုက်ရာ အမွေးများ ပြောင်သွားလေသည်။

ထိုအခါမှ ရေဆေးပြီး ခုတ်ထစ်ကာ ချက်ပြုတ်လေတော့သည်။ တောချက်အတိုင်း ဟင်းအိုးထဲသို့ ဆီနည်းနည်း ဆားငန်ပြာရည်၊ နနွင်း၊ ငရုတ်သီး ကြက်သွန်တို့ ရောမွှေထည့်



www.burmeseclassic.com

www.burmeseclassic.com



ဦး ခေါင်း ဆေးချက်ခြင်းဖြစ်သည်။

အသားများကို ခုတ်ထစ်ချက်သော်လည်း ခြေလက်နှင့် ဦးခေါင်းကိုတော့ အလုံးလိုက် ထည့်ချက်လေသည်။

အတန်ကြာသောအခါ ဟင်းအိုးထဲမှာ မျောက်လက်နှင့် ခြေထောက်များက အခြားအသားတုံးများကို ကိုင်လျက်သား ပေါ်လာသည်။

မျောက်ခေါင်းကတော့ မျက်လုံးဖွင့်နေရုံမက သွားများပါ ဖြီးနေသောကြောင့် ဟင်းချက်နေသည်ကို မကျေမနပ် မော့ကြည့်နေသကဲ့သို့ ရှိနေသည်။

မနီလေးကတော့ အခြားဘာမှ ဂရုမစိုက်ပဲ မီးဖိုနံဘေးမှာ ဆောင့်ကြောင့်ထိုင်ကာ ဆေးပေါ့လိပ်ကိုသာ တွင်တွင်ဖွာနေတော့သည်။

ခဏကြာတော့ အရက်သောက်နေသော တာတေက လှမ်းမေးလေသည်။

"ဟဲ့. . မနီ နင်ချက်တဲ့ မျောက်သားဟင်းက မကျက်သေးဘူးလား၊ ငါ ထမင်းဆာလှပြီ"

"စောစောကမှ မီးဖိုပေါ်တင်ကာ အခုမှ တစ်ပွက် နှစ်ပွက်ပဲ ဆူသေးတယ်၊ ဘယ်လိုလုပ် ကျက်ဦးမှာလဲ"

"တစ်ပွက်နှစ်ပွက်ဆူရင် ရပြီ ယူလာခဲ့တော့"

ဟု လှမ်းပြောသဖြင့် မနီလေးက ဘာမှ ပြန်ပြောမနေတော့ဘဲ သံဇလုံဖြင့် ထမင်းထည့်ပေးလိုက်သည်။

မီးဖိုပေါ်မှာပင် ရှိသေးသော ဟင်းအိုးထဲမှ မျောက်သား





ခေါင်းကို ဇလုံတစ်လုံးဖြင့် ခပ်ပေးလိုက်သည်။

ထိုပန်းကန်ထဲမှာ မျောက်ခေါင်းကိုပါ ထည့်ပေးလိုက်သည်၊ မျောက်ခေါင်းက သွားအဖြီးသား မျက်လုံးအပြူးသားဖြင့် ပါသွားလေသည်။

တာတေက အရက်မူးမူးဖြင့် မျောက်ခေါင်းကို ငုံ့ကြည့်လိုက်သည်။

ညဉ့်ဦးပိုင်း အချိန်ရောက်နေပြီ ဖြစ်သောကြောင့် အလင်းရောင်က သိပ်မရှိတော့ပေ။

မီးခွက်ထွန်းမထားပဲ မီးဖိုမှ မီးရောင်သာ ရှိသဖြင့် ဟင်းခွက်ကို ကောင်းစွာမမြင်ရပေ။

သူ ငုံ့ကြည့်သောအချိန်မှာ မျောက်မျက်နှာနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

မျောက်က မျက်လုံးပြူးနေပြီး သွားဖြဲပြနေသကဲ့သို့ မျက်နှာကိုမြင်တော့ မေးလိုက်သည်။

"ဘာလဲ သေတာတောင် ငါ့ကို မကျေမနပ် ဖြစ်နေတုန်းပဲလား"

ဟု ရေရွတ်ပြောဆိုရင်း မျောက်ခေါင်းကို ဆယ်ယူလိုက်သည်။ တာတေအနေဖြင့် မျောက်သားဟင်းချက်တိုင်း ဦးနှောက်ကို ဖောက်စားနေကျဖြစ်ရာ ယခုလည်း ဦးနှောက်ဖောက်ရန် ယူလိုက်ခြင်းဖြစ်သည်။

တကယ်တော့ မျောက်သားဟင်းက မကျက်သေးပေ။ မနူးသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အရေပြားတင်းရုံသာရှိပြီး အထဲက မကျက်သေးပေ။

"တော်. . ထမင်းစားကာနီး တောပိုင်ကွင်းပိုင်တွေကို စားဦးမမြှောက်ဘူးလား"

"မမြှောက်တော့ဘူးဟာ ထမင်းက ဆာနေပြီ၊ နောက်မှပဲ တောင်းပန်တော့မယ်"

ဟု ပြောပြီး မျောက်ခေါင်းကို ထိပ်နေရာမှ ဖောက်လိုက်လေသည်။

အကယ်၍ နူးနေပါက ဓားနှောင့်ဖြင့် ရိုက်ခွဲပါက အလွယ်တကူ ကွဲသွားသော်လည်း ယခုတော့ မကျက်သေးသဖြင့် မကွဲပေ။

"ကဲ. . ဟာ. . ကဲ. . ဟာ"

"ဒုတ်. . ဒုတ်"

ဓားနှောင့်ဖြင့် အကြိမ်ကြိမ် ထုခွဲသော်လည်း နေရာမယွင်းပေ။

"ဒင်းက အခုအချိန်ထိ ငါ့ကို အာခံချင်သေးတာကိုး၊ ဒီလောက်ရှိလှတာ ကိုင်းကွာ"

မျောက်ခေါင်းကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ဓားနှောင့်ဖြင့် ခပ်ပြင်းပြင်း ရိုက်ချလိုက်သည်။

"ဒုတ်. ."

ရိုက်ချလိုက်သည့် အရှိန်ပြင်းသောကြောင့် ဟင်းရည်ဖြင့် ချော်နေသော မျောက်ခေါင်းက လိမ့်ထွက်သွားပြီး အပေါ်သို့ မြှောက်တက်လာသည်။





တခြားနေရာသို့ လွင့်သွားခြင်းမဟုတ်ပဲ သူ့မျက်နှာဆီသို့ ဝဲတက်လာသဖြင့် ရှောင်ပေးလိုက်သည်။

သို့သော် မလွတ်တော့ပေ။

လည်ပင်းသို့ လာရောက် ထိမှန်လေသည်။

"အား. . ."

တာတေ၏ အသံနက်ကြီးဖြင့် အော်လိုက်သံကြောင့် ဖိုခန်းဘေးမှာ ရှိနေသော မနီလေးက ထလာသည်။

"ဘာဖြစ်တာလဲ"

"ငါ့ကို မျောက်ကိုက်လို့ လုပ်ပါဦးဟ"

"ဟင်. . ."

တအံ့တသြဖြင့် ကြည့်လိုက်တော့ တာတေလည်ပင်းမှာ မျောက်ခေါင်းက တန်းလန်းကြီး ဖြစ်နေသည်။

စောစောက ပါးစပ်ဟနေပြီး သွားဖြီးပြနေသကဲ့သို့ ဖြင်နေသော မျောက်ပါးစပ်က တာတေလည်ပင်းနှင့် သွားရောက်ထိမှန်သောအခါ ပါးစပ်ပြန်စေ့သွားလေတော့သည်။ ယခုအချိန်မှာ သွားများက လည်ပင်းကို ကိုက်မိလျက်သား ဖြစ်နေတော့သည်။

"ဒါကြောင့် ပြောတာပေါ့၊ ထမင်းဦးဟင်းဦးကို ကွင်းပိုင်တောပိုင်တွေကို တင်မြှောက်ပြီးမှ စားပါဆိုတာကို မလုပ်တော့ အခုလို ဖြစ်တာပေါ့"

"ဒီမိန်းမ စကားရှည်လိုက်တာဟာ၊ လည်ပင်းမှာ ကိုက်ထားတဲ့ မျောက်ခေါင်းကိုသာ မြန်မြန် ဆွဲဖြုတ်လိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် မနီလေးက တွေတွေထူးထူး စဉ်းစား နေတော့ပဲ တန်းလန်းကြီး ဖြစ်နေသည့် မျောက်ခေါင်းကို ကိုင်ပြီး ဆွဲယူလိုက်သည်။

"အား. . ."

တာတေက မခံမရပ်နိုင်အောင် နာသဖြင့် အော်လိုက် သော်လည်း လည်ပင်းမှ ခဲထားသော မျောက်ခေါင်းကတော့ ပြုတ်ထွက်မလာပေ။

"ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် ခိုင်နေရတာလဲ ကဲဟာ"

မနီလေး စိတ်မရှည်တော့သဖြင့် မျောက်ခေါင်းကို အဝတ်စုတ်ဖြင့်ပတ်ပြီး ဆောင့်ဆွဲချလိုက်သည်။

"အား. . . သေပါပြီဗျ"

အသံနက်ကြီးဖြင့် အော်လိုက်သော တာတေအသံက ပတ်ဝန်းကျင်တစ်ခုလုံး ပြန့်နှံ့သွားလေသည်။

မျောက်ခေါင်းကတော့ လည်ပင်းမှ ပြုတ်ထွက်သွား သည်။ သို့သော် တာတေလည်ပင်းမှာတော့ အကွင်းလိုက် ပြုတ် ထွက်သွားလေပြီ။

သူ့လည်ပင်းမှ အသားတစ်များက မျောက်ပါးစပ်ထဲသို့ ပါသွားလေသည်။

ထိုနေရာမှ အပေါက်ကြီးဖြစ်သွားပြီး သွေးများဒလ ဟောကျလာပြီး လက်နှစ်ဖက်ဖြင့် ပိတ်ထားရသည်။

သို့တိုင်အောင် သွေးထွက်များသဖြင့် လက်ကြားထဲမှ





စီးကျလာလေသည်။

"လုပ်ပါဦးဟ၊ ငါ့လည်ပင်း ပေါက်သွားပြီ"

"ဘယ်လိုလုပ်ရမလဲ"

မနီလေးကလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ သည်။

"အဝတ်စုတ်နဲ့ ပတ်ထားမှ ဖြစ်မှာပေါ့၊ ပုဆိုးစုတ်တစ် ထည် ဖြစ်ဖြစ် ယူလာခဲ့"

ဟု ပြောသဖြင့် ပုဆိုးစုတ်တစ်ထည်ဖြင့် လည်ပင်းမှ ဟောင်းလောင်းပေါက်ဖြစ်နေသော ဒဏ်ရာကို ပတ်စည်းပေး ထားလိုက်သည်။

တာတေတစ်ယောက် ထမင်းမစားနိုင်တော့သဖြင့် တ အားအား အော်နေရလေသည်။

ကြမ်းပြင်ပေါ်မှာ ပြုတ်ကျနေသည့် မျောက်ခေါင်းက တော့ ပက်လက်အနေအထား ဖြစ်နေသောကြောင့်. . . သူ့ကို မျက်လုံးအပြူးသားနှင့် မော့ကြည့်နေသကဲ့သို့ ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၄)

# ကွင်းပိုင်ဘဝရောက်မှ အကူအညီပေးသူ

တာတေ လည်ပင်းမှ မျောက်ကိုက်ခံရသော ဒဏ်ရာက အတော်များသည်။ အကွင်းလိုက် ပြတ်ပါသွားသောကြောင့် လည်ပင်းမပေါက်ရုံတမယ် ခံလိုက်ရခြင်း ဖြစ်သည်။

ဒဏ်ရာမှသွေးများ တစိမ့်စိမ့် ထွက်နေသဖြင့် ပုဆိုးစုတ်ဖြင့် ပတ်စည်းထားသည်။

သူတို့နေသောနေရာမှာ ဆေးဆရာမရှိ၊ ဆေးလည်းမရှိပေ။ ထို့ကြောင့် ဒဏ်ရာကို နနွင်းမှုန့်များ သုတ်လိမ်းထား



www.burmeseclassic.com

www.burmeseclassic.com



သည်မှအပ အခြားဘာမှ မထည့်နိုင်ပေ။

တောလိုက်သမားတစ်ယောက်က တောထဲမှ ဂျင်းပျံ့ဥများရလာသဖြင့် လာပေးသည်။

ဂျင်းပျံ့ဥက ဒဏ်ကျေသည်ဆိုသဖြင့် ထုထောင်းပြီး ဒဏ်ရာကို အပေါ်က အုံပေးသည်။

မသက်သာပေ။

ညအချိန်ရောက်လာလျှင် ဒဏ်ရာမှ နာကျင်ကိုက်ခဲသဖြင့် အော်ဟစ်နေရသည်။

အသံနက်ကြီးဖြင့် အော်ဟစ်နေသော်လည်း အခြားတဲများကလည်း ဘာမှမတတ်နိုင်ကြပေ။

သူလိုကိုယ်လို ဘဝတူများ ဖြစ်သဖြင့် အကူအညီ မပေးနိုင်ကြပေ။

တာတေအနေဖြင့် မုဆိုးဘဝ တစ်လျှောက်လုံး မျောက်များစွာတို့ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ဘူးသည်။

တစ်ခါမှ မျောက်ကိုက် မခံခဲ့ရဘူးပေ။

ယခုကျမှ ဟင်းအိုးထဲရောက်နေသော မျောက်က ကိုက်သဖြင့် ဒဏ်ရာအကြီးအကျယ် ရနေသည်ကို စိတ်ထဲမှ မကျေမနပ် ဖြစ်နေမိသည်။

နောက်ပိုင်းမှာတော့ ဆေးမြီးတိုများဖြင့် ကုသရင်းမှပင် ဒဏ်ရာက တဖြည်းဖြည်း သက်သာလာသည်။

သို့သော် ရှင်းရှင်းပျောက်သွားခြင်းမျိုး မဟုတ်ပဲ လည်ပင်းမှာ ချိုင့်ခွက်ကြီး ဖြစ်ကျန်နေခဲ့သည်။





ဒဏ်ရာ သက်သာသောအခါ တောထဲဝင်ပြီး အမဲလိုက်သောအလုပ်ကို ပြန်လုပ်ရပြန်သည်။

သူက တခြားဘာမှ မလုပ်တတ်သည်ကတစ်ကြောင်း၊ အခြားအလုပ် လုပ်စရာ ဘာမှလည်း မရှိသောကြောင့် အမဲလိုက်သော အလုပ်ကို ဆက်လုပ်ရပြန်လေ၏။

တစ်နေ့တော့ မနီလေးက ပြောသည်။

"ကျုပ် အခုတလော အိပ်ပျော်သွားရင်းနဲ့ အိပ်မက်တွေမက်တာ ကြောက်စရာတွေချည်းပဲ"

"ဘာတွေမက်လို့လဲ"

"ဘီလူးတွေ သရဲတွေက ကျုပ်ဆီကို ဝိုင်းလာပြီး သတ်မယ်ဖြတ်မယ် လုပ်နေကြတယ်"

"အိပ်မက်မက်တာပဲ ကြောက်စရာလား"

"စိတ်ထဲကတော့ မကြောက်ပါဘူး၊ ဒါပေမယ့် တစ်ခုခုတော့ လုပ်ချင်နေသလိုပဲ"

"ဘာလုပ်ချင်လို့လဲ"

"တိရစ္ဆာန်တွေရဲ့သွေးကို သောက်ချင်တယ်"

"ဒါများ အဆန်းလုပ်ပြီး ပြောနေရသေးလား၊ သောက်ချင် ဖမ်းထားတဲ့အကောင်ကို သတ်ပြီး သောက်ပေါ့၊ အားရှိတာပေါ့"

ဟု ခပ်ပေါ့ပေါ့ပင် ပြောသည်။

"နောက်ပြီး တော့်ကို ပြောစရာ ရှိသေးတယ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ ကိုယ်ဝန်ရှိနေပြီ ထင်တယ်"

"ဒီမိန်းမနှယ် ကိုယ်ဝန်ရှိတာများ အဆန်းလုပ်ပြီး လာပြောနေရသေးတယ်၊ ကလေးရတော့ ကောင်းတာပေါ့. . .။ ယောကျ်ားလေးဆိုရင် ငါနဲ့ အဖော်ရမယ်၊ မိန်းကလေးဖြစ်ရင် နင်နဲ့ အဖော်ရတာပေါ့"

ဟု ပြန်ပြောလေသည်။

နောက်ပိုင်းမှာလည်း တာတေက သူ့အလုပ်သူ လုပ်နေလေရာ မနီလေးကလည်း စိတ်ထဲရှိသမျှအတိုင်း သူလုပ်ချင်တာတွေ လုပ်နေတော့သည်။

မိန်းမများ ကိုယ်ဝန်ရှိပါက တစ်ခုခု ချင်ခြင်းတပ်လေ့ရှိရာ သူမ ချင်ခြင်းတပ်သည်က ကြောက်စရာကောင်းသည်။

သွေးကိုသာသောက်ချင်ပြီး အသားဟင်းများ ချက်လျှင်လည်း မကျက်တကျက်နှင့်ပင် မီးဖိုပေါ်မှချကာ ထိုင်စားနေသည်။

တာတေကတော့ ဘာမှမပြောပေ။

ထိုသို့ မနီလေးက ထူးထူးခြားခြား လုပ်နေသည်ကို တွေ့မြင်မှသာ ပြောသည်။

"ကိုယ်ဝန်ရရှိနေတုန်း သွေးသောက်တာ အသားစိမ်းစားတော့ ကလေးအားရှိတာပေါ့၊ စားချင်တာသာစား၊ သောက်ချင်တာသာ သောက်ပေ့"

ဟု ခွင့်ပေးထားလေသည်။

တစ်ခုတော့ရှိသည်။





ထိုကလေး ကိုယ်ဝန်ရှိလာပြီး နောက်ပိုင်းမှာ တာတေတစ်ယောက် ခါတိုင်းထက်ပိုပြီး အလုပ်လုပ်ရတာ အဆင်ပြေသည်။ သားကောင် ဖမ်းဆီးတာ ပိုရလာသည်။

ထိုကဲ့သို့ သားကောင်များများ ဖမ်းဆီးရသောအခါ တာတေအတွက်လည်းကောင်းသည်။

ပိုက်ဆံရပြီး စားဖို့သောက်ဖို့ အဆင်ပြေသည်။

မနီလေးအတွက်လည်း ဟန်ကျနေသည်။

သားကောင်များကို သတ်ဖြတ်ရာတွင် ရသောသွေးတို့ကို သောက်ရပြီး အသားဟင်းများများ စားရလေသည်။

ညဘက်မှာလည်း အချိန်မတော်ထပြီး တစ်ခုခုစားနေတတ်သည်။

"မနီ အချိန်မတော်ကြီး ဘာတွေ ထစားနေတာလဲ"

"ဗိုက်ထဲကဆာလာလို့ ဘာရှိသလဲလို့ ထကြည့်တာပါ"

"ထမင်းနဲ့ဟင်းက ညနေကတည်းက ကုန်နေမှပဲ၊ ဘာရှိတော့မလဲ"

"ထမင်းမရှိတော့လည်း ရှိတာတစ်ခုခု စားရမှာပဲ"

ဟု ပြောပြီး မီးဖိုချောင်ထဲမှာ ဆောင့်ကြောင့်ထိုင်ပြီး ဟိုရှာဒီရှာ လိုက်ရှာနေသည်။

ကျပ်စင်ပေါ်မှာတော့ ရောင်းချမကုန်သော အသားခြောက်အချို့ တင်ထားလေသည်။

မနီလေးက မီးဖိုထဲမှာ လိုက်ရှာနေရာ အခြားဘာမှမတွေ့တော့သည့်အဆုံး ကျပ်စင်ပေါ်မှ အသားခြောက်များကို



www.burmeseclassic.com

www.burmeseclassic.com



ယူစားနေတော့သည်။

ထို အသားခြောက်တို့မှာ အခြောက်ဘဝသို့ ရောက်နေခြင်းမျိုး မရှိပဲ အစိုတစ်ပိုင်း အခြောက်တစ်ပိုင်းသာ ရှိနေသေးသည်။

မနီလေးကတော့ သွေးနံ့ပင် မပြယ်သေးသော ထိုအသားခြောက်များကိုပင် မြိန်ရေရှက်ရေ ထိုင်စားနေသည်။

ဆံပင်ဖားလျား ထဘီရင်ရှားနှင့် မီးဖိုထဲမှာ ဆောင့်ကြောင့်ထိုင်ပြီး အသားခြောက်များကို တကျွတ်ကျွတ်ဖြင့် ထိုင်စားနေသော မနီလေး ပုံသဏ္ဌာန်မှာ မကောင်းဆိုးဝါး ဒါမှမဟုတ် ဖုတ်ဝင်နေသူနှင့်ပင် တူနေတော့သည်။

တာတေကတော့ ဘာပဲဖြစ်ဖြစ် ကြောက်လည်းမကြောက် ဂရုလည်းမစိုက်ပဲ အိပ်မြဲအိပ်နေတော့သည်။

တစ်နေ့တော့ တောထဲမှာ အမဲလိုက်ရင်းနှင့် မှောင်ကာနီးတော့မှ တောထဲမှ ပြန်လာသည်။

ထိုသို့ ပြန်လာစဉ် နောက်ဘက်မှ လိုက်လာသော ခြေသံကြီးကို ကြားရသည်။

မြေသားက ရေစိုနေသဖြင့် တပွမ်းပွမ်းနှင့် ခြေသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

သူကြည့်တော့ ဘာမှ မတွေ့ရပေ။

သို့သော် သူ့နောက်ဘက်မှာ တစ်စုံတစ်ယောက် လိုက်လာသည်ကိုတော့ သိသည်။

ကျား၊ ဆင် အစရှိသော လူကို အန္တရာယ်ပေးနိုင်သော





သတ္တဝါ ဖြစ်မည်ကိုသာ သတိထားရသည်။

သရဲတစ္ဆေကိုတော့ သူမကြောက်ပေ။

ရွာသို့ ဆက်လျှောက်လာတော့ နောက်မှလိုက်လာသော ခြေသံကို ကြားရပြန်သည်။

ခြေသံက အတော်ပြင်းသည်။

“ပွမ်း . . ပွမ်း . . ပွမ်း”

တာတေ စိတ်မရှည်တော့သဖြင့် ဆက်မလျှောက်တော့ပဲ သစ်တုံးတစ်တုံးပေါ်၌ ဝင်ထိုင်လိုက်သည်။

“ဘာကောင်လဲ ငါ ဒီမှာ ထိုင်နေပြီ၊ လာခဲ့ပေတော့”

ဟု ပြောပြီး ကွမ်းယာကိုဝါးရင်း ပါးစပ်ထဲမှ ကွမ်းသွေးများကို ထွေးထုတ်လိုက်သည်။

နှုတ်ခမ်းမှာ စွန်းပေသွားသော ကွမ်းသွေးများကိုလည်း လက်ဖြင့် သုတ်ဖယ်ပစ်လိုက်သည်။

သူက ထိုသို့ ပြောလိုက်သောအခါ မနီးမဝေးမှာရှိသော ဆင်ပင်များ လှုပ်သွားပြီး ထိုကြားထဲမှ မည်းမည်းသဏ္ဌာန်ကြီး တဖြည်းဖြည်း ပေါ်လာလေတော့သည်။

အရုပ်အမောင်းက ကနစိုပင်လောက်မြင့်ပြီး အလုံးအရည်ကလည်း ကြီးသည်။

တစ်ကိုယ်လုံး အမွေးရှည်များရှိပြီး ခြေတံလက်တံတို့က ရှည်လျားလှသည်။

မျက်လုံးများမှာ ပန်းကန်လုံးခန့်ရှိပြီး အပြင်သို့ ပြူးထွက်နေပြီး နီရဲနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်သော ပါးစပ်ထဲမှ အစွယ်များက အပြင်သို့ ဆင့်ထွက်နေပြီး လျှာက တစ်ဝက်တစ်ပြက် အပြင်သို့ ထွက်နေလေသည်။

တောနက်ထဲမှာလည်း ဖြစ်ပြန် နေဝင်ရီတရောအချိန်မှာ ထိုမျှကြောက်စရာကောင်းသော သဘက်ကြီးကို တွေ့ရပါက သာမန်လူဆိုရင် အော်ဟစ်ပြီး ထွက်ပြေးလျှင်ပြေး၊ မဟုတ်ပါက နေရာမှာတင် အကြောက်လွန်ပြီး အသက်ပျောက်သွားပေလိမ့်မည်။

တာတေကတော့ ထိုကဲ့သို့ ကြောက်တတ်သူ မဟုတ်သဖြင့် သူနှင့် မနီးမဝေးမှာ ရပ်နေသော သဘက်ကြီးကို မျက်တောင်မခတ် မော့ကြည့်နေရာမှ မေးလိုက်သည်။

"တောပိုင်ကြီးလား"

"မဟုတ်ဘူး"

ခေါင်းယမ်းပြရင်း အသံသြသြကြီးဖြင့် ပြန်ပြောသည်။

"ဒါဖြင့် ဘာလဲ"

"ငါက ကွင်းပိုင် မဲကျော်ပဲ"

"အော် ကွင်းပိုင်ကြီးပါလား"

တာတေက တအံ့တသြဖြင့် ရေရွတ်လိုက်သည်။

သူတို့အနေဖြင့် 'ကွင်းပိုင်ကြီး'ကို စားသောက်ပွဲများဖြင့် တင်မြှောက်နေရသော်လည်း တစ်ကြိမ်တစ်ခါမှ မတွေ့ဘူး မမြင်ဘူးသေးပေ။

ယခုလို တွေ့မြင်ရသောအခါ ကြောက်ရွံ့ခြင်း မဖြစ်





သည့်အပြင် ဝမ်းသာသွားသည်။

"ကွင်းပိုင်ကြီး နောက်ကလိုက်လာတာ ဘာအတွက်လဲ"

"ငါက တခြားနေရာ သွားရတော့မယ်၊ ဒါကြောင့် ငါ့နေရာကို မင်းလာရမယ်"

"ကျုပ်က ကွင်းပိုင်လုပ်ရမယ် ဟုတ်လား၊ မလုပ်ချင်ပါဘူးဗျာ"

"မင်း မလုပ်ချင်လည်း လုပ်ရမှာပဲ၊ တစ်နေ့ မင်းနေရာကို မင်းသားက လုပ်လိမ့်မယ်"

"ဟင်. . ."

ထိုစကားကြားတော့ နည်းနည်းတော့ အံ့သြသွားသည်။

"ကျုပ်သားက မွေးတောင် မမွေးသေးဘူး၊ ကွင်းပိုင်ဖြစ်ဦးမယ် ဟုတ်လား"

"အေး. . ဟုတ်တယ်"

"ဒီတော့ ဘာလုပ်ရမလဲ"

"မင်းက ငါ့နေရာကို လာရမယ်"

"မလာချင်ပါဘူးဗျာ"

"မင်းမလာချင်လည်း လာခေါ်ရမှာပဲ၊ အချိန်မကျသေးခင်တော့ နေပေါ့၊ အချိန်ကျရင်တော့ လာခေါ်ရမှာပဲ"

ဟု ပြောပြီး တဖြည်းဖြည်းနှင့် မှေးမှိန်လာကာ နောက်တော့ ပျောက်ကွယ်သွားလေတော့သည်။

တာတေလည်း အိမ်သို့ ပြန်လာရာ ညဥ့်ဦးပိုင်း အချိန်ရောက်မှ သူနေသောနေရာသို့ ပြန်ရောက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျလှချည်လား ကိုတာတေ၊ တောထဲမှာ ဘာဖြစ်နေလို့လဲ"

တပြန်ရောက်တော့ မနီလေးက မေးသည်။

"ဘာမှမဖြစ်ပါဘူးကွာ၊ ကွင်းပိုင်ကြီး မဲကျော်နဲ့ တွေ့နေလို့ပါ"

တာတေက အရေးမကြီးလှသော အမူအရာဖြင့် ပြောလိုက်သော်လည်း မနီလေးကတော့ မျက်လုံးပြူးသွားလေသည်။

"ဘာ. . ကွင်းပိုင်ကြီးနဲ့ တွေ့နေရလို့ ဟုတ်လား"

"အေး. . ဟုတ်တယ်၊ သူကတောင် ငါ့ကို ပြောလိုက်သေးတယ်"

"ဘာတဲ့လဲ"

သူက တစ်နေရာ ပြောင်းတော့မှာမို့ သူ့နေရာ ငါလုပ်ရမတဲ့ကွာ"

"ကောင်းတာပေါ့၊ ရှင်က မှော်ဇာရွာလူကြီး ဖြစ်နေပြီ၊ ကွင်းပိုင်ပါဖြစ်တော့ ပိုကောင်းတာပေါ့၊ ဒါထက် နေပါဦး၊ ကွင်းပိုင်ဆိုတာ သေပြီး သရဲသဘက်ဘဝရောက်မှ ဖြစ်တာမဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီလိုဆိုရင်တော့ မကောင်းသေးပါဘူးတော်၊ ကွင်းပိုင်မလုပ်ချင်ပါနဲ့ ရွာလူကြီးပဲ လုပ်ပါ"

မနီလေးက ပါးစပ်ထဲမှ စီးကျလာသော ကွမ်းသွေးများကို လက်ဖြင့်သုတ်ရင်း ပြောလိုက်သည်။





"တယ် ဒီမိန်းမ တယ်ခက်ပါလား၊ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး၊ ဒါမျိုးတွေက လုပ်ချင်လို့လည်း မရဘူး၊ ငါသာ ကွင်းပိုင်ဘဝ ရောက်ခဲ့ရင်တော့ နင့်တို့ အရင်လာခေါ်မယ်"

"ကောင်းတာပေါ့တော် ရွာလူကြီး ကတော်ဘဝကနေ ကွင်းပိုင်ကတော်ဘဝ ရောက်တာပေါ့"

"တယ်. . ဒီမိန်းမ"

တာတေက အော်လိုက်တော့မှ ငြိမ်ကျသွားသည်။

တကယ်တော့ မနီလေးမှာ သူ့ယောကျ်ားတာတေ သရဲသဘက်ဘဝဖြင့် ကွင်းပိုင်ဘဝရောက်မည် ကြားကတည်းက စိတ်ထဲမှာ အူမြူးနေခြင်း ဖြစ်သည်။

ထို့နောက်မှာတော့ နေ့လစေ့သောအခါ မနီလေးမှာ ကလေးတစ်ယောက် မွေးဖွားလေသည်။

အရပ်လက်သည်နှင့်ပင် ဖြစ်သလို မွေးဖွားရခြင်းဖြစ်သည်။

ထိုကလေး မွေးသောအချိန်မှာ ညဉ့်ဦးမှာ မိုးမှောင်ကြီးကျနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေလေသည်။

မွေးစက တစ်ကိုယ်လုံး အမွေးအမှင်များ ပါလာပြီး မျက်လုံးဖွင့်လျက်သားအတိုင်း မွေးလာခြင်း ဖြစ်သည်။

"ဒီကလေးက မျောက်နဲ့တူလိုက်တာ"

အနားမှာ ရှိနေသော တစ်ယောက်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျောက်နဲ့တူတာထက် ဘီလူးနဲ့ပိုပြီး တူတာပါအေ့၊ နေစမ်းပါဦး၊ သူ့ပါးစပ်ထဲမှာ သွားတွေ အစွယ်တွေများ ပါလေရော့သလား၊ မှန်းစမ်း"

လက်သည်လုပ်ပေးသော မိန်းမကြီးက ကလေးပါးစပ်ထဲ လက်နှိုက်ကြည့်သည်။

"အမယ်လေး ကိုက်တယ်ဟဲ့"

မိန်းမကြီးက လက်ကို ပြန်ရုပ်လိုက်သည်။

သူ့လက်ညှိုးမှာ သွားအရာလေးများ ပါလာသည်။

နောက်မှာကြည့်သောအခါ ပါးစပ်ထဲမှာ သွားပေါက်ကလေးများ ပါလာလေသည်။

တာတေက ထိုကလေးကို မဲမှောင်နေသော အချိန်မှာ မွေးသည်ကတစ်ကြောင်း၊ ကွင်းပိုင်ကြီး မဲကျော်ကဲ့သို့ ဖြစ်စေရန်လည်းကောင်း၊ ရည်ရွယ်ပြီး 'နက်ကျော်'ဟု အမည်ပေးထားလိုက်သည်။

နည်းနည်းကြီးလာတော့ လက်သည်မိန်းမကြီး ပြောသကဲ့သို့ တစ်ကိုယ်လုံး အသားအရေက မည်းနက်နေပြီး မျက်နှာက မျောက်မျက်နှာလိုလို ဘီလူးမျက်နှာလိုလို တူလေသည်။ သို့သော် ငယ်ရွယ်စဉ်ကပင် သားငါးရှာဖွေလျှင် အရွယ်နှင့် မလိုက်အောင် ရလေသည်။

တစ်နေ့တော့ တာတေတစ်ယောက် တောထဲမှ ပြန်လာရာ ဖက်ကျိုးကျနေလေသည်။

အားလုံးက ဝိုင်းမေးသောအခါ. . .





"ငါတော့ မနေရတော့ဘူး သွားရတော့မယ်၊ ငါ့ကို တွေ့ချင်ရင် ကွင်းပိုင်တာတေလို့ ခေါ်ပါ၊ အရက်၊ ဘဲဥ၊ ထမင်း၊ ကြက်သားဟင်း၊ အသားဟင်းတွေနဲ့ တင်မြှောက်ရင် ငါလာခဲ့မယ်၊ နက်ကျော်ကိုလည်း ကောင်းကောင်းမွေးပါ၊ ငါ သူ့ကို စောင့်ရှောက်ပေးပါ့မယ်"

ဟု ပြောပြီး ဖက်ကျိုးကျကာ သေဆုံးသွားလေတော့သည်။

တာတေ သေဆုံးသွားတော့ နက်ကျော်က အရွယ်မရောက်သေးပေ။ သို့သော် သူတို့ သားအမိနှစ်ယောက် စားသောက်ရုံတော့ ရှာဖွေပေးနိုင်သည်။

ခုနစ်နှစ် ရှစ်နှစ်သားလောက် ရောက်လာတော့ ချောင်းဆင်းပြီး ငါးပုစွန်ရှာလျှင် လူကြီးတွေထက် ပိုရသည်။ ဖျံတစ်ကောင်ကဲ့သို့ ရေငုပ်နိုင်ပြီး မိကျောင်းတစ်ကောင်ကဲ့သို့ ရေကူးကျွမ်းကျင်လေသည်။

သူက အရွယ်ငယ်သေးတော့ တောထဲဝင်ပြီး အမဲမလိုက်နိုင်သေးပေ။

သို့သော် အနီးအနားတစ်ဝိုက်သို့ လှည့်ပြီး ဖွတ်၊ သင်းခွေချပ်စသော တိရစ္ဆာန်တို့ကိုတော့ ဖမ်းဆီးနိုင်လေသည်။

ထိုတိရစ္ဆာန်တို့ကို လူကြီးများပင် ဖမ်းဆီးရန် ခက်ကြသည့် တော်ရုံနှင့် ဖမ်းမရပဲရှိရာ ကလေးတစ်ယောက်က ဖမ်းဆီးသောအခါ များစွာအံ့သြကြရလေသည်။

"နက်ကျော် မင်းက တယ်တော်ပါလား၊ ဖွတ်တွေ သင်း



www.burmeseclassic.com

www.burmeseclassic.com



ခွေချပ်တွေကို ဘယ်လိုဖမ်းတာလဲ"

"သူတို့ရှိတဲ့နေရာ သွားဖမ်းတာပေါ့"

"သူတို့ရှိတဲ့နေရာကို မင်းက ဘယ်လိုသိတာလဲ"

"သိတာပေါ့ဗျ၊ ကျုပ်အဖေက ပြပေးတာ"

"မင်းအဖေ တာတေမှ မရှိတော့တာကွာ၊ မဟုတ်တာတွေ ပြောမနေပါနဲ့"

"တကယ်ပြောတာဗျ၊ ခင်ဗျားတို့က ကျုပ်ပြောတာ မယုံကြပဲကိုး၊ ကျုပ်က ငယ်သေးလို့ ဒီအကောင်တွေလောက် ဖမ်းတာ၊ နည်းနည်းကြီးလာရင် အကောင်ကြီးတွေကို ဖမ်းမှာ"

"ဟုတ်ရဲ့လားကွာ၊ သားကောင်တွေ ဘယ်နေရာမှာရှိတာကို မင်းက သိမှာမို့လား"

"သိတာပေါ့ဗျ"

"ဘယ်လိုသိတာလဲ၊ ပြောပါဦး"

"အဖေပြပေးတာ"

"ကိုင်း. . ဒီလိုဆိုရင် ငါတို့လည်း ပြပေးဦးကွာ၊ ရရင် မင်းကို တစ်ဝက်ပေးမယ်"

"တကယ်ပြောတာနော်"

"တကယ်ပေါ့ကွ"

"ဒါဖြင့် သွားကြမယ်"

ထို့နောက် ရွာထဲမှ မုဆိုးအချို့ကို နက်ကျော်က ဦးဆောင်ပြီး ခေါ်သွားလေတော့သည်။

တောထဲရောက်သောအခါ သားကောင်က ဘယ်နေရာ





ရှိသည်။ ဘယ်သူက ဘယ်နေရာကသွား၊ ဘယ်သူက ဘယ်နေရာကလိုက်ဟု သူပြောပြသည့်အတိုင်း လိုက်ကြရာ ဆတ်ဖားကြီး တစ်ကောင်ကို ရလာကြသည်။

"ခင်ဗျားတို့ ကတိအတိုင်း ကျုပ်ကို တစ်ဝက်ပေး" ဟု တောင်းသည်။

တကယ်တော့ အမဲလိုက်သောနေရာတွင် နက်ကျော် မပါပေ။ သူက ပြောပြရုံသာ ပြောပြလိုက်ပြီး တစ်နေရာမှ ထိုင်စောင့်နေခြင်း ဖြစ်သည်။

မုဆိုးများက ခွေးများနှင့် လိုက်ကြသဖြင့် ရလာခြင်း ဖြစ်လေရာ သူ့ကို တစ်ဝက်မပေးလိုကြပေ။

ပြောတုန်းက လွယ်လွယ်ပြောလိုက်ကြသော်လည်း တကယ်ရလာတော့ မပေးချင်ကြတော့ပေ။

နက်ကျော်က ကလေးအရွယ်သာ ရှိသေးသောကြောင့် သူတို့က အလေးမထားကြပေ။

သို့ကြောင့် ဆတ်ဖားကြီးကို ဖျက်ပြီးသောအခါ နက်ကျော်ကို တစ်ဝက်မပေးပဲ သင့်တော်သလောက်သာ ဟင်းစားပေးကြသည်။

"ခင်ဗျားတို့ပြောတော့ ကျုပ်ကို တစ်ဝက်ပေးမယ်ဆို၊ အခုတော့ နည်းနည်းလေးပဲ ပေးတယ်"

"အမဲလိုက်တုန်းက မင်းပါတာမှ မဟုတ်တာကွာ၊ ငါတို့လိုက်တာပဲ၊ ဒီလောက်ရရင် တော်ရောပေါ့"

"ခင်ဗျားတို့ ကတိမတည်ဘူး၊ နောက်တစ်ခါ တောထဲ



www.burmeseclassic.com

www.burmeseclassic.com



သွားရင် အန္တရာယ်နဲ့ တွေ့ကြလိမ့်မယ်”

ဟုပြောပြီး အသားတွဲကိုဆွဲပြီး ပြန်သွားလေသည်။

မုဆိုးငါးယောက်မှာ နက်ကျော်ပြောသွားသော စကား ကို ကြားရသဖြင့် နည်းနည်းတော့ လန့်သွားကြသည်။

၎င်းတို့ ငါးယောက်မှာ ရွှေထွန်း၊ ငခွေး၊ ဗိုက်ကြီး စံရွှေနှင့် ငကျော်တို့ ဖြစ်ကြသည်။

၎င်းတို့သည် မော်ဇာရွာမှ လာရောက်နေထိုင်ကြသူများ ဖြစ်သည်။

အချို့က မုဆိုးတာတေ ရှိစဉ်ကတည်းက လာရောက် နေထိုင်ကြပြီး အချို့ကတော့ တာတေမရှိသည့် နောက်ပိုင်း ထိုရွာသို့ ရောက်လာကြသောကြောင့် တာတေတို့ မိသားစု ၏ ကြောင်းကို ကောင်းစွာ မသိသေးပေ။

ရွှေထွန်းနှင့် ငခွေးတို့ နှစ်ယောက်မှာ ယခင်က ... ဟောင်းများ ဖြစ်ကြပြီး ကျန်သုံးယောက်က နောက်မှရောက်လာ ကြသည့် လူသစ်များ ဖြစ်ကြသည်။

“ကောင်လေးကြည့်ရတာ ငါတို့ကို သိပ်ကျေနပ်တဲ့ မပေါ်ဘူး”

“မကျေနပ်လည်း နေပေါ့ကွာ၊ အမဲလိုက်တုန်းက သူ့ ... တာ မဟုတ်တာ”

“ဒါပေမယ့် သူပြပေးလို့ အမဲတွေ့တာ မဟုတ်လား”

“ဒါကလည်း တိုက်ဆိုင်တာပဲ ဖြစ်မှာပါကွာ၊ သား ကောင်ရှိတဲ့နေရာကို သိရအောင် သူက တစ်ပွဲစားမှ မဟုတ်





...”

“သူက တစ်ပွဲစား မဟုတ်သေးပေမယ့် သူ့အဖေ တာ ... တစ်ပွဲစားနဲ့ သေသွားတာကွ၊ အခု ကွင်းပိုင်ဘဝ ရောက် ...ယ်လို့ ပြောသံကြားတယ်”

“ဒါကြောင့် သားကောင်ရှိတဲ့နေရာကို သူ့အဖေ ပြပေး ...ရတာလို့ ပြောသွားတာဖြစ်မယ်၊ ဒီအတိုင်းဆိုရင် ဟန်ပါ့ ... နောက်တစ်ခါ တောထဲသွားရင် အနှောင့်အယှက်တွေ ... တွေ့နေမှာလား မသိဘူး”

“ဒီလောက်လည်း ကြောက်လန့်မနေစမ်းပါနဲ့ကွာ၊ ကွင်း ...တာ လယ်ကွင်းတွေသာ ပိုင်တာပါ၊ တောထဲမှာ တော ...တွေ ရှိတာပဲ၊ တောပိုင်တွေကို တင်မြှောက်ပသပြီးရင် ပြီး ...ပဲ”

ဟု ဗိုက်ကြီးဆိုသူက ပြောလေသည်။

ထို့နောက်မှာတော့ ဆတ်သားများကို အညီအမျှ ခွဲ ...ယူပြီး မိမိတို့ တဲများသို့ အအသီးသီး ပြန်သွားကြလေသည်။

ဗိုက်ကြီးနေသော နေရာမှာ တောစပ်နှင့်နီးသော နေ ...မှာ ရှိသည်။ သူသည် ဆတ်သားတွဲကြီးကို ထမ်းပြီး တစ်နေရာ ...ကသောအခါ ၎င်းသွားမည့် လမ်းပေါ်မှ ပိတ်ရပ်နေသော ...မည်းသဏ္ဌာန်ကြီးကို တွေ့ရလေသည်။

အချိန်မှာ မှောင်ရီသမ်းစအချိန် ရှိနေပြီ ဖြစ်သော ...ကြောင့် ရှေ့မှရပ်နေသူကို သဲသဲကွဲကွဲ မမြင်ရပေ။

“ရှေ့မှာ ရပ်နေတာ ဘယ်သူလဲကွ”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးတော့မှ ကြောက်စရာကောင်းသော မျက်နှာ
နှင့် သူ့ ရှေ့တိုးလာသည်။

"ငါ ကွင်းပိုင် တာတေပဲ"

"အောင်မယ်လေးဗျ"

ဗိုက်ကြီးမှာ ပြောတုန်းက ပြောခဲ့ပြီး ယခုကဲ့သို့ မျက်နှာ
ချင်းဆိုင် တွေ့သောအခါ များစွာကြောက်ရွံ့တုန်လှုပ်သွားကာ
နောက်ကြောင်းသို့ ပြန်လှည့်ပြေးသည်။

ထိုအခါ ကွင်းပိုင် တာတေ၏ လက်တစ်ဖက်က ရှည်
ထွက်လာပြီးနောက် ဗိုက်ကြီးလက်ထဲမှာ ဆတ်သားတွဲကို ဆွဲယူ
သွားလေသည်။

ထိုကဲ့သို့ပင် ကျန်လေးယောက်တို့မှာလည်း ၎င်းတို့
အိမ်သို့ ဆွဲယူသွားကြသော ဆတ်သားတွဲတို့ကို လမ်းမှာတ
လုယူခြင်း ခံလိုက်ရသဖြင့် တစ်ယောက်မှ မစားကြရပေ။

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ မနီလေးတ
ယောက် အလုပ်ရှုပ်နေတော့သည်။

ညက တဲပေါက်ဝမှာ ဘယ်သူလာချိတ်သွားမှန်းမ
သော ဆတ်သားတွဲများထဲမှ အချို့ကို ဟင်းချက်စားရန်ပြ
သည်။

ပိုလျှံသော အသားများကို ကျပ်တင်တန်တင်၊
ခြောက်လှမ်းတန်တာလှမ်းဖြင့် တစ်ယောက်တည်း အလုပ်ရှုပ်
တော့သည်။ ဗိုက်ကြီး၊ ငခွေး၊ ရွှေထွန်း၊ စံရွှေ၊ ငကျော်တို့
ယောက်ကတော့ ညက သူတို့အတွက်ရသော အသားတွဲများ





ကွင်းပိုင်တာတေ အဆွဲခံရပြီး နံနက်လင်းတော့ နက်ကျော်တို့
တဲရှေ့၌ ဆတ်သားများ နေလှမ်းနေသည်ကို တွေ့မြင်ရသော
အခါ စိတ်ထဲမှ မခံချိမခံသာ ဖြစ်နေသော်လည်း ဘာမှ မတတ်
နိုင်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၅)

# တောမှောက်ပြီး တောခြောက်ခံရသူများ

တောကနက်သည်။

သစ်ပင်ကြီးများက နေပြောက်မထိုးသာအောင် အကိုင်းအခက်ချင်းယှက်၊ အရွက်ချင်း ဆက်နေကြသည်။

တောနက်သည်နှင့်အမျှ ဒီရေသစ်တောများ၌ ပေါက်သော သစ်ပင်ကြီးများက အမျိုးအမည် စုံလှသည်။

အထိကရ သစ်ပင်ကြီးများမှာ ကနစိုပင်က ဦးဆောင်ပြီး အခြား လဗပင်၊ ကန့်ပလာပင် စသော အပင်ကြီးများက ဒုတိယ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ ရှိကြသည်။

ဤအပင်များကတော့ သာမန်အရွယ်အစားအတိုင်းသာ ရှိကြသည်။ ဒီရေတောမှာလည်း မြေပြန့်မှာရှိသော သစ်ပင်အချို့ရှိသည်။ ကုက္ကိုပင်၊ သရက်ပင်၊ အုန်းပင်၊ ရှောက်ပင်၊ သဖန်းပင် စသည့်အပင်များကိုတွေ့နိုင်သော်လည်း ပုံပန်းသဏ္ဍာန်တော့ မတူပေ။

တောထဲမှာ ပေါက်သော သစ်ပင်တို့မှာ အမျိုးအစားချင်း တူသော်လည်း ထိုအပင်များမှာသီးသော အသီးတို့ကို စားမရပေ။ သီးပြန်လျှင်လည်း မျောက်အုပ်များ ရှဉ့်နှင့်ငှက်များ ဝင်ရောက်စားသောက်သွားသောကြောင့် အသီးမကျန်တတ်ပေ။

ရှေးအခါက တောနက်ကြီးများထဲသို့ဝင်လျှင် များစွာသတိထားရသည်။

အရှေ့အနောက်တောင်မြောက် မှတ်သား၍သော်လည်းကောင်း၊ နေရောင်ခြည်ကို ကြည့်၍သော်လည်းကောင်း၊ လေတိုက်ခြင်းနှင့် ကြယ်တာရာများ ကြည့်၍သော်လည်းကောင်း၊ သစ်ပင်များမှာ အမှတ်အသား ပြုလုပ်၍သော်လည်းကောင်း၊ (ထိုသို့ပြုလုပ်ခြင်းကို မှန်ကပ်သည်ဟုတော့ ခေါ်သည်။)

ကြည့်ရှုမှတ်သားပြီး သွားလာကြရသည်။

နေဝင်ချိန်ရောက်၍မှ အရှေ့အနောက် မမှတ်မိပါက နေရောင်ခြည်ထိထားသော သစ်ပင်ကို လက်ဖြင့်စမ်းကြည့်ပါက





အရှေ့အနောက် သိနိုင်သည်။

နံနက်ပိုင်း နေရောင်ခြည်ထိသောဘက်မှာ အေးနေပြီး အရှေ့ဘက်ဖြစ်သည်။

နေဝင်ချိန် နောက်ဆုံးနေရောင်ခြည် ထိထားသောဘက်မှာ အနွေးဓါတ် ရှိနေပြီး အနောက်ဘက်ဖြစ်သည်။

မိုးရာသီတွင် ပင်လယ်ပြင်ရှိရာ တောင်ဘက်မှ မုတ်သုန်လေ တိုက်သောကြောင့် သစ်ပင်၊ သစ်ညွန့်၊ သစ်ရွက်တို့က မြောက်ဘက်သို့ ကိုင်းသည်။

ဆောင်းရာသီ၌ မြောက်ပြန်လေ အတိုက်များသောကြောင့် သစ်ပင်တို့က တောင်ဘက်သို့ ကိုင်းသည်။

ထိုနည်းနှင့် အရှေ့အနောက် တောင်မြောက် သိနိုင်ကြသည်။ အကောင်းဆုံးကတော့ မိမိသွားရာ လမ်းတစ်လျှောက်တွင် သစ်ပင်ကြီးများမှာ မှန်ကပ်ခြင်းစသော အမှတ်အသားပြုလုပ်ခဲ့ခြင်း၊ သစ်ကိုင်းများကို ခုတ်ချခဲ့ခြင်းက ပိုပြီး မှတ်မိလွယ်စေသည်။

အချို့လည်း ဘယ်လိုမှ မမှတ်မိတော့လျှင် အမြင့်ဆုံးသစ်ပင်များပေါ် သို့ တက်ပြီး အရှေ့အနောက်ကြည့်ကာ မိမိတို့သွားလိုသောနေရာကို ခန့်မှန်းကြသည်။

နောက်တစ်ခုက သစ်ပင်များ ပေါက်ရောက်ပုံကို ကြည့်ခြင်းနှင့် သစ်ပင်အခြေအနေကို ကြည့်ခြင်းဖြင့် မြစ်ကမ်းနှင့်နီးသည်ဝေးသည်ကို ခန့်မှန်းနိုင်သည်။

မဒမတောများအတွင်းသို့ ရောက်နေပါက တောနက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းတွင်းပိုင်းသို့ ရောက်နေပြီကို သိနိုင်သည်။

မြင်းကတောများ တွေ့ပါက မြစ်ကမ်းနှင့် မနီးမဝေး ရောက်နေပြီဖြစ်ကြောင်း သိနိုင်ပြီး ပြူးတောများ တွေ့ရပြီဆိုပါက ကမ်းစပ်သို့ ရောက်နေပြီဖြစ်ကြောင်း အလွယ်တကူသိနိုင်ကြပေသည်။

ယခု မှော်ဇာကျွန်းပေါ်မှ သစ်တောအတွင်းသို့ မုဆိုးသုံးယောက်တို့ အမဲလိုက်ရန် ရောက်နေကြသည်။

ငကျော် စံရွှေနှင့် ရွှေထွန်းတို့ ဖြစ်ကြသည်။

သူတို့သည် ဆတ်တစ်ကောင်နောက်သို့ လိုက်ရင်းမှ တောနက်ထဲသို့ ရောက်နေကြခြင်း ဖြစ်သည်။

သူတို့နှင့်အတူ အမဲလိုက်ခွေးသုံးကောင်တို့လည်း ပါလာသည်။ ခွေးသုံးကောင်နှင့်အတူ ငကျော်နှင့် စံရွှေက တောထဲဝင်လိုက်ကြပြီး ရွှေထွန်းက တစ်နေရာမှ စောင့်သည်။

သူ့လက်ထဲမှာ သားရေကြိုးတပ် ဒူးလေးနှင့် အဆိပ်လူးထားသော မြားတံများရှိသည်။

အတန်ကြာတော့ ခွေးဟောင်သံများကြားရသည်။

အသံများက ဝင်းစောင့်နေသောဘက်သို့ ဦးတည်လာနေမှန်းသိသောအခါ ဒူးလေးကို မောင်းဆွဲတင်လိုက်ပြီး မြားတပ်ထားလိုက်သည်။

ကြည့်နေရင်းမှာပင် သစ်ပင်များ လှုပ်နေသည်ကို လှမ်းမြင်ရပြီး တောတိုးလာသော အသံများကို ကြားရသဖြင့် ထိုနေရာဘက်သို့ ဒူးလေးကို ချိန်ထားလိုက်သည်။





ခဏကြာတော့ ခြုံများအတွင်းမှ ဆတ်ကြီးတစ်ကောင် တိုးထွက်လာသည်။ ပစ်ကွင်းက မဝေးလှပေ။

သို့ကြောင့် အသေအချာချိန်ပြီး မြားဖြင့်ပစ်သည်။

"ဝှစ်. . ."

"ဒုတ်. . ."

"ကိန်. . ကိန်. . ကိန်. ."

မြားထိသွားသော ဆတ်က ခွေးတစ်ကောင် အသံမျိုးဖြင့် ငယ်သံပါအောင် အော်သံကြားလိုက်သဖြင့်. . ရွှေထွန်းမှာ မျက်လုံးပြူးသွားလေသည်။

မြားထိသွားသောဆတ်က နှစ်ပတ်သုံးပတ်လိမ့် ထွက်သွားပြီး ချုံများအနောက်သို့ ရောက်သွားသည်။

နောက်ထပ် အသံမကြားရတော့ပေ။

သို့ကြောင့် နေရာမှ ကပျာကယာထပြီး ထိုနေရာသို့ ပြေးသွားလေသည်။

ချုံကွယ်နောက်ရောက်တော့ ဆတ်တော့ မတွေ့ရပေ။

မြားချက်ထိပြီး အသက်ငင်နေသော ဖြတ်ခွေးကြီးကိုသာ တွေ့ရတော့သည်။

"ဟင်. . ."

တအံ့တဩဖြင့် ငုံ့ကြည့်နေစဉ် စံရွှေနှင့် ငကျော်တို့ အနားရောက်လာသည်။

ခွေးနှစ်ကောင်လည်း ပါလာသည်။

"မိလိုက်သလား ရွှေထွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးပြီး ချုံကွယ်နောက်သို့ ကြည့်သည်။

ပါးစပ်ထဲမှ အမြှုပ်များထွက်ပြီး အသက်ငင်နေသော ၎င်းတို့ အားကိုးရသည့် ဖြတ်ခွေးကြီးကို တွေ့မြင်ရသောအခါ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြတော့သည်။

"ရွှေထွန်း. . မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ငါ. . ငါ. . ပစ်တုန်းက ခွေး. . ခွေးမဟုတ်ဘူး၊ ဆတ်တွေ့လို့ ပစ်. . ပစ်လိုက်တာ"

"ဟာ. . ."

"မင်းတော့ တောမှောက်ခံရပြီ"

တစ်ယောက်က ရေရွတ်လိုက်သည်။

တောခြောက်ခြင်းမှာ တောထဲမှာ ကြောက်လန့်စရာ မျိုးစုံတို့ကို တွေ့ရပြီး တောမှောက်ခြင်းမှာ အမြင်မှားခြင်း မျက်စိလည်ခြင်း၊ တကယ်ရှိတာကတခြား၊ မြင်ရတာကတခြား ဖြစ်တာမျိုးများ ဖြစ်သည်။

တောခြောက်ခံရတာက ဒီလောက်အန္တရာယ် မများသော်လည်း တောမှောက်လျှင်တော့ အန္တရာယ်များလှသည်။

နောက်ဆုံး အံချင်းချင်း အမြင်မှားပြီး ပြန်သတ်ကြသည် မျိုးပင် ရှိကြလေသည်။

"ငါတို့ တောမှောက်ခံရပြီ၊ ဒီနေရာက အမြန်သွားမှ ဖြစ်မယ်"

ထိုသို့ ပြောနေရင်းမှာပင် အမြှုပ်တစီစီဖြင့် အသက်ငင်နေသော ခွေးကြီးမှာ ငြိမ်ကျသွားလျက် သေဆုံးသွားလေပြီ။





သို့ကြောင့် သုံးယောက်သား အနီးပတ်ဝန်းကျင်မှာရှိသော သစ်ကိုင်းသစ်ခက်များ ခုတ်ယူပြီး ခွေးအသေပေါ်သို့ ဖုံးအုပ်ထားခဲ့ကြပြီး ထိုနေရာမှ ခပ်သုတ်သုတ် ပြန်ထွက်ခဲ့ကြလေသည်။

အချိန်က မွန်းလွဲပိုင်း အချိန်ပင် ရှိသေးသော်လည်း မှိုင်းအုံ့နေသောကြောင့် နေရောင်ကို မမြင်ကြရပေ။

တောထဲမှာလည်း သစ်ပင်ရိပ်များကြောင့် အလင်းရောင် သိပ်မရှိပေ။

သုံးယောက်သား သူတို့အားကိုးရသော ဖြတ်ခွေးတစ်ကောင် သေဆုံးသွားသောကြောင့် စိတ်ပျက်လက်ပျက်နှင့် ရွာဘက်သို့ ပြန်လာကြရာ အတန်ကြာသောအခါ တစ်နေရာသို့ ပြန်ရောက်လာကြတော့သည်။

"ဟင်. . ဒီနေရာက စောစောက ခွေးအသေကောင် မြှုပ်ထားခဲ့တဲ့ နေရာပဲ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဟိုမှာ ငါတို့ ခုတ်ချထားခဲ့တဲ့ သစ်ကိုင်းတွေတောင် ဒီအတိုင်း ရှိနေသေးတာပဲ"

"ဟုတ်မဟုတ် သေချာအောင် ငါ သွားကြည့်လိုက်ဦးမယ်"

ရွှေထွန်းက ရှေ့သို့ တိုးသွားပြီး အုပ်ထားသော သစ်ကိုင်းအချို့ကို ဖယ်ကြည့်လိုက်သည်။

"ဟာ. . ."

"ဘာဖြစ်လို့လဲ ရွှေထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးအသေကောင် မရှိတော့ဘူး"

"ဟုတ်ရဲ့လား၊ စောစောကမှ ထားခဲ့တာပဲ"

"ဟုတ်တယ် မရှိတော့ဘူး"

"ဒီလိုဆိုရင် တောကောင်တစ်ကောင်ကောင် လာဆွဲသွားတာပဲ ဖြစ်မယ်၊ ဒီနေရာက အမြန်သွားကြရအောင်"

ဟု ပြောပြီး ထိုနေရာမှ ပြန်ထွက်လာကြသည်။

ကျန်နေသော ခွေးနှစ်ကောင်ကလည်း တစ်စုံတစ်ခုကို ကြောက်ရွံ့နေဟန်ဖြင့် သူတို့အနားမှ မခွာပဲ ကပ်နေလေသည်။

အတန်ကြာအောင် လျှောက်သွားရာ ရွာဘက်သို့ မရောက်ပဲ စောစောက နေရာသို့သာ ပြန်ရောက်လာကြပြန်သည်။ ထိုအခါမှ သုံးယောက်သား တောမှောက်ပြီး မျက်စိလည်နေမှန်း သိရတော့သည်။

"ဘယ်လိုလုပ်ကြမလဲ၊ ငါတို့တော့ တောမှောက်ပြီး . . မျက်စိလည်နေကြပြီ"

"အချိန်လည်း သိပ်မရှိတော့ဘူး၊ တော်ကြာ တောထဲမှာ မှောင်လာတော့မယ်၊ ဘယ်လိုလုပ်ကြမလဲ"

"မှောင်လာရင်တော့ ဒီအတိုင်း ဆက်သွားနေလို့ မဖြစ်ဖူး. . အန္တရာယ်နဲ့ တွေ့လိမ့်မယ်၊ ရွာပြန်မရောက်မယ့် အတူတူတော့ သစ်ပင်ပေါ်မှာ စင်ထိုးပြီး တက်နေတာ ပိုပြီး စိတ်ချရတယ်"

"နေပါဦး အချိန်ရပါသေးတယ်၊ ရွာဘက်ကပဲဖြစ်ဖြစ် တခြားလူတွေပဲဖြစ်ဖြစ် ကြားလိုကြားငြား၊ ငါ အူသံပေးကြည့်





လိုက်ဦးမယ်"

"လုပ်ကွာ"

"အူး . ဝူး . ဝူ"

"အူး . ဝူး . ဝူ"

ငကျော် အူလိုက်သော အသံက အတော်ကျယ်သဖြင့် တောထဲမှာ ပဲ့တင်ထပ်သွားလေသည်။

အတန်ကြာအောင် ငြိမ်ကျသွားပြီးမှ သူတို့ပတ်ဝန်းကျင်မှ အူသံများ ပေါ်ထွက်လာလေတော့သည်။

"အူး . ဝူး . ဝူ"

"အူး . ဝူး . ဝူ"

အသံများက တစ်နေရာတည်းမှ ကြားရခြင်း မဟုတ်ပဲ၊ နေရာအနှံ့မှ ပေါ်လာလေရာ သုံးယောက်သား သဘောပေါက်သွားကြလေတော့သည်။ တောထဲမှာရှိကြသော နာနာဘာဝများ၊ ကျတ်များက လှည့်စားနေကြလေပြီ။

ထို့ကြောင့် နောက်ထပ် အသံမပြုဝံ့တော့ပဲ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခဲ့ကြလေသည်။

တစ်နေရာရောက်တော့ မနီးမဝေးမှ အသံတစ်သံ ကြားရသည်။

"ငါ့နောက်က လိုက်ခဲ့ကြ"

ထိုအသံကြားသဖြင့် အနည်းငယ် အားရှိသွားကြပြီး ထိုအသံကြားရာနောက်သို့ လိုက်ကြလေသည်။

သုံးယောက်သား ခြေလှမ်းသွက်သွက်ဖြင့် နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသော်လည်း ရှေ့မှ သွားနေသူကို မမီပေ။

တစ်နေရာရောက်တော့ စံရွှေက တစ်နေရာကို လက်ညှိုးထိုးပြလေသည်။

"ဟိုး . . ဟိုမှာ"

သူ လက်ညှိုးထိုးပြရာ ကြည့်လိုက်တော့ လူကိုတော့ မမြင်ရပေ။ သစ်ပင်သစ်ကိုင်းများ လှုပ်သွားသည်ကိုသာ လှမ်းမြင်ကြရခြင်း ဖြစ်သည်။

သစ်ပင်များ လှုပ်သွားသော နေရာမှာလည်း ခပ်နိမ့်နိမ့်တော့ မဟုတ်ပေ။

ပေ (၃၀၊ ၄၀) ခန့်မြင့်သော နေရာလောက်မှ ဖြစ်သည်။ အချို့သစ်ပင်များမှာ ကိုယ်နှင့်မလွတ်ဟန်ဖြင့် ဘေးသို့တွန်းဖယ်သွားရာ ဘေးသို့ ယိုင်ကျသွားသည်ကိုပင် လှမ်းမြင်ကြရသည်။

ထိုအခါမှ သဘောပေါက်သွားသဖြင့် သုံးယောက်သား ဆက်မလိုက်ဝံ့တော့ဘဲ နေရာမှာ ရပ်လျက်သား ကျန်ခဲ့ကြသည်။

မရှေးမနှောင်းမှာပင် မနီးမဝေးနေရာမှ ကျယ်လောင်သော အသံကြီး ပေါ်ထွက်လာသည်။

"ဟေး . . ဒီမှာကြည့်ကြ"

ထိုအသံကြားရာသို့ လှမ်းကြည့်လိုက်သောအခါ ပေ (၃၀)ကျော်ခန့်မြင့်သော ကနစိုပင်တစ်ပင်ကို ခွကျော်သွားသော အမွေးစုတ်ဖွားနှင့် ခြေသလုံးအရှည်ကြီး နှစ်ချောင်းကို တွေ့ကြရာ သုံးယောက်သား နေရာမှ ထွက်ပြေးကြရပြန်တော့သည်။

ပြေးရင်းလွှားရင်းနှင့် အချိန်ကလည်း တဖြည်းဖြည်း





ညည်းလာပြီဖြစ်ရာ တောထဲမှာ မှောင်လာလေပြီ။

ညအချိန် အစာရှာထွက်လာသော တောကောင်ကြီးများ အသံအချို့ကိုပင် ကြားလာရသည်။

သို့ကြောင့် ဆက်မသွားဝံ့တော့သဖြင့် ကန့်ပလာပင်ကြီးတစ်ပင်၏ သစ်ခွဆုံပေါ်မှာ သစ်သားများဖြင့် လင့်စင်ထိုးကာ အပေါ်တက်နေကြရသည်။

သုံးယောက်စလုံး တစ်နေကုန် ပြေးရလွှားခဲ့ရသော ကြောင့် မောပန်းနေကြပြီ။

သို့သော် စားစရာလည်းမရှိ၊ သောက်ရေလည်း မကျန်တော့ပေ။ ရေငတ်သည့်ဒဏ်၊ ထမင်းဆာသောဒဏ်ကို အလူးအလဲ ခံရတော့သည်။

"တစ်ညလုံး စားစရာလည်းမရှိ၊ သောက်စရာလည်း မရှိနဲ့တော့ ဒုက္ခပါပဲကွာ"

တစ်ယောက်က ညည်းညူလိုက်သည်။

"အခုမှတော့ ညည်းမနေနဲ့တော့ ဖြစ်သမျှအကြောင်း အကောင်းလို့သာ သဘောထားပေတော့၊ အသက်မသေကြတာပဲ ကံကောင်းတယ်မှတ်ပါ"

"ငါတို့ အခုလိုဖြစ်တာ နက်ကျော်အဖေ ကွင်းပိုင်တာ သောများ လုပ်နေရော့သလား မသိဘူး"

ဟု တစ်ယောက်ကပြောသည်။

လင့်စင်ပေါ်မှာ သူတို့သုံးယောက်အပြင် ခွေးနှစ်ကောင်လည်း ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးနှစ်ကောင်မှာ အစာမစားရသေး၍လား၊ အဖော်ခွေးတစ်ကောင် သေသွား၍လား မပြောတတ်ပေ။

တစ်နေရာမှာ ခွေအိပ်နေကြသည်။

အတန်ကြာတော့ တစ်နေရာမှ ခွေးဟောင်သံ ကြားသည်။

ခွေးဟောင်သံကြားရုံဖြင့် သေသွားသော ခွေးဟောင်သံဖြစ်ကြောင်း သုံးယောက်စလုံး သိကြသည်။

"အောင်နက် အသံမဟုတ်လား"

"ဟုတ်မယ် ထင်တယ်"

"အောင်နက်များ အသက်ပြန်ရှင်လာရော့သလား"

ဟု ပြောဆိုရင်း နားစွင့်နေကြရာ ခွေးဟောင်သံက ဖြည်းဖြည်း နီးလာသည်။

စင်ပေါ်မှာ လူသုံးယောက်နှင့် ခွေးနှစ်ကောင် ရှိကြရာ လူသုံးယောက်ကသာ ထိုခွေးဟောင်သံကို ကြားရ၊ ခွေးနှစ်ကောင်ကတော့ ကြားကြဟန်မတူပဲ ခွေအိပ်မြဲ အိပ်ကြသည်။

ခဏကြာတော့ တောထဲမှ ထိုးထွက်လာသော ခွေးကောင်ကို လှမ်းမြင်ရသည်။ မြားချက်သင့်ပြီး သေသွားသော ဖြတ်ခွေးကြီးပင် ဖြစ်၏။

"ဟင်. . ဟိုမှာ အောင်နက်မဟုတ်လား"

"အေး ဟုတ်တယ်၊ မသေလို့ ပြန်ထလာတာဖြစ်မယ်"

အောင်နက်ဆိုသော ဖြတ်ခွေးကြီးမှာ ရွှေထွန်းမွေးထားသော ခွေးဖြစ်ပြီး ရွှေထွန်းက သူ့ခွေးကို အတော်ချစ်သည်။





သေဆုံးသွားပြီ ဖြစ်သဖြင့် စွန့်ပစ်ထားခဲ့ရာမှ ယခုကဲ့သို့ အသက်ပြန်ရှင်ပြီး လိုက်လာသည်ကို မြင်သောအခါ များစွာ ဝမ်းသာသွားလေသည်။

"ငါ့ခွေး မသေဘူးဟ. . ၊ ဟိုမှာ လိုက်လာပြီး တော်ပါသေးရဲ့"

ဟု ပြောသည်။

နက်ကျော်ဆိုသော ခွေးကြီးကတော့ သစ်ပင်အောက်မှ ဆောင့်ကြောင့်ထိုင်ရင်း၊ သစ်ပင်ပေါ်မှ သူတို့ကို မော့ကြည့်ကာ အမြီးတလှုပ်လှုပ်ရှိနေသည်။

ပါးစပ်မှ တအီအီနှင့်လည်း အော်မြည်နေသည်။

ထိုအခါ ရွှေထွန်းက သစ်ပင်အောက်ဆင်းပြီး ခွေးကို ခေါ်ရန် ပြင်နေတော့ တောအတွေ့အကြုံရှိသော စံရွှေက ပြောသည်။

"မင်း. . အောက်ကို မဆင်းသင့်ဘူးလာ ရွှေထွန်း"

"ဘာဖြစ်လို့လဲ"

"လူတွေထက် ခွေးတွေက ပိုသိတယ်၊ အခု အောက်မှ ခွေးတစ်ကောင် ရောက်နေတာတောင် သစ်ပင်ပေါ်က ခွေးတွေက ငြိမ်နေတာကတော့ နည်းနည်းထူးဆန်းတယ်"

"ဒီခွေးနှစ်ကောင်က ဘာမှအားကိုးရတာမှ မဟုတ်တာ၊ မသေလို့သာ ဒီနေရာရောက်လာတာပေါ့"

ဟု ပြောပြီး ပုဆိုးတိုတိုဝတ်ပြီး သစ်ပင်အောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားလေသည်။

သူ့ သစ်ပင်အောက်ရောက်တော့ မြင်ကွင်းက ပြောင်း သွားလေပြီ၊ သစ်ပင်အောက်မှာ ဆောင့်ကြောင့်ထိုင်နေသည်မှာ သူ့ခွေးနက်ကျော် မဟုတ်တော့ပဲ တောကောင်ကြီး ဖြစ်နေတော့ သည်။

"ဟင်. . ."

ဒီတော့မှ ကြောက်လန့်တကြားနှင့် သစ်ပင်ပေါ် ပြန် တက်ပြေးရန် ကြိုးစားသော်လည်း မရတော့ပေ။

မနီးမဝေးမှာ ရောက်နေသော ကျားက ဝေါခနဲ ခုန်ဝင် လာပြီး ရွှေထွန်းလည်ကုပ်ကို ကိုက်ကာ တောထဲသို့ ဝင်သွားလေ တော့သည်။

ရွှေထွန်း၏ စူးစူးဝါးဝါး အော်သံကြားရပြီး ထိတ်လန့်စ ရာ ကောင်းလှသည့် မြင်ကွင်းကို တွေ့မြင်ရသော်လည်း သစ်ပင် ပေါ်မှ နှစ်ယောက်တို့မှာ ဘာမှ မတတ်နိုင်ကြ။

အကူအညီ မပေးနိုင်ကြတော့ပေ။

နောက်တော့ အော်သံများက တဖြည်းဖြည်း ဝေးသွား ကာ ပျောက်သွားလေတော့သည်။

တောတောင်မာယာ၏ လှည့်စားမှုများကို မသိပါ မုဆိုးဘဝမှ သားကောင်ဘဝသို့လည်း ရောက်နိုင်ကြပေသည်။





# အခန်း (၆)

# မလှမသည့် အညတြတို့၏ ဘဝခရီးကြမ်း

မော်ဇာရွာရှိသော မော်ဇာကျွန်းနှင့် ဘီလူးမဂယက် ကျွန်းတို့မှာ မျက်စောင်းထိုး အနေအထားမျိုးရှိသည်။

လှမ်းကြည့်လျှင် မြင်ရသည်။

လှေဖြင့်ကူးသွားလျှင် ရောက်နိုင်သည်။

ထိုနေရာတစ်ဝိုက်မှာ ရှိကြသော ကျွန်းလေးကျွန်းတို့မှာ လေးပွင့်ဆိုင် အနေအထားမျိုး ရှိကြသောကြောင့် တစ်ကျွန်းနှင့် တစ်ကျွန်း လှမ်းကြည့်လျှင် မြင်နိုင်သလို ကျွန်းတစ်ကျွန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျွန်းတို့မှာလည်း ကူးလူးဆက်ဆံမှု ရှိကြလေသည်။

ဘီလူးမဂယက်ကျွန်းမှာ မော်ဇာကျွန်းလောက် မကြီးမားသော်လည်း စည်ကားသော နေရာတစ်နေရာ ဖြစ်သည်။ ထိုကျွန်းပေါ်တွင် ဈေးဆိုင်များနှင့် ပွဲစားတန်းများရှိသည်။ ထင်းပွဲစခန်းများ ရှိသဖြင့်လည်း လှေကြီးလှေငယ် တုံကင်း၊ သင်္ဘော၊ စက်လှေတို့ အဝင်အထွက်ရှိသည်။ မော်ကျွန်းမြို့နှင့် ပြေးဆွဲနေသော သင်္ဘောရှိသည်။ ရန်ကုန်မှလာသော တုံကင်းများက တစ်စင်းနှစ်စင်း အမြဲရောက်နေတတ်သည်။

တုံကင်းများက ကမ်းမှာကပ်နေခြင်းမဟုတ်ပဲ ကမ်းနှင့် မနီးမဝေးမှာ ကျောက်ချပြီး နေကြသည်။

အများအားဖြင့်တော့ ထိုတုံကင်းများမှာ ကုလားအလုပ်သမားချည်းပါပြီး မြန်မာအချို့လောက်သာ ပါသည်။

ထိုမြန်မာများက ထင်းစာရင်း ရေတွက်ခြင်းနှင့် စကားပြန်များအဖြစ် လိုက်လာကြခြင်းဖြစ်သည်။

တုံကင်းမှာ သစ်သားဖြင့် ပြုလုပ်ထားသော စက်မပါသော လှေကြီးများဖြစ်သည်။

ကနုစိုထင်း သယ်ယူရာတွင် အသုံးပြုသည်။ စီဘီဆိုသည်က သံပြားဖြင့်ပြုလုပ်ထားပြီး စက်မပါသော သင်္ဘောဖြစ်သည်။

၎င်းက စပါးဆွဲရာမှာ အသုံးပြုသည်။ ထင်းပေါက်ခြမ်း သယ်ယူရန်လာကြသော တုံကင်းများမှာ အများအားဖြင့်တော့ ရန်ကုန်ဘက်မှ လာကြတာများသည်။ ထိုတုံကင်းများကို စက်





တပ်ထားသော သင်္ဘောတစ်စင်းက တွဲလာပြီး လာပို့ပေးသည်။

တုံကင်းတစ်စီးပေါ်မှာ ထမင်းချက်၊ ရေပက်၊ ကြိုးချည်၊ ဆင်းစီး၊ ထင်းစာရင်းမှတ်၊ ငွေကိုင် စသော အလုပ်သမား အတော်များများပါပြီး အားလုံး ကုလားအလုပ်သမားများသာ များသည်။

တုံကင်းတစ်စင်းပေါ်မှာ အနည်းဆုံး အလုပ်သမား ဆယ်ယောက်ခန့် ပါသည်။

၎င်းတို့အတွက် ရိက္ခာကတော့ ဆန်ကြမ်း၊ ပဲ၊ ငရုတ်သီး၊ ဆား၊ ဘိန်း၊ ဆေးခြောက်တို့ပင် ဖြစ်သည်။

ကုလားများက ဘိန်းထက်၊ ဆေးခြောက်ကို ပိုမိုနှစ်သက်ကြသဖြင့် တုံကင်းများပေါ်မှာ ဆေးခြောက်ပါသည်က များလေသည်။

နေ့ဘက် အလုပ်လုပ်စရာရှိတာလုပ်ပြီး ညအချိန်ရောက်လျှင် ဆေးခြောက်ရှူပြီး မှိန်းကြသည်။

ကင်းစောင့်သူသာကျန်ပြီး ကျန်လူများကတော့ အားလုံး ခွေနေကြတော့သည်။

ကင်းစောင့်သူကလည်း သူခိုးသူဝှက်များကို စောင့်ရသည်ထက် တုံကင်းထဲ ရေဝင်မှာကိုစောင့်ကြည့်ရသည်။

ရေတက်၊ ရေကျ ပြောင်းလဲချိန်တွင် တုံကင်းကိုရေကြောင်းနှင့် အလိုက်သင့် ပြောင်းပေးရခြင်းနှင့် ညအချိန်ရောက်ပါက မီးအိမ်တစ်လုံးကို တုံကင်းဦးပိုင်းတွင် တိုင်ဖြင့် ထွန်းပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့မှသာ အမှောင်ထဲမှ ဝင်လာသော လှေ့သမွှန်၊ သဘော်ာစသည်တို့က မြင်ပြီး အဝေးမှ ရှောင်သွားကြစေရန်ဖြစ်သည်။

မြစ်ဝကျွန်းပေါ် သစ်တောများ အတွင်းမှာ အလုပ်လုပ်နေကြသူများမှာ ဗမာလူမျိုးများသည်။

ကရင်လူမျိုးများလည်း ရှိကြသော်လည်း ၎င်းတို့က ကနစိုထင်းဖြတ်သော အလုပ်ကိုမလုပ်ကြပဲ အမဲလိုက်သော အလုပ်ဖြင့်သာ အသက်မွေးကြလေသည်။

ဗမာအတော်များများကတော့ ကနစိုထင်းဖြတ်ပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။

ကနစိုထင်းဖြတ်သော အလုပ်မှာ အသက်အန္တရာယ်နီးသလောက် အလုပ်ကြမ်းများထဲမှာ အကြမ်းဆုံး အလုပ်မျိုးလည်း ဖြစ်သည်။

ကနစိုပင်ကြီးများမှာ လူနှစ်ဖက်၊ သုံးဖက်လောက် လုံးပတ်ကြီးပြီး အပင်မြင့်မျိုးဖြစ်သည်။

သစ်တောသမားတို့ အပြောအရဆိုပါ 'မော့ကြည့်ပါက ခေါင်းပေါင်းကျွတ်အောင်မြင့်သော' သစ်ပင်မျိုးဖြစ်သည်။

ပင်ခြေတွင် အမြစ်မှထွက်သော ငရုတ်တိများရှိသည်။ အချို့တုံးသော်လည်း အချို့ချွန်ထက်သည်။

ပင်စည်အောက်ခြေတွင် ကြီးမားကျယ်ပြန့်သော ကနစိုကဗျင်းကြီးများရှိသည်။

ကနစို ကဗျင်းကြားထဲ လူဝင်နေပါက အခြားတစ်ဘက်





မှ မမြင်နိုင်ပေ။

အောက်ခြေမှ အပေါ်ကိုင်းအထိ ပေလေးဆယ်၊ ငါးဆယ်မြင့်သည်။ ပင်လယ်ကမ်းခြေဘက်တွင် ပေါက်သောသစ်အမျိုးအစားတို့တွင် အမာဆုံး သစ်မာအမျိုးအစားဖြစ်သည်။

ကနစိုသစ်ဖြတ်ရာမှာ အနည်းဆုံး လူသုံးယောက်မှ လေးယောက်အထိ အသုံးပြုကြသည်။

လက်ဆွဲလွှကို အသုံးပြုရပြီး ဓား၊ ကပ်ပါး၊ ပေါက်ဆိန်၊ သံသတ်တို့ကို အကူပစ္စည်းအဖြစ် ထားရသည်။

လွှသွား(လွှစွယ်) တုံးသွားလျှင်သွေးရန် တံစဉ်းနှင့် ဖယ်တို့ကိုလည်း ဆောင်ထားရသည်။

ကနစိုပင်တစ်ပင်ကို လှဲတော့မည်ဆိုပါက မလှဲခင်ကတည်းက အပြစ်အနာအဆာ ကြည့်ရသည်။

သစ်ခေါင်း၊ သစ်ဆွေး၊ အဖုအထစ် အမျက်များသောသစ်၊ တွန့်လိမ်ကွေးကောက်နေသောသစ်၊ အရင်းမှ အဖျားအထိ အကိုင်းအခက်ရှုပ်ထွေးသောသစ်၊ သစ်တံခါး၊ သစ်ညီနောင်၊ ဒန်းစီးနွယ်ခို၊ သစ်ကြားညပ်နေသော သစ်များဆိုလျှင် ရှောင်ကြဉ်ကြရသည်။

အစိုးရ သတ်မှတ်ပေးထားသော ပေမမီသည့် သစ်ပင်ပေါက်များကိုလည်း မလှဲမဖြတ်ရပေ။

သစ်ပင်တစ်ပင်ကို စိတ်ကြိုက်တွေ့ပါက လှဲဖြတ်ရန်ပြင်ရသည်။

ဦးစွာ ပင်ခြေတစ်ဝိုက်ကို ရှင်းလင်းရသည်။ ကနစိုက



www.burmeseclassic.com

www.burmeseclassic.com



ဗျင်းကို ဖောက်ထုတ်ပစ်ရသည်။

သစ်ပင်လှဲချမည့်ဘက်မှာ သစ်ပင်တင်နေနိုင်သော နွယ်များနှင့် အခြားသစ်ပင်များ ရှိမရှိ ကြည့်ရသည်။

လွတ်လပ်ပြီးဆိုတော့မှ သစ်ပင်ခြေမှ ခပ်စောင်းစောင်း တိုက်ဖြတ်ပြီး လှဲချသည်။

မိမိအလိုရှိသော နေရာဘက်သို့ လဲကျစေရန် သံသတ်များကို အသုံးပြုပေးရသည်။

သံသတ်ထုပေးခြင်းမှာ အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ အခြားသူများ ရောက်နေပါက အချိန်မီ ရှောင်သွားစေနိုင်ရန်ဖြစ်သည်။

သံသတ်ထုသံနှင့် သစ်ပင်လဲကျသံတို့မှ တောတစ်တောလုံး သိမ့်သိမ့်တုန်သွားသည်အထိ အသံကျယ်လောင်လှသည်။

သစ်ပင်တစ်ပင် လဲကျသွားလျှင် အခြားသစ်ပင်များစွာတို့ ပျက်စီးကြရသည်။

ထိုသို့လဲကျသွားပြီးလျှင် မလွတ်သော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ဖယ်ရှား ပစ်ရသည်။

သစ်လုံးကြီး တောက်လျှောက်မှာရှိသော အကိုင်းအခက် အဖုအထစ်များကို ခုတ်ထွင်ဖယ်ရှားပစ်ရသည်။

သစ်ကိုင်းများကို ဓားဖြင့်ခုတ်ပြီး အဖုအထစ်များကိုတော့ ကပ်ပါးဖြင့် ရွှေခုတ်ပစ်ရသည်။

အပင်ရင်းမှ အဖျားပိုင်းအထိ ရှင်းလင်းပြီးသောအခါ





သစ်လုံးကြီးမှာ ဖယောင်းတိုင်ကြီးတစ်တိုင် ချထားသကဲ့သို့ စင်းစင်းကြီး ရှိနေတော့သည်။

ထိုအခြေအနေရောက်လျှင် မြေပေါ်သို့ ပြုတ်မကျစေရန် သစ်ကိုင်းထောက်ကြီးများနှင့် ထောက်ပေးထားရသည်။

အကယ်၍ မြေပေါ်သို့ ပြုတ်ကျသွားလျှင် ခါးကုန်းပြီးလွှဆွဲရသောကြောင့် ပိုပြီးပင်ပန်းသည်။

သစ်လုံးဘေးတစ်ဖက်တစ်ချက်မှ သစ်ကိုင်းထောက်များဖြင့် အစီအရီထောက်ပြီးသောအခါ ပင်ခြေနှင့် တစ်ဝက်ပျက်တွဲနေသေးသော သစ်ခေါင်းတုံးကို လိုသောနေရာမှ တိဖြတ်ချလိုက်သည်။

သစ်ခေါင်းတုံး ပြတ်သွားသောအခါ ကနုစိုသစ်တုံးကြီးက ထောက်များပေါ်၌ စင်းစင်းကြီး ရှိနေလေပြီ။

ထိုအခါ ခေါင်းဆောင်လုပ်သူက သစ်လုံးပေါ်မှာ ရှစ်လက်မခန့် အရာများ လိုက်ပေးထားသည်။

ကျွန်နှစ်ယောက်က ထိုအရာများအတိုင်း ရှစ်လက်မခန့် အလျားရှိသော ကနုစိုသစ်တုံးများကို ဖြတ်ချရသည်။

သစ်လုံးကြီးပါ သစ်တုံးတစ်တုံးရဖို့ အနည်းဆုံး နာရီဝက်မှ တစ်နာရီခန့် ကြာသည်။

သစ်ပင်တစ်ပင်လုံးပြီးအောင် တစ်ရက်နှစ်ရက် ကြာချင်ကြာသည်။ လွှကောင်းလျှင် ကနုစိုသစ်တုံးများကို ဖြတ်ချထားသည်မှာ သခွားသီးကို ဓားပြတ်ပြတ်ဖြင့် အကွင်းလိုက် လှီးထားသည်နှင့် တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှကောင်းဖို့ဆိုတာ လှသွေးကောင်း၊ လှကိုင်ကောင်းဖို့လိုသည် လှကို ဖယ်ကိုင်တာကောင်းလျှင် လှကောင်းသည်။

ဖယ်ကိုင်တာ မကောင်းပါက လှမကောင်းပေ။

လှမကောင်းပါက သစ်တုံးကြားညှပ်နေပြီး ရှေ့မတိုးတော့ပေ။ သို့ကြောင့် ထင်းပွဲရုံများက လှကိုင်ကောင်းသူတို့ကို လက်သပ်မွေးထားကြရသည်။

သစ်ပင်တစ်ပင်လုံး ဖြတ်ပြီးပါက ထိုသစ်တုံးများက ကမ်းစပ်ရောက်အောင် ပခုံးဖြင့် ထမ်းချရသည်။

အချို့သစ်တုံးများမှာ လူတစ်ယောက်ထမ်း၍ မနိုင်အောင် ကြီးမားသည်။

ကနစိုသစ်က အပင်ကြီးလေ အနှစ်များလေဖြစ်ပြီး အနှစ်များလေ ထမ်းရတာ ပိုလေးလေ ဖြစ်၏။

ထို့ပြင် သစ်တောထဲမှာ လမ်းမရှိပေ။

ဆူးခြောင့်ခလုတ်များ၊ သစ်ပင်များကြားမှ တိုးသွားရသောကြောင့် ပခုံးပေါ်မှ ထမ်းထားသော သစ်တုံးအလေးချိန်နှင့်ဆိုပါက အတော်ပင်ပန်းသည်။

သစ်တုံးများ ချောင်းကမ်းပါးသို့ရောက်အောင် သယ်ယူပြီး စုပုံထားပြီးပါက လှေအသေးများဖြင့် ပွဲရုံဆိပ်ကမ်း ရောက်သည်အထိ သယ်ယူရပြန်သည်။

ပွဲရုံဆိပ်ကမ်းရောက်တော့ သစ်တုံးများကို အဆင့်သင့်စုပုံထားရသည်။

ညအချိန် ရောက်သောအခါ အောက်လင်းဓာတ်မီးများ





ထွန်းပြီး ထင်းပေါက်ရပြန်သည်။

ဗျက်လေးလက်မရှိပြီး ဒုတစ်လက်မ ဝန်းကျင်ရှိသည့် ထင်းပေါက်ခြမ်းများကို ပုဆိန်ဖြင့် ပေါက်ချရသည်။ အလုပ်တွင်ကျယ်စေရန် အောက်လင်းဓာတ်မီးကို ပွဲစားက ရေနံဆီအကုန်ခံပြီး ထွန်းပေးထားခြင်းဖြစ်သည်။

ထင်းတုံး အကြီးအသေးအလိုက် ထင်းတုံးတစ်တုံးလျှင် ထင်းပေါက်ခြမ်း (၅၀မှ ၁၀၀/၁၅၀) အထိ ရရှိလေသည်။

လက်ဆကောင်းပြီး ထင်းပေါက်ကောင်းလျှင် တစ်ရက်လျှင် ထင်းပေါက်ခြမ်း တစ်သောင်းအထိ ရသည်။

အချို့ ထင်းပေါက်ကောင်းသူများက တောထဲဝင်ပြီး ထင်းမဖြတ်ကြပဲ ပွဲရုံရောက်လာသော ထင်းတုံးများကို လက်ခစား ပေါက်ကြရာ ထင်းဖြတ်သူများ ရသလိုပင် ရကြသည်။

ထင်းပေါက်ခြမ်းအဖြစ် ရောက်သောအခါ လှေထဲသို့ ရေတွက်ပြီး ထည့်သည်။

ထိုစာရင်းကို ပွဲစားကသော်လည်းကောင်း၊ ၎င်းတာဝန်ပေးထားသော ထင်းစာရေးကသော်လည်းကောင်း မှတ်သားပေးထားရသည်။

နောက်တစ်နေ့ရောက်လျှင် ထင်းပေါက်ခြမ်းများကို တုံကင်းပေါ်သို့ သွားပစ်တင်ပေးရသည်။

ထင်းအရေအတွက်ကို တုံကင်းမှာရှိသော စာရေးနှင့်ပွဲရုံမှ စာရေးတို့က အတူတူ မှတ်သားကြသည်။

ပြီးတော့ တုံကင်းမှ ကျသင့်ငွေကို ပွဲရုံကို ရှင်းပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပွဲစားက ပွဲခငွေနုတ်ပြီး ထင်းသမားကို ငွေရှင်းပေးသည်။ ပွဲစားတန်းမှာရှိသော ပွဲရုံတိုင်းလိုလိုပင် ကုန်စုံဆိုင်ကြီးများ ထောင်ထားသည်။

ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အဝတ်အထည်၊ ဆေးဝါး၊ ရေနံဆီ၊ ဓာတ်ဆီ၊ မီးခြစ်၊ ဆေးလိပ်၊ ထန်းလျက်၊ ကြံသကာ၊ လက်ဖက်ခြောက်စသော သစ်တောအလုပ်သမားအတွက် မရှိမဖြစ်သော အစားအသောက် အသုံးအဆောင်တို့ကို တင်ရောင်းသည်။

ပွဲရုံမှာ အလုပ်လုပ်နေသော အလုပ်သမားက လိုသော ကုန်ပစ္စည်းကို ကြွေးစာရင်းဖွင့်ပြီး လိုသလောက်ယူသည်။

ထင်းဖိုးငွေရတော့ ပြန်ဆပ်ရသည်။

ထင်းဖြတ်သမားများအဖို့တော့ ငွေပေါ်သည်နှင့် ကြွေးဆပ်ရသောကြောင့် ပိုလျှံသည် မရှိကြပေ။

မဆပ်၍လည်း မဖြစ်ပေ။ ထင်းဖိုးငွေက ပွဲစားက ကိုင်ထားသည်ဖြစ်ရာ ရသည်နှင့် သူ့ရစရာရှိသည်ကို တစ်ခါတည်း နုတ်ယူထားလိုက်သည်။

ထို့ကြောင့် သစ်တောအတွင်းမှာ သူတို့လှဲဖြတ်ခဲ့သော သစ်ပင်မှ အရွက်ခြောက်ပြီး မကြွေခင်မှာ ထင်းဖိုးငွေက ကုန်နှင့်နေပြီဖြစ်၏။

ထိုအခါ ပွဲစားဆီမှ စားစရိတ်တို့ကို ကြွေးဖြင့်မှတ်ယူပြီး တောထဲဝင်ကြရပြန်လေသည်။

ထင်းဖြတ်ကြသူများက ဘယ်သောအခါမှ ပိုပိုလျှံလျှံ





ကြသော်လည်း ထင်းပွဲရုံထောင်သော ပွဲစားများကတော့ တစ်နေ့တခြား ကြီးပွားချမ်းသာလာကြသည်။

ဘီလူးမဂယက်ကျွန်းသည် ရှေးအခါက နေထိုင်ဝံ့သူမရှိသော်လည်း နောက်ပိုင်းမှာတော့ ထင်းဖြတ်သူများ လာရောက်အခြေချကြရာမှာ တဲစုကလေးများ ဖြစ်လာသည်။ နောက်တော့ တဖြည်းဖြည်း များလာပြီး ရွာဖြစ်လာသည်။ ရှေးအခါကတော့ ထင်းပွဲစားများက မော်ကျွန်းမြို့မှာပင် နေကြသည်။

မော်ကျွန်းမြို့ တုံးလှဲချောင်းကမ်း တစ်လျှောက်မှာ ထင်းရုံအချို့ ရှိခဲ့သည်။

နောက်တော့ စီးပွားရေးအကွက်မြင်သော ပွဲစားများက အလုပ်သမားများရှိသော နေရာအထိ လာရောက်ပြီး ပွဲရုံဖွင့်ကြသည်။

တစ်ဦးကလာတော့ နောက်တစ်ဦးကလည်း လိုက်လာသည်။

ဤသို့ဖြင့် ပွဲစားတန်းများ ဖြစ်လာသည်။ ပွဲစားတန်းဖြစ်တော့ ထင်းဝယ်သော တုံကင်းများ ရောက်လာသည်။ မော်ကျွန်းမြို့နှင့် ထင်းပွဲစခန်းကို ပြေးဆွဲပေးသော သင်္ဘောများပါ ရှိလာကြလေသည်။

ယခင်က သစ်တောအလုပ်သမားများသာရှိသော ဘီလူးမဂယက်ကျွန်းမှာ ပွဲတန်းကြီး ဖြစ်လာသည်။

'ဘီလူးမဂယက် ထင်းပွဲစခန်း'ဟုပင် ခေါ်ဝေါ်ကြသည်။

ထိုထင်းပွဲစခန်းများထဲတွင် ပွဲရုံ(၅)ရုံခန့် ရှိရာမှာ



www.burmeseclassic.com

www.burmeseclassic.com



'မိဘမေတ္တာထင်းပွဲရုံ'လည်း တစ်ရုံအပါအဝင်ဖြစ်သည်။ ထိုထင်းပွဲရုံမှာ ရွာထိပ်လောက်တွင်ရှိပြီး အလုပ်သမား အများအပြား ရှိသော ပွဲရုံလည်းဖြစ်သည်။

ထိုပွဲရုံပိုင်ရှင်မှာ ဦးကျော်၊ ဒေါ်လှစိန်တို့ဖြစ်သော်လည်း ၎င်းတို့က အိမ်မှာဖွင့်ထားသော စျေးဆိုင်ကိုပင် တာဝန်ယူကြပြီး ပွဲရုံအလုပ်များကိုတော့ သားဖြစ်သူ'ရင်မောင်'က ဦးစီးလုပ်ကိုင်လေသည်။

ရင်မောင်မှာ အသက်(၂၅)နှစ်ကျော်ကျော်ခန့်ရှိပြီး သဘောမနော ကောင်းသူဖြစ်သည်။

အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနှင့် ယောကျ်ားပီသသော သွင်ပြင်လက္ခဏာမျိုးရှိသည်။

အလုပ်သမားများအပေါ်၌ ညာတာတတ်ပြီး ကိုယ်ချင်းစာတရားလည်း ရှိသောကြောင့် ၎င်းတို့၏မိဘမေတ္တာ ထင်းပွဲရုံ၌ အလုပ်သမားများသည်။

၎င်းတို့မိသားစုများမှာ မော်ကျွန်းမြို့မှ လာရောက်လုပ်ကိုင်ကြသူများဖြစ်ကာ ၎င်းတို့လာရောက်စဉ်ကပင် မော်ကျွန်းမြို့မှ အတူလိုက်ပါလာသူအချို့ ရှိပေသည်။

ထိုအထဲတွင် နီမောင်တို့မိသားစုလည်း အပါအဝင်ဖြစ်သည်။ နီမောင်တို့မှာ မိသားစုသုံးယောက်သာရှိပြီး ထိုနေရာသို့ လိုက်လာစဉ်က ထင်းဖြတ်သော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ရည်ရွယ်ပြီး လိုက်လာကြခြင်း ဖြစ်ကြသည်။

နီမောင်နှင့် ရင်မောင်တို့မှာ တစ်မြို့တည်းသားများ





လည်းဖြစ်၊ ငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်းများလည်း ဖြစ်ခဲ့ကြကာ ခင်မင်ကြသူများဖြစ်သည်။

ရင်မောင်တို့ မိသားစုက ချောင်လည်ပြီး နီမောင်တို့ မိသားစုကတော့ ဆင်းရဲသည်။

နီမောင်ဖခင် ဦးဘရှိန်က သစ်တောဆင်းသော လှေတစ်စင်းမှာ အခစားဖြင့် လိုက်ပါ အလုပ်လုပ်ရသူဖြစ်သည်။

ဖခင် အသက်အရွယ် ရလာသောအခါ နီမောင်ပါ ကျောင်းမှထွက်ပြီး ဖခင်နှင့်အတူတူ လိုက်လုပ်ရလေသည်။

နီမောင်က အသက်(၂၀)ပင် မပြည့်သေးသော အရွယ်တွင် ထင်းတော၊ သစ်တောအလုပ်များ၊ ကနစိုထင်းဖြတ်သော အလုပ်များကို ကျွမ်းကျင်မှု ရှိနေခဲ့သည်။

တစ်နေ့ နီမောင်နှင့်တွေ့တော့ ရင်မောင်က ပြောလေသည်။

"နီမောင် မင်းတောဆင်းတာ ပြန်ရောက်လာပြီလား"

"အေး. . ပြန်ရောက်လာပြီ"

"ငါမင်းကို မေးစရာရှိလို့ကွာ"

"သိချင်တာရှိရင် မေးပေါ့ကွာ၊ ငါသိတာဆိုရင်တော့ ပြောပြပေးမှာပေါ့"

"မင်းတို့ အလုပ်သွားလုပ်တဲ့ သစ်တောတွေက ဘယ်ဘက်မှာ ရှိတာလဲဟင်"

"တောင်ဘက်ပိုင်း ဟိုးပင်လယ်ကမ်းစပ်ဘက်မှာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေရှိသလဲဟင်"

"သစ်ပင်တွေလည်း အများကြီးရှိတယ်၊ တောတိရစ္ဆာန်တွေလည်း အများကြီးရှိတယ်၊ ဘာလဲ မင်းလိုက်ချင်လို့လား"

"လိုက်ချင်လို့ မေးတာမဟုတ်ဘူး၊ ငါ့အဖေက အဲဒီကို ပြောင်းပြီး အလုပ်လုပ်တော့မယ်လို့ ပြောနေကြတယ်"

"ဟင်. . ဘာသွားလုပ်မှာလဲ"

"ထင်းပွဲစခန်းမှာ ပွဲရုံထောင်ဖို့ သွားမှာလို့ပြောတယ်"

"မင်းအဖေက လုပ်ဖူးလို့လား"

"သိပ်တော့ မသိဘူးပေါ့ကွာ ဟိုရောက်တော့မှ တဖြည်းဖြည်း ကြည့်လုပ်ရမှာပေါ့၊ အဲဒါမင်းကို ပြောမလို့"

"ဘာပြောမှာလဲ"

"ငါတို့သွားရင် မင်းတို့မိသားစုပါ လိုက်ခဲ့ပါလား၊ ဒါ ငါတို့အတွက် အဖော်ရမှာ ငါလည်းအဖေတို့ ပြောင်းလို့သာလိုက် ရမှာ တစ်ခေါက်မှ မရောက်ဖူးတော့ သိပ်ကြောက်တာပဲ၊ မင်း ရင်တော့ ငါ့အတွက် အဖော်ရမှာပေါ့"

ဟုပြောရာ နီမောင်ကစဉ်းစားနေသည်။

သူတို့မိသားစု အခြေအနေကလည်း လစဉ်လိုလို အခြားသူထံမှာ လူငှားဘဝနှင့် တောကို ရောက်နေရသည်။

လူငှားဘဝနှင့် လိုက်နေရသောကြောင့် တစ်ခေါက် တစ်ခေါက် အလျှင်မမီပေ။

ရင်မောင်တို့နှင့် အတူလိုက်သွားပြီး အလုပ်လုပ်ရ တော့ အခြေအနေတစ်ခု ပြောင်းလဲနိုင်သည်ဟု တွေးမိ





သည်။

"အေးလေ မင်းပြောတာကို ငါ့အဖေတို့ ပြန်ပြောကြည့်မယ် သူတို့သဘောကျလို့ လိုက်မယ်ဆိုရင်တော့ ငါလာပြီးပြောပါ့မယ်"

"လိုက်ဖြစ်အောင်သာ လိုက်ခဲ့ပါကွာ၊ ဟိုရောက်တော့ မင်းတို့မိသားစု ဘာမှအခက်အခဲမရှိအောင် ငါတို့အကူအညီပေးပါ့မယ်"

ဟု အတန်တန်ပြောပြီး ခေါ်လေရာ၊ နီမောင်မိဘများကလည်း ဒီကနေ လိုက်လုပ်နေရတာနှင့်စာလျှင် ဟိုမှာ သွားလုပ်ရတာပိုပြီ အဆင်ပြေမည်ဟု ယူဆကြသဖြင့် ရင်မောင်တို့မိသားစုဖြင့် တစ်ပါးတည်း လိုက်လာခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

# ချစ်ခြင်းဖြင့် ရန်ငြိုးမွှေ့သောသူ

ယခုတော့ သူတို့ ထိုနေရာ၌ အခြေကျနေခဲ့ကြလေပြီ။ ဘီလူးမဂယက် ထင်းပွဲတန်းသို့ ရောက်ခဲ့ကြသည်ပင် ခုနစ်နှစ်ကျော် ရှစ်နှစ်အတွင်းသို့ ရောက်ခဲ့ကြလေပြီ။

ရောက်စက အခက်အခဲ အမျိုးမျိုးနှင့် တွေ့ကြုံရသော်လည်း နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် အဆင်ပြေလာကြရာ ယခုတော့ မိဘမေတ္တာ ပွဲရုံဆိုသော အမည်ဖြင့် အောင်မြင်သောအနေအထားသို့ ရောက်ခဲ့ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရောက်စအချိန်ကတော့ နီမောင်တို့သားအဖက လွှတ်
ဆိုင်း တာဝန်ယူပြီး လုပ်ကိုင်ပေးကြရသည်။

ပထမတော့ ရင်မောင်ဖခင် ဦးကျော်က ပွဲရုံအလု
များကို လုပ်ပြီး ရင်မောင်က အကူအညီ ပေးရသည်။

နောက်တော့ လုပ်ငန်းသဘောများကို သိလာသော
ခါ ရင်မောင်က ဖခင်ကို အနားပေးပြီး သူကိုယ်တိုင် ဦးစီးလု
ကိုင်လေသည်။ ပထမတော့ အခက်အခဲများ တွေ့ရသော်လည်း
နောက်တော့ တဖြည်းဖြည်း အဆင်ပြေလာသည်။

ကျွမ်းကျင်လာသည်။ ရောက်စကတော့ လွှဆိုင်းများ
ကနစိုသစ်နှင့် အခြားသစ်များ ရောထည့်လာလျှင်လည်း မသိ
ပေ။ ပေတိုသော ထင်းပေါက်ခြမ်းများ၊ တန်းမဝင်သော (ထိုထင်
မျိုးကို လက်ပဲ့ဟုခေါ်သည်) ထင်းပေါက်ခြမ်းများ ညှပ်ထည့်လာ
လျှင်လည်းမသိပေ။

တစ်နှစ်ပြီးတစ်နှစ် ကြာလာတော့မှ တဖြည်းဖြည်းန
လည်လာ သိလာခြင်းဖြစ်သည်။

ဦးကျော်အသက်အရွယ်ရလာတော့ ရင်မောင်က ပွဲ
ကို ဦးစီးလုပ်ကိုင်လေသည်။

ထိုအခါ ရင်မောင်က ပြောသည်။

"နီမောင် မင်းအဖေလည်း အသက်ကြီးပြီဆိုတော့ သ
တောအလုပ်တွေ သိပ်မလုပ်နိုင်တော့ဘူး၊ ဒီတော့ အနားပေ
လိုက်ပါကွာ"

"လွှဆိုင်းဆိုတာ နှစ်ယောက်လုပ်မှ ရတာ၊ အဖေမ





တော့ ငါက ဘယ်သူနဲ့ တွဲရမှာလဲ"

"ဒီလိုလုပ်ကွာ မင်းလည်း တောထဲမသွားနဲ့တော့၊ ငါ့ပွဲရုံ
မှာပဲ ထင်းစာရေးလုပ်ပေး၊ ငါက လစာပေးမှာပေါ့"

ဟုပြောပြီး ထိုတာဝန်ပေးလေရာ နီမောင်မှာ ရင်မောင်
လက်ထောက်ထင်းစာရေး ဖြစ်လာတော့သည်။

ထင်းစာရေးတာဝန်က လွှဆိုင်းများ သယ်ယူလာသော
ထင်းတုံးများ စစ်ဆေးရခြင်း၊ ထင်းပေါက်ခြမ်းများ စစ်ဆေးပေးရ
ခြင်း၊ အရေအတွက်များမှတ်ခြင်း စသောအလုပ်တို့ကို တာဝန်
ယူ လုပ်ပေးရသည်။

ငွေစာရင်းများကိုတော့ ရင်မောင်ကကိုင်သည်။ နောက်
ပိုင်းသူတို့နှစ်ယောက် တက်ညီလက်ညီ လုပ်ကိုင်ကြရာ ပွဲရုံအ
လုပ်များ အောင်မြင်တိုးတက်လာလေသည်။

ပွဲရုံတွင် လွှဆိုင်းများ တိုးပွားလာသလို အလုပ်ကောင်း
သူတို့လည်း ပါလာကြသည်။

ရန်ကုန်မြို့မှလာသော ထင်းကုန်သည် အတော်များများ
နှင့်လည်း အဆက်အသွယ် ရကြလေသည်။

ရှစ်နှစ်ကျော်ခန့် အချိန်ကြာသောအခါ မိဘမေတ္တာဟု
အမည်ပေးထားသော ထင်းပွဲရုံလေးမှာ တဖြည်းဖြည်းနှင့် ထင်းပွဲ
ရုံကြီး ဖြစ်လာတော့သည်။

တစ်နေ့တော့ ရင်မောင်က ပြောသည်။

"နီမောင် ငါတို့အခု အလုပ်နည်းနည်း နားရတုန်း မင်းနဲ့
ငါနဲ့ ကညင်ပင်ကျွန်းဘက် သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . သွားလုပ်မှာလဲ"

"ကညင်ပင်ရွာမှာ ငါသဘောကျနေတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်ကွ သူ့ဆီသွားမလို့"

"ကြဲကြဲဖန်ဖန် ဘယ်တုန်းက တွေ့တာလဲ"

"သူကငါတို့ ကျွန်းဘက်ကို လာလာပြီး ဈေးဝယ်ရင်းနဲ့ တွေ့ဖူးတာ၊ ငါတို့ဈေးဆိုင်မှာလည်း ဈေးဝယ်ဖူးတယ်"

"နာမည်ကော သိရပြီလား"

"မြသင်းကြူလို့တော့ ပြောသွားတာပဲ"

"သွားချင်လည်းသွားလေ ဟိုဘက်ကျွန်းသွားတာပဲ မဝေးလှပါဘူး၊ မင်းတို့ကို ပါရမီဖြည့်ပေးတော့ ငါလည်းကုသိုလ်ရတာပေါ့"

ဟု ပြောဆိုတိုင်ပင်ပြီး နှစ်ယောက်သား လှေတစ်စင်းဖြင့် ကညင်ပင်ကျွန်းဘက်သို့ ကူးခဲ့ကြသည်။

ရင်မောင်က မြသင်းကြူကို လက်ဆောင်ပေးရန် လက်ဆောင်ပစ္စည်းတချို့ ထည့်ယူလာသည်။

သူတို့နေသော ကျွန်းနှင့် ကညင်ပင်ကျွန်းက သိပ်မဝေးလှပဲ လှမ်းမြင်နေရသည်။

တောင်ဘက်၌ရှိပြီး အလယ်၌ ရေလက်ကြားတစ်ခုသာ ခြားလေသည်။

အချိန်က နေ့လယ်ပိုင်း အချိန်ဖြစ်ပြီး ရာသီဥတုက သာယာနေသည်။ မြစ်ရေပြင်ပေါ်မှာ လှိုင်းအိကလေးများသာ ရှိသည်။ ရင်မောင်က လှေဦးမှလှော်တက်ဖြင့် လှော်ပြီး နီမောင်က



BURMESE CLASSIC .com



အနောက်ဘက်မှ ခတ်တက်နှစ်ချောင်းဖြင့် မှန်မှန်ခတ်လာရာ ကညင်ပင်ကျွန်းသို့ ရောက်လာသည်။

ထိုကျွန်းပေါ်မှာလည်း ရွာတန်းတချို့ ရှိနေသည်။

မြသင်းကြူတို့ နေအိမ်ကို မေးမြန်းပြီး သွားကြရာ ရွာလယ်ပိုင်းလောက်တွင် ရှိသည်။

ကမ်းစပ်တွင် တံတားထိုးထားသဖြင့် ထိုတံတားမှာ လှေဆိုက်ပြီး အပေါ်သို့ တက်သွားကြသည်။

ကမ်းစပ်မှာ ငါးပုစွန်လှမ်းသောစင်ရှိပြီး၊ ငါးဖမ်းပိုက်များကိုလည်း နေလှမ်းထားသည်။

ထိုအခြေအနေကို ကြည့်ရုံမြင်ရုံဖြင့် ငါးပုစွန်ရှာဖွေသောအိမ်မှန်း သိရလေသည်။

မြသင်းကြူက ရင်မောင်ကိုမြင်တော့ အိမ်ထဲမှ ထွက်လာလေသည်။

သူမသည် အသက်(၂၀)ကျော် အရွယ်ခန့်ရှိပြီး ရင်မောင် ပြောသလို ချောမောလှပသူတစ်ဦးဖြစ်သည်။

ရုပ်ချောသလောက် အပြောအဆိုကလည်း သွက်လက်သည်။

"ဟော အစ်ကိုတို့ပါလား ဘယ်သွားကြမလို့လဲ"

"မြသင်းကြူဆီ လာလည်တာလေ ဒီမှာ မြသင်းကြူအတွက် လက်ဆောင်တွေတောင် ပါလာသေးတယ်"

ဟု ပြောပြီး ရင်မောင်က သူယူလာသော လက်ဆောင်ပစ္စည်းများကို ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကူးတက အစ်ကိုရယ် အားနာစရာ ကောင်းနေပြီ အိမ်ထဲဝင်ထိုင်ကြပါဦး"

ဟု ဖိတ်ခေါ်သဖြင့် နှစ်ယောက်သား အိမ်ပေါ်သို့ တက်ထိုင်ကြသည်။

အိမ်ဟုသာ ဆိုရသော်လည်း သာမန်ဆောက်ထားသော တဲကျယ်ကြီးတစ်လုံးဖြစ်ပြီး အိမ်ပေါ်မှာတော့ ငါးဖမ်းပိုက် ဖာနေသူအချို့ရှိသည်။

မြသင်းကြူ၏ မိဘများနှင့် ညီအစ်ကိုမောင်နှမများ ဖြစ်ပုံရလေသည်။

၎င်းတို့ကလည်း မြသင်းကြူထံသို့ လူပျို့လူရွယ်များ လာရောက်လည်ပတ်သည်ကို သဘောပေါက်ကြသဖြင့် လုပ်လက်စ အလုပ်များကို ရပ်တန့်ပြီး နေရာဖယ်ပေးကြသည်။

မြသင်းကြူက သူတို့နှစ်ယောက်ကို လက်ဖက်ရည်ကြမ်း ငါးခြောက်ဖုတ်၊ ပုစွန်ကင်တို့ဖြင့် ဧည့်ခံရင်း လက်ခံစကားပြောလေသည်။

"ဒီမှာက ရေသိမ်းချိန်ဆိုတော့ ပိုက်တွေ ဖာနေကြတယ်၊ အစ်ကိုတို့ ရောက်လာကာမှ ထိုင်စရာတောင် မရှိတော့ဘူး အားနာစရာဖြစ်နေပြီ"

"ရှိပါတယ် မြသင်းကြူရယ် ကျွန်တော်တို့ဆီမှာလည်း ကနစိုသစ်တုံးပေါ်မှာပဲ ထိုင်ရတာပါပဲ၊ ဒါထက် ကျွန်တော့်နာမည်က ရင်မောင်လို့ခေါ်တယ်၊ သူ့နာမည် နီမောင်"

ရင်မောင်က မိတ်ဆက်ပေးတော့ မြသင်းကြူက





မောင်ကို ယခုမှ တွေ့ဖူးဟန်ဖြင့် တစ်ချက်ကြည့်သည်။

"အစ်ကိုတို့ နှစ်ယောက်က ညီအစ်ကိုလား"

"ညီအစ်ကိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ညီအစ်ကိုလိုပဲ ချစ်ခင်ကြတဲ့ သူငယ်ချင်းတွေပါ"

နီမောင်က ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ထိုနောက် သူတို့နှစ်ယောက်လည်း စကားဆက်ပြောနေကြသဖြင့် နီမောင်က အလိုက်သိစွာဖြင့် ထလာကာ အခြားနေရာများသို့ လျှောက်ကြည့်နေလေသည်။

ကမ်းစပ်ဘက်မှာ ဆောက်ထားသော ရေစင်ပေါ်မှာ ပိုက်ဖာနေသူ တစ်ဦးနားမှာ ထိုင်ရင်း စကားပြောနေစဉ် တံတားဆိပ်သို့ နောက်ထပ်လှေတစ်စင်း ဝင်ကပ်လာသည်။

လှေခတ်လာသူက သူတို့နှင့် အသက်ချင်း သိပ်မကွာလှသော်လည်း ပုံပန်းသဏ္ဌာန်ကတော့ ခက်ထန်ကြမ်းတမ်းသည်။

အရပ်ကမြင့်ပြီး ကိုယ်လုံးကိုယ်ထည်က တုတ်ခိုင်သည်။ တစ်ကိုယ်လုံး အသားအရေက နက်မှောင်နေပြီး အပေါ်အင်္ကျီပင် မဝတ်ထားပေ။

ဟောင်းနွမ်းပြီး အရောင်အဆင်းမပေါ်တော့သည့် ဘောင်းဘီဒူးပြတ် တစ်ထည်ကိုသာ ဝတ်ထားသည်။

လည်ကုပ်အထိ ရှည်နေသော နီကြောင်ကြောင် ဆံပင်အချို့က မျက်နှာပေါ်သို့ တစ်ဝက်လောက် အုပ်ကျနေသည်။

မျက်နှာအမူအရာက ခက်ထန်ကြမ်းလှပြီး ကွမ်းအမြဲဝါးနေသောကြောင့် သွားများက မည်းနက်နေပြီး ပါးစပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး နီရဲနေသည်။

ခါးမှာ သားရေအိတ်ဖြင့် ထည့်ထားသော အမဲလိုက်ဓားတစ်ချောင်းပါလာသည်။

ဘီလူးတစ်ကောင်ကဲ့သို့ ကြမ်းတမ်းခက်ထန်သည့် ပုံပန်းသဏ္ဍာန်ရှိသူမှာ အခြားသူတော့ မဟုတ်ပေ။

မော်ဇာကျွန်းမှ မုဆိုးအလုပ်ဖြင့် အသက်မွေးသော နက်ကျော်ပင် ဖြစ်ပေတော့သည်။

နက်ကျော်က မြသင်းကြူကို ပိုးပန်းနေသူဖြစ်ရာ အမဲရလာလျှင် ဟင်းစားလာပို့ပေးတတ်လေသည်။

ယခုလည်း ဟင်းစားလာပို့ပေးခြင်းဖြစ်သည်။

သူသည် လှေဆိုက်ပြီးသည်နှင့် သွေးစက်စက်ပင်ရှိသေးသော အသားတွဲကြီးကို လက်မှဆွဲပြီး တံတားပေါ်တက်လာသည်။

တံတားပေါ်မှာ သူနှင့် ရွယ်တူလောက်သာ ရှိသေးသော နီမောင်ကိုမြင်တော့ မျက်ထောင့်နီကြီးဖြင့် တစ်ချက်လှမ်းကြည့်သည်။

သူနှင့် ရွယ်တူလောက်ရှိပြီး တစ်ခါမှမမြင်ဖူးသော လူရွယ်တစ်ယောက် မြသင်းကြူတို့အိမ်သို့ ရောက်နေခြင်းကို မြင်သဖြင့် စူးစမ်းသော အကြည့်မျိုးဖြင့် ကြည့်ခြင်းဖြစ်လေသည်။

ထို့နောက် ရေစင်ပေါ်မှ ဖြတ်ပြီးအိမ်ထဲသို့ ဝင်သွားလေသည်။

အိမ်ထဲမှာတော့ မြသင်းကြူနှင့် ရင်မောင်တို့က ရယ်





ရယ်မောမောနှင့် စကားပြောနေကြရာ နက်ကျော်ဝင်လာသည်ကို မြင်သောအခါ မြသင်းကြူမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"ငါ နင်စားဖို့ အသားတွဲ လာပို့ပေးတာ"

ဟုပြောပြီး ရင်မောင်ကို ကြည့်သည်။

"အေး. . အေး ကျေးဇူးတင်ပါတယ် နက်ကျော်ရယ်"

မြသင်းကြူက ပြောပြောဆိုဆိုနှင့် အသားတွဲကို ထယူပြီး မနီးမဝေးမှာရှိသော ချိတ်၌ ချိတ်ထားလိုက်သည်။

"သူက ဘယ်သူလဲ"

"ငါ့ မိတ်ဆွေပါ"

"ဘယ်က လာတာလဲ"

"သူတို့က ဘီလူးမဂယက်ကျွန်းမှာ ထင်းပွဲရုံလုပ်ကြတယ်"

"ဘယ်သူပဲဖြစ်ဖြစ် ငါကတော့ နင့်ဆီကိုဘယ်သူလာတာမှ သဘောမကျဘူး၊ အဲဒီလိုလာတဲ့သူဟာ ငါ့ရဲ့ရန်သူပဲ"

ဟု ပြောပြီး အပြင်သို့ ပြန်ထွက်သွားလေသည်။

မြသင်းကြူကတော့ မျက်စိမျက်နှာပျက်နေပြီး. . ရင်မောင်ကတော့ တအံ့တသြ ဖြစ်နေလေသည်။

"သူ. . သူက မြသင်းကြူရဲ့ ချစ်သူလားဟင်"

"အို. . မဟုတ်ပါဘူး၊ ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူး သူက ကျွန်မကို တစ်ဖက်သတ် ပိုးပန်းနေတာပါ"

"သူ ပြောပုံဆိုပုံက ပိုင်စိုးပိုင်နင်းနဲ့ လူကလည်း ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းတဲ့ ပုံမျိုးပဲ၊ သူက ဘယ်သူလဲဟင်"

"သူ့နာမည်က နက်ကျော်လို့ခေါ်တယ်၊ သူက မော်ဇာကျွန်းမှာနေတဲ့ မုဆိုးတစ်ယောက်ပဲ"

"မြသင်းကြူနဲ့ ဘာမှပတ်သက်မှု မရှိဘူးဆိုတာ အမှန်ပဲနော်"

"အိုး. . မဟုတ်ပါဘူးဆိုနေမှ၊ မယုံသက်ာ သဘောမျိုးနဲ့ မေးနေပြန်ပြီ"

"စိတ်ချလက်ချ ဖြစ်ချင်လို့ပါ"

"ကိုရင်မောင် စကားကလည်း ဘယ်လိုသဘောမျိုးလဲ"

ဟု စကားလမ်းခင်း ပေးလိုက်တော့မှ ရင်မောင်က အရဲစွန့်ပြီး ဖွင့်ပြောလေသည်။

"ဒီလိုပါ ကျွန်တော်က မြသင်းကြူကို မြင်မြင်ချင်းပဲ နှစ်သက်သဘောကျနေမိလို့ အခြေအနေ လာကြည့်တာပါ၊ ဒီလိုကြည့်ပြီး အခြေအနေကောင်းရင်တော့ ကျွန်တော်ပြောချင်တာလေးတွေ ပြောမလို့ပါ"

"ဟင်. . ကိုရင်မောင်ကလည်း အခုပြောနေတာ မဟုတ်ဘူးလား"

"ဟုတ်တယ်. . ဟုတ်တယ် ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကျွန်တော်မြသင်းကြူကို မေတ္တာရှိနေပါတယ်၊ အဲ. . . အဲဒါ ကျွန်တော့်မေတ္တာကို လက်ခံပေးဖို့ ပြောချင်တာပါ"

"ကိုရင်မောင်နဲ့ ကျွန်မတို့က အဆင့်အတန်းချင်း မတူကြဘူး၊ ကိုရင်မောင်တို့က မြို့ကလာပြီး အလုပ်လုပ်နေကြတာ





တော်လား"

"ဟုတ်ပါတယ်"

"ကျွန်မတို့က တောမှာမွေး တောမှာပဲ ကြီးပြင်းလာတာဆိုတော့ စရိုက်ချင်းကရော တူပါ့မလား တော်ကြာမှ အဆင်မပြေဖြစ်ခဲ့ရင်"

"ဒီလိုတော့ မဖြစ်ပါဘူး ကျွန်တော်က မြသင်းကြူအပေါ်မှာ တကယ်မေတ္တာစစ်နဲ့ ချစ်သွားမှာပါ"

"ဒီလိုဆိုရင်တော့ ကျွန်မ ကိုရင်မောင် မေတ္တာကို လက်ခံဖို့ စဉ်းစားပေးပါ့မယ်"

ဟု ပြန်ပြောလေရာ ရင်မောင်မှာ အကျေနပ်ကြီးကျေနပ်သွားလေတော့သည်။

ထိုနောက် မြသင်းကြူကို နှုတ်ဆက်ပြီးနောက် နှစ်ယောက်သား ဘီလူးမဂယက်ကျွန်းဘက်သို့ ပြန်ကူးခဲ့ကြလေသည်။

သူတို့လှေ ထွက်လာတော့ ကျွန်းတစ်နေရာမှာ လှေတစ်စင်းရပ်ထားပြီး လှေပေါ်မှာ နက်ကျော်ကို လှမ်းမြင်ရသည်။ နက်ကျော်က သူတို့နှစ်ယောက်ကို စူးစူးဝါးဝါး လှမ်းကြည့်နေသည်။

"ဦးမောင် ဟိုမှာငါတို့ကို ကြည့်နေတာ နက်ကျော်တဲ့ သူက မြသင်းကြူကို လာပိုးနေတာ ရုပ်ဆိုးတဲ့လူတွေက ချောတာလှတာမှ ကြိုက်တယ်ဆိုတာ တယ်လည်းမှန်တာပဲ"

ဟု ရင်မောင် ကပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အရေးမကြီးဘူး အရေးကြီးတာက သူ့သဘော ကောင်း သာနှောင့်ယှက်တယ်ထင်ပြီး မင်းကိုရန်ရှာမှာ စိုးရိမ်တယ်"

"ဒါက သိပ်ပြီး ဂရုစိုက်စရာ မလိုပါဘူးကွာ၊ မကျေနပ်ရင်လည်း မြသင်းကြူ သဘောပါမှ ဖြစ်တာပါ"

"ဒါထက် မင်းတို့အခြေအနေကရော ဘယ်လိုအခြေအနေရောက်ခဲ့ပြီလဲ"

"ကောင်းပါတယ် ငါ့မေတ္တာကို လက်ခံစဉ်းစားပေးမယ်ဆိုတော့ မကြာခင်တော့ အဆင်ပြေမယ်လို့ မျှော်လင့်ရတာပဲ"

"အေး ဒါပေမယ့် သတိတော့ထားကွာ ငါစိတ်ထဲမှာ နက်ကျော်ဆိုတဲ့လူကို ကြည့်ရတာ တစ်မျိုးပဲ"

"မင်းကသိပ်ပြီး စိုးရိမ်နေလို့ပါ ဟိုဘက်ကျွန်းနဲ့ ဒီဘက်ကျွန်း ဘာမှလုပ်လို့ မရပါဘူး အရေးကြီးတာက မြသင်းကြူနဲ့ ငါနဲ့ မြန်မြန်နီးစပ်ဖို့ပဲ"

ယခုအခြေအနေကတော့ ရင်မောင်တစ်ယောက် အချစ်စိတ် ထိပ်ရောက်နေသောကြောင့် အခြားအကြောင်းများကို သိပ်မတွေးမိသေးပေ။

သူ့အနေနှင့် မြသင်းကြူအကြောင်းများသာ တွေးနေချင်ပြီး ကျန်တာက သိပ်အရေးမကြီးသလို ဘေးဖယ်ထားလေသည်။

နံဘေးမှရှိနေသော နီမောင်ကသာ စိတ်ထဲမှ ပူပန်နေခြင်းဖြစ်သည်။





သူတို့နှစ်ယောက် ပွဲရုံပြန်ရောက်လာတော့ ညနေပိုင်း အချိန်ရောက်နေချေပြီ။

ထိုနေ့ညက ရင်မောင်တစ်ယောက် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို စတင်တွေ့မြင်ရလေသည်။

၎င်းတို့ရွာတန်းမှာ အိမ်များကို ကမ်းစပ်တစ်လျှောက်တွင် အိမ်များကို တန်းစီဆောက်ထားကြပြီး အိမ်သာကိုတော့ ကင်းနှင့် မနီးမဝေး သစ်တောစပ်၌ ဆောက်ထားကြသည်။ နေ့အချိန်ဖြစ်စေ ညဘက်အချိန်ဖြစ်စေ အိမ်သာတက်ချင်လျှင် ထိုနေရာသို့ သွားရသည်။

ညဉ့်ဦးပိုင်းအချိန်တွင် ရင်မောင်တစ်ယောက် ဗိုက်နာလာသဖြင့် အိမ်သာတက်ရန်အတွက် အနောက်ဘက်သို့ ထွက်လာသည်။

သူ့လက်ထဲမှာ ဓာတ်ခဲသုံးလုံး ထည့်သုံးရသော လက်နှိပ်ဓာတ်မီးတစ်လက်တော့ ပါလာသည်။

အိမ်သာနှင့် မနီးမဝေးရောက်တော့ သူသွားမည့်လမ်းကြောင်းမှာ မည်းမည်းသဏ္ဌာန်ကြီး ရပ်နေသည်ကို လှမ်းမြင်ရသည်။

ပထမတော့ မိမိတို့အိမ်မှ လူတစ်ယောက်ဖြစ်မည်ဟု ထင်လိုက်မိသည်။

"ဘယ်သူလဲ"

ဘာမှပြန်မပြောသဖြင့် လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ထိုအခါ ရပ်နေသော သဏ္ဌာန်က ဖျတ်ခနဲ ပျောက်သွ

လေတော့သည်။

ရင်မောင် စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။ မီးရေ

ကို ပြန်မှိတ်လိုက်သောအခါမှာ စောစောကနေရာမှာပင် မ

မည်းသဏ္ဌာန်ကြီး ရပ်နေသည်ကို တွေ့ရပြန်သဖြင့် ရှေ့ဆ

တိုးဝံ့တော့ပဲ နောက်သို့ ပြန်လှည့်ခဲ့ရလေလည်း။

အိမ်ထဲပြန်ဝင်ကာနီး ရောက်တော့မှ စိတ်မချသ

နောက်သို့ပြန်လှည့်ကြည့်ရာ စောစောကနေရာမှာပင် မည်းမ

သဏ္ဌာန်ကြီး ရှိနေသေးသည်ကို လှမ်းမြင်ရလေသည်။





# အခန်း (၈)

## ကွင်းပိုင်တာတေနှင့် တွေ့ရခြင်း

နောက်တစ်ရက်မှာတော့. . နက်ကျော်တစ်ယောက် မြသင်းကြူရှိရာသို့ ရောက်လာပြန်သည်။

ခါတိုင်းလည်း လာနေကျမို့ ကျန်လူများက သူ့ကိုဂရုမစိုက်နိုင်ကြပဲ ကိုယ့်အလုပ်ကိုယ် လုပ်နေကြသည်။

မြသင်းကြူကလည်း တကူးတကထပြီး ဧည့်ခံမနေပဲ၊ ထမင်းဟင်း ချက်နေရာမှ စကားပြန်ပြောနေခြင်းဖြစ်သည်။

"နက်ကျော် နင်ဘာလာလုပ်ပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ စကားပြောချင်လို့ လာတာပေါ့ဟာ"

"ငါ့မှာ အလုပ်တွေအများကြီး လုပ်ဖို့ကျန်သေး နင်နဲ့စကားပြောဖို့ အချိန်မရသေးဘူး"

ထိုသို့ပြောသော်လည်း နက်ကျော်က ဂရုမစိုက်ပေ မဝေးမှာထိုင်ပြီး သူပြောချင်သည့် စကားများကို ပြောနေသ

"နင်က ငါလာတာတော့ မကြိုက်ဘူး၊ ဟိုကောင် လာတုန်းကတော့ သဘောကျနေတယ် မဟုတ်လား"

"အဲဒါ နင့်အပူမပါ,ပါဘူး"

"ငါ့အပူမပါပေမယ့် ငါကတော့ သဘောမကျဘူး"

"နင်က အဲဒီစကားမျိုး ပြောရအောင် နင်နဲ့ ငါနဲ့ ဘယ်လိုသက်ဆိုင်လို့လဲ"

"နင်ကမဆိုင်ဘူး ထင်ပေမယ့်၊ ငါကတော့ ဆိုင်တယ် ထင်နေတယ်"

ထိုစကားကြောင့် မြသင်းကြူက ထမင်းအိုးမှေ့ပေး ရာမှ ဒေါသမျက်လုံးဖြင့် တစ်ချက်ကြည့်သည်။ နက်ကျော် ဆက်ပြောသည်။

"ငါက အရုပ်ဆိုး အသားမည်းပြီး ဆင်းရဲလို့ နင်သဘော မကျမှန်း သိပါတယ်၊ ဒါပေမယ့် နင့်ကိုအရင်တွေ့ပြီး ချစ်ရေး ထားတာက ငါပဲ"

"နင့်ကို လက်မခံပါဘူးလို့ ဘယ်နှခါပြောရမလဲ"

"ငါ့ကို သဘောမကျလို့ လက်မခံရင်လည်းရပါတယ် ဒါပေမယ့် နင် တခြားဘယ်သူ့ကိုမှ လက်မခံရဘူး"





"အို ငါက လွတ်လပ်သူ့ပဲ ငါသဘောနဲ့ငါ လက်ခံချင် တ်ခံမှာပေါ့ နင်အပူ ပါလို့လား"

မြသင်းကြူက မလှမ်းမကမ်းမှာရှိနေသူများ ကြားမည် သဖြင့် လေသံခတ်တိုးတိုးဖြင့် ကျိတ်ပြောနေရသော်လည်း င်ထဲမှာတော့ တန့်နဲ့ဖြစ်နေသည်။

"ပါတာပေါ့ဟာ ငါသဘောကျတဲ့သူကို ငါမရလည်း နေ ခဲ့ရတယ်၊ ဒါပေမယ့် တခြားသူ တစ်ယောက်ကလာပြီး ဝင်ယူ တာမျိုးတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ အဲဒီလိုဝင်ယူတဲ့ သူဟာ ငါ့ရန်သူပဲ၊ ရန်သူဖြစ်လာရင် ငါဘယ်လို ရှင်းတတ်တယ် ဆိုတာ နင်လည်း သတင်းကြားမှာပေါ့"

ထိုစကားသံကြားတော့ မြသင်းကြူမှာ ဘာပြန်ပြောရ မှန်းမသိအောင် ဖြစ်သွားလေသည်။

ချစ်သူဘဝပင် မရောက်သေးသော ရင်မောင်အတွက် လည်း စိုးရိမ်စိတ် ဝင်လာမိလေသည်။

"နင်က ငါ့အကြောင်း မသိသေးလို့ ဒီလိုပြောနေတာပါ တခြားလူကသာ ငါ့ကို ဒီလိုပြောလာရင်လည်း သေတာကြာပြီ ပေါ့၊ ဒီမှာနင်သဘောပေါက်အောင် ငါပြောပြထားမယ်၊ ငါ့အဖေ က တခြားသူမဟုတ်ဘူး၊ ဒီကျွန်းလေးတစ်ကျွန်းလုံးကို အပိုင်စား ရထားတဲ့ လေးကျွန်းကိုင် ကွင်းပိုင်တာတေဆိုတာပဲ"

"ဟင်"

ထိုစကားကြောင့် ကျောထဲမှာ စိမ့်ခနဲဖြစ်သွားသည်။ မြသင်းကြူတို့ မိသားစု မိဘမောင်ဘွားများက ပိုက်ထောင်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ချခြင်းစသော ရေလုပ်ငန်းလုပ်ကြသည်။

တစ်ရေတစ်ခါ သက်ဆိုင်ရာ နယ်ပိုင်၊ တောပိုင်၊ ကွင်းပိုင်တို့ကို တင်မြှောက်ပသကြရသည်။

ထိုအထဲတွင် ကွင်းပိုင်ပါသည်။

ထိုနယ်တစ်ကြောမှာ နေထိုင်ကြသူများ ကြောက်ရွံ့ကြရသည့် ကွင်းပိုင်တာတေက နက်ကျော်အဖေဆိုပါလား။

"ငါ ပြောတာနင်မယုံဘူး မဟုတ်လား. . ၊ နင်မယုံရင် အဖေ့ကို ခေါ်လိုက်ရမလား"

တကယ်ပြောနေတာလား. . ခြိမ်းခြောက်ပြောဆိုနေတာလားတော့ သေသေချာချာမသိပေ၊ သို့သော်စိတ်ထဲကတော့ ကြောက်ရွံ့နေလေသည်။

"နင်မယုံရင် နင့်အဖေတွေ မောင်တွေမေးကြည့်ပါလား သူတို့က ငါ့အဖေအကြောင်းကို ကောင်းကောင်းသိကြတယ်၊ အခု နင့်ဆီကို ငါလာနေတာကို သူတို့စိတ်ထဲမှာ သဘောမကျပေမယ့် ငါ့အဖေကိုကြောက်လို့ မပြောပဲငြိမ်နေကြတယ်ဆိုတာ သိရဲ့လား"

"မလုပ်ပါနဲ့ နက်ကျော်ရယ် ငါ့ဘာသာ အေးအေးနေပါရစေ"

ဟု ငိုသံပါလာသော အသံမျိုးဖြင့် တောင်းပန်လိုက်သည်။

"ဒီလိုဆိုရင် ငါပြောတဲ့အတိုင်းနေပါ၊ ငါနင့်ကို သဘောကျတယ်၊ ချစ်တယ် နင့်ငါ့ကိုပြန်မချစ်ရင်လည်း နေလို့ရတယ်၊





ငါ့ဘာမှမလုပ်ဘူး၊ ဒါပေမယ့် ငါ့အပြင် တခြားတစ်ယောက်ကို ချစ်မယ်ဆိုရင်တော့ နှစ်ယောက်စလုံးကို သတ်ပစ်မယ်"

ဟု ကြိမ်းမောင်းပြောဆိုပြီးနောက် ထပြန်သွားလေတော့သည်။ မြသင်းကြူသာ ထမင်းချက်နေရင်းမှ မျက်ရည်အဝိုင်းသားနှင့် ကျန်နေခဲ့လေသည်။

နက်ကျော်ပြန်သွားပြီး ခဏကြာတော့မှ မိခင်ဖြစ်သူ ဒေါ်ကျူက အနားရောက်လာပြီး မေးသည်။

"ဟို နက်ကျော်ဆိုတဲ့ကောင်လေး ဘာတွေပြောသွားသလဲ"

မြသင်းကြူက မျက်ရည်စများကို လက်ဖြင့်သုတ်ရင်း ပြန်ပြောပြလိုက်သည်။

"သူပြောသွားတာတွေက အမှန်ပဲလားဟင်"

"ငါတို့လည်း သေသေချာချာတော့ မသိပါဘူး တခြားသူတွေတော့ ပြောသံဆိုသံ ကြားတာပါပဲ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

"ကျွန်မတော့ သေသာသေချင်တော့တာပါပဲ၊ ဟိုဘက်ကျွန်းက ကိုရင်မောင်ကလည်း သူ့သဘောကို ဖွင့်ပြောနေတယ် ဘယ်လို လုပ်ရမှန်းတောင် မသိတော့ပါဘူး"

"ရင်မောင်တို့က ဘာအလုပ်လုပ်ကြသလဲ"

"ထင်းပွဲရုံ ဖွင့်ထားတယ်၊ ကုန်စုံဆိုင်လည်းရှိတယ်"

"ငါ့သဘော ပြောရရင်တော့ ညည်းလည်းအရွယ်ရောက်နေပြီဆိုတော့ သင့်တော်တာတွေ့ရင် မြန်မြန်ယူလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်၊ မဟုတ်ရင် နက်ကျော်လို အနှောင့်အယှက်ပေး မယ့်သူတွေအတွက်က စိတ်မချရဘူး"

ဟု သူ့သဘောကို ပြောပြီး ပြန်ထသွားသည်။

ထိုအကြောင်းက မိခင်ဖြစ်သူမှတစ်ဆင့် ဖခင်ဖြစ်သူ ဦးကျော်နှင့် မောင်ဖြစ်သူ ထွန်းအောင်တို့ပါ သိသွားကြလေသည်။

ညဘက် မိသားစု စုံသောအခါ မိမိတို့ထင်မြင်ယူဆမှုများကို အသီးသီး ပြောပြကြသည်။

"ဒါမျိုးတွေက အခက်သားပဲ ကိုယ်မသိနိုင်တဲ့ မမြင်နိုင်တဲ့ အကြောင်းအရာမျိုးဆိုတော့ သူပြောတာ ဟုတ်ချင်လည်း ဟုတ်မယ်၊ ဟုတ်ချင်မှလည်း ဟုတ်မယ်"

"အို့ . . ကိုဘဖြူကလဲ"

ဖခင်ဖြစ်သူ ဦးဘဖြူစကားကို ဇနီးဖြစ်သူ ဒေါ်ကျူက မကျေမနပ်ဖြင့် ဝင်ပြောလိုက်သည်။

"အေးလေ ငါပြောတာ မမှန်လို့လား၊ ငါတို့က အစွမ်းရှိတဲ့ဆရာမှ မဟုတ်တာ သူပြောတာမှန်၊မမှန် ဘယ်လိုသိမှာလဲ"

ထိုအခါ သားဖြစ်သူ ထွန်းမောင်က ဝင်ပြောသည်။ ထွန်းမောင်က အသက်(၂၀)ဝန်းကျင်လောက်သာ ရှိသေးသည်။

"ကျွန်တော်ကတော့ သူပြောတာကို ယုံကိုမယုံဘူး၊ အစ်မကိုလိုချင်လို့ လာပြီး ခြောက်လှန့်ပြောနေတယ်လို့ပဲ ထင်တာပဲ၊ ကွင်းပိုင်ကတော့ ရှိတာပေါ့၊ ဒါပေမယ့် သူ့အဖေဆိုတာတော့ ဟုတ်ချင်မှဟုတ်မှာပါ"





ထိုသို့ပြောနေရင်းမှာပင် တစ်စုံတစ်ယောက်က သူတို့တဲကို ဝင်တိုးလိုက်သကဲ့သို့ တဲတစ်ခုလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

"ဟာ. . ဘာလဲ"

ဦးဘဖြူက အော်လိုက်ရာ အသံကျယ်ကျယ်နှင့် ပြောနေသော ထွန်းမောင်အသံပင် ရပ်တန့်သွားသည်။

စိတ်ထဲမှာ မသင်္ကာသဖြင့် တဲအပြင်သို့ ထွက်ကြည့်ကြတော့လည်း ဘာမှမတွေ့ကြရပေ။

ထို့ကြောင့် အတွင်းပြန်ဝင်လာကြသည်။

အထဲပြန်ရောက်ရုံ ရှိသေးသည်။

တဲကို တစ်စုံတစ်ယောက်က ဆွဲကိုင်လှုပ်ယမ်းနေသဖြင့် သိမ့်သိမ့်တုန်နေတော့သည်။

"ဟဲ့. . ဟဲ့ လုပ်ကြပါဦး တဲပြိုကျတော့မယ်"

ထိုသို့ပြောသော်လည်း အတန်ကြာသည်အထိ 'တဝုန်းဝုန်း'မြည်အောင် ကိုင်လှုပ်နေပြီးမှ ပြန်ငြိမ်ကျသွားသည်။

ထိုအခါမှ တဲထဲမှာ ရှိနေကြသူများမှာ သက်ပြင်းချနိုင်ကြတော့သည်။

ထိုအခါ ဒေါ်ကျူက ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။

"သူ. . သူပြောသွားတာ ဟုတ်များဟုတ်နေရော့သလား၊ မယုံဘူးပြောလို့ တဲကိုလာလှုပ်ပြသွားတာများလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျန်သုံးယောက်လည်း ဘာမှမပြောဝံ့တော့ပေ။ ထို့နောက် ဦးဘဖြူကပြောသည်။

"ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သတိတော့ ထားရမှာပဲ၊ အကောင်းဆုံးကတော့ မင်းသမီးလည်း အရွယ်ရောက်နေပြီဆိုတော့ သင့်တော်တာတွေ့တုန်း မြန်မြန်လေးသာ နေရာချပေးလိုက်တာ ကောင်းတယ်၊ 'အညှီရှိရင် ယင်အုံ'ဆိုတဲ့ စကားလိုပဲ သူရှိနေသမျှတော့ ဟိုကောင်လာပြီး အနှောင့်အယှက်ပေးနေမှာပဲ"

ထိုစကားကို ကျန်သုံးယောက်ကလည်း သဘောတူကြလေသည်။

လဆန်းရက်ရောက်တော့ ပိုက်ဆင်းရန်ပြင်ကြလေသည်။ ရေသေရက်တွင် ပိုက်အပေါက်အပြဲများဖာခြင်း၊ မဒမခေါက်ရေ၊ တည်ရေများဆိုးခြင်းတို့ ပြုလုပ်ပြီးသောအခါ ရေပြန်ထလာသော လဆန်းဖြစ်စေ(လဆုတ်ရက်ဖြစ်စေ) (၁၁)ရက် (၁၂)ရက်နေ့များတွင် ပိုက်ပြန်ချကြလေသည်။

ပိုက်ချတော့မည်ဆိုလျှင် ရေလုပ်သားတို့ ထုံးစံအတိုင်း တင်မြှောက်ပသကြရသည်။

ထမင်းဦးပေါင်း၊ ကြက်သားဟင်း(သို့မဟုတ် အသားဟင်းတစ်မျိုး) ဘဲဥပြုတ်၊ အရက်၊ ကွမ်းယာ ဆေးလိပ်တို့ဖြင့် ပြင်ဆင်ပြီး တင်မြှောက်ကြရသည်။

နယ်တော်ပိုင်တစ်ပွဲ၊ တောပိုင်ကျွန်းပိုင်တစ်ပွဲ၊ ချောင်းပိုင်တစ်ပွဲ၊ ကွင်းပိုင်တစ်ပွဲ လေးပွဲပြင်ရသည့်အပြင် နောက်လိုက်





နောက်ပါဟုခေါ်သော သရဲသဘက်များ ကျွေးမွေးရန်အတွက် အခြားစားပွဲအချို့ကိုပါ ပြင်ဆင်ပြီး ရေစပ်ထိပ်မှာ ထွက်ကာ တင်မြှောက်ပသကြရသည်။

ထိုသို့ ပသရင်းနှင့် ငါးပုစွန်များများရပါစေရန်နှင့် အဆိပ်ရှိသော သတ္တဝါ၊ အန္တရာယ်ပေးမည့် ရေသတ္တဝါတို့ကို ဖယ်ရှားပေးပြီးနောက် အနှောင့်အယှက်ပေးမည့် တစ္ဆေသရဲစသည်တို့ကိုပါ အဝေးသို့ ဖယ်ရှားပေးပါရန် ဆုတောင်းတိုင်တည်ကြရသည်။

ထိုသို့တင်မြှောက်ပြီးသည်နှင့် ရေထရက်၏ရက်ဦးဖြစ်သော (၁၁)ရက်နေ့တွင် (မြန်မာလဆန်း၊ လဆုတ်ရက်)ပိုက်ချခြင်းအလုပ်ကို စတင်လုပ်ကြရလေသည်။

ထွန်းမောင်တို့ အသုံးပြုသောပိုက်မှာ ကျားပိုက်ဖြစ်သည်။ ကျားပိုက်ထောင်ပုံမှာ ကမ်းနှင့် မနီးမဝေး ရေတိမ်သော သောင်ခုံပေါ်မှာ ကနက်တိုင်စိုက်သည်။

ကနက်တိုင်မှ သံကြိုးဖြင့် သံစည်ပိုင်းများ ချိတ်ထားသည်။ အချို့က သံစည်ပိုင်း မဝယ်နိုင်သဖြင့် ဝါးပိုးဝါးများ အသုံးပြုကြရသည်။

သံစည်ပိုင်းဖြစ်စေ ဝါးပိုးဝါးဖြစ်စေ ရေပေါ်၌ ပေါ်နေဖို့ အရေးကြီးသည်။

ပိုက်လက်နားနှစ်ဖက်ကို ထိုသံစည်ပိုင်းမှာချိတ်ပြီး ပိုက်ဝကို ဝါးလုံးထောက်တိုင်ဖြင့် ထိုးထောက်ကာ ထောင်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးဖြင့် ထိုးထောက်ထားရာ ကျားတစ်ကောင်ပါးစပ်ဟထားသည်နှင့် ပုံသဏ္ဌာန်တူသောကြောင့် 'ကျားပါးစပ်'ဟု တင်စားခေါ်ကြခြင်းဖြစ်သည်။

ရေတက်ဦးမှ ထောင်ထားလျှင် ရေပြည့်ချိန်မှာ တစ်ခါ ဖော်သည်၊ ရေပြည့်ချိန်မှာ တစ်ခါထောင်လျှင် ရေစစ်သွားသော အချိန်မှာ တစ်ခါဖော်သည်။

ရေတက်ချိန်ရော ရေကျချိန်ပါ နှစ်မျိုးစလုံးထောင်ကြသည်။ ပုစွန်ကျော့၊ ပုစွန်ကြား၊ ပုစွန်တုပ်ကြီးများနှင့် ပင်လယ်ပိုင်းမှာ အနေများသော ငါးမျိုးစုံတို့ရသည်။

တစ်ခါတစ်ရံ လိပ်ကျောက်၊ ငမန်းနှင့် လိပ်စွန်များပါ ဖမ်းမိသည်။

ကျားပါးစပ်ဆိုသည့်အတိုင်း ပိုက်ထဲရောက်လာလျှင်တော့ ရေစီးဖြင့် ပိုက်ထဲလိမ့်ပါသွားရာ ပြန်မလွတ်နိုင်သဖြင့် ကျားပါးစပ်ဟု ခေါ်ကြခြင်းလည်းဖြစ်ဟန်ရှိသည်။

ပိုက်ချထားလျှင် ထောက်တိုင်တစ်ခုသာ ရေပေါ်ပေါ်နေတတ်သည်။ ဘေးတစ်ဖက်တစ်ချက်၌ တပ်ထားသော ဗောများက ရေစီးအချိန်ဖြင့် မြုပ်နေတတ်သည်။

ပိုက်၏ ချက်ထောက်တိုင်၌ လှေတစ်စင်းတွဲထားပေးပြီး ညအချိန်ဆိုလျှင် ရေနံဆီမီးအိမ်တစ်လုံး ထွန်းပေးထားရသည်။

သို့မှသာ ညအချိန်သွားလာကြသော လှေသမ္ဗန်၊ သင်္ဘောစသည်တို့ကား ပိုက်ရှိမှန်းသိပြီး အဝေးမှ ရှောင်ကွင်းနိုင်ကြမည်ဖြစ်သည်။





ထိုလှေပေါ်မှာ လူတစ်ယောက်က ထိုင်စောင့်ပေးရသည်။ သို့မှသာ ရေစီးနှင့် မျောပါလာသော သစ်ချုံများ၊ သစ်ငုတ်များ၊ သစ်တုံးကြီးများ၊ ပိုက်အတွင်းသို့ဝင်လာပါက ဖယ်ထုတ်ပေးနိုင်မည်ဖြစ်သည်။

ကြီးမားသော သစ်ချုံကြီးများ ပိုက်ထဲဝင်လာသည်ကို ဖယ်မထုတ်ပေးနိုင်ပါက ပိုက်ကွဲထွက်ပြီး ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရသည်။

လှေပေါ်မှစောင့်နေသူက ထိုအရာကိုတော့ သတိထား၍ကြည့်ရသည်။

ထိုသို့စောင့်ကြည့်ရင်းနှင့် ထိတ်လန့်စရာကောင်းသော အဖြစ်အပျက် အချို့နှင့်လည်း ကြုံတွေ့ရပေသည်။

တစ်ခါက နွေရာသီတွင် သောက်ရေမရသော ပြဿနာကြောင့် ဝမ်းရောဂါ နှိပ်စက်သဖြင့် ထိုကျွန်းများပေါ်မှာ နေကြသူအတော်များများ သေကျေပျက်စီးကြရသည်။

တစ်ယောက်ပြီးတစ်ယောက် သေသောအခါ မြေမြှုပ်သောအလုပ်ပင် မလုပ်နိုင်ကြတော့သဖြင့် မြစ်ထဲသို့ ပစ်ချကာ သင်္ဂြိုဟ်ကြရလေသည်။

ထိုသို့ပစ်ချသောကြောင့် ရေပြင်ပေါ်မှာ ရေစုန်ရေဆန် မျောနေသော အလောင်းများကို တွေ့မြင်ကြရသည်။

ရေစီးနှင့် မျောပါလာသော အလောင်းများက ပိုက်ထဲသို့ ရောက်လာတတ်သည်။

အချို့က ရေပေါ် ပေါ်ပြီး ဝင်လာသောကြောင့် ဝါးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တွန်းဖယ်လိုက်၍ ရသော်လည်း အချို့က ရေအောက်မှ မြုပ်ပြီး ဝင်လာသောကြောင့် ပိုက်ထဲသို့ရောက်နေတော့မှ သိကြရသည်။

လူသေကောင်ပိုက်ထဲရောက်နေလျှင် ဖြုတ်ရခက်သည်။

သစ်တုံး၊ သစ်ချုံများက ဖြုတ်ရလွယ်သော်လည်း လူသေကောင်ငြိနေပါက မလွယ်ပေ။ ၎င်းက ခြေကားရားလက်ကားရား ဖြစ်နေသောကြောင့် ပိုက်ကွင်းများနှင့် ငြိနေတတ်ရာ လက်ဖြင့် ကုပ်ဆွဲထားသကဲ့သို့ ရှိလေသည်။

ထို့ကြောင့် ပိုက်ထောင်သူများက လူသေကောင် ပိုက်ထဲ ဝင်လာမည်ကို ကြောက်သည်။

ထိုသို့ဝင်လာပါက နိမိတ်မကောင်းဟုလည်း ယူဆကြလေသည်။

ယခုလည်း ရေထဦးရက်ဖြစ်သဖြင့် ထွန်းမောင်တစ်ယောက် ပိုက်ထောင်နေလေပြီ၊ ညဉ့်ဦးပိုင်းအချိန်ဖြစ်သောကြောင့် ရေတက်စပြုနေပြီး ရာသီဥတုက သာယာသည့်အပြင် ကောင်းကင်မှာ လဆန်းရက်သာသောလက တစ်ဝက်တစ်ပျက်ရှိနေသောကြောင့် အလင်းရောင်အချို့က မြစ်ရေပြင်ပေါ်သို့ ဖြာကျနေသည်။

လေတဖြူးဖြူး တိုက်ခတ်နေရာ ငွေရောင်လှိုင်းကြက်ခွပ်ကလေးများ ထနေသည်။

ရေစီးကမကြမ်းသေး၊ ရေပြင်ပေါ်မှာလည်း တုံးများ၊ ချုံများကင်းနေပြီး၊ ရာသီဥတု သာယာနေသဖြင့် မြစ်လယ်ခေါင်





သော လှေတစ်စင်းနှင့် တစ်ယောက်တည်း နေရသူအဖို့ ပျင်းပျင်းနှင့် ရသမျှသီချင်း အော်ဆိုစရာ အကောင်းဆုံးအချိန်မျိုးဖြစ်သည်။

တောမှာ နေကြရသောကြောင့် များများစားစားတော့ သီချင်းမရကြပေ။

ထို့ကြောင့် ရသမျှ အော်ဟစ်ဆိုကြသည်။

မြစ်ပြင်မှာ ပိုက်ထောင်နေသူများမှာ တစ်နေရာနှင့် တစ်နေရာ မဝေးလှပေ။

မီးတပြ၊ လှေတပြ မြင်ရသောကြောင့် သီချင်းအော်ဆိုပါက ကြားကြရသည်။

*"ယာတောရဲ့ အလယ်မှာ ငါပြောမယ် ရွှေရင်ဘုရင်ရဲ့ ဆင်ခြင်ပါးလား. . အား. . ဟာ. . ဟာ. . "*

*"ယုံပါမေရယ် ပုံပမာတင်ပြမယ်. . . ဟိုရှေးအခါဝယ် တောမြိုင်စွန်းရဲ့အလယ် စန္ဒကိန္နရီမောင်နှံနှစ်သွယ် ချစ်ရည်လူးလို့ ပျော်မြူးကြလေတယ်. . . လေပြင်းမုန်တိုင်း မဆိုင်းအမြန် တကယ်တိုက်ခတ်ပါလို့. . . ထိုမောင်နှံနှစ်သွယ် တကယ်ပင်ဆုံးကွာသွားကြတယ်. . . အဲ. . ဟယ်. . ဟယ်"*

ထွန်းမောင်က တစ်ပိုင်းတစ်စရသော ရှေးသီချင်းတစ်ပုဒ်ကို သံနေသံထားဖြင့် သီဆိုရင်း လှေဦးမှထိုင်ကာ ဝင်လာသမျှ အမှိုက်များကို ဖယ်ထုတ်နေသည်။

ထိုအခိုက်မှာ ရေပြင်ပေါ်မှာ ခတ်ရေးရေးသာပေါ်နေသော အရာဝတ္ထုတစ်ခု ပိုက်ဝဆီသို့ ဦးတည်လာနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်ရလေသည်။

လရောင်က မှုန်မှုန်သာရှိသဖြင့် သဲသဲကွဲကွဲတော့ မမြင်ရပေ၊ သစ်တုံးများလား၊ မိချောင်းများလား၊ တစ်ခါတစ်ရံ မိကျောင်းကလည်း သစ်တုံးအယောင်ဆောင်ပြီး ဝင်လာတတ်သည်။

ပိုက်နားရောက်မှသာ ကွေ့ရှောင်သွားတတ်သည်။ ယခု မျောပါလာသော အရာက သစ်တုံးတစ်တုံးလို ငြိမ်သက်စွာဖြင့် ပိုက်ပေါက်ဝ တည့်တည့်သို့ မျောဝင်လာခြင်းဖြစ်သည်။

ထွန်းမောင်က သီချင်းသံရပ်ပြီး ဝါးလုံးကို အဆင်သင့် ကိုင်ထားလေသည်။

သစ်တုံးဆိုပါက ဘေးသို့ ထိုးထုတ်ပစ်လိုက်ရုံသာ သည်။ အနားရောက်လာတော့မှ သစ်တုံးမဟုတ်မှန်း သိရတော့သည်။ ရေမျက်နှာပြင်ပေါ်မှာ ခပ်ရေးရေးသာ ပေါ်နေသေး သော လူသေကောင်ပင် ဖြစ်တော့သည်။

"ဘယ်ကလူသေကောင်များ ပိုက်ထဲတည့်တည့် ဝင်လာ ရတယ်လို့ကွာ"

ဟု ရေရွတ်ရင်း ပိုက်ဝနှင့် မနီးမဝေး ရောက်လာတော့ ဝါးဖြင့် ထိုးထုတ်လိုက်သည်။

သို့သော် တော်တော်နှင့်မရပဲ ဟိုဟာနှင့်ငြိ၊ ဒီဟာနှင့်ငြိ ဖြစ်နေသေးသည်။

ခဏကြာတော့မှ ရေအောက် ပြုတ်ကျသွားသည်။ ပိုက် ထဲသို့ ဝင်များဝင်သွားလေသလားဟု စိတ်မချသဖြင့် ပိုက်





ေးကြည့်သည်။

မတွေ့ရပေ၊ ပိုက်ချေးအိတ်ကို ဆွဲဖော်ကြည့်သည်။ ငါး ငန်များသာ တွေ့ရပြီး အခြားဘာမှ မရှိပေ၊ ဒီတော့မှ စိတ်သက် သာရာရသွားပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

ထိုအခိုက်မှာပင် လှေအနောက်ဘက်မှာ သိမ့်ခနဲ လှုပ် သွားသည်ကို သိလိုက်သဖြင့် နောက်သို့ လှည့်ကြည့်လိုက် သည်။

လှေပဲ့စင်ပေါ်မှာ လူတစ်ယောက် ထိုင်နေသည်ကို လှမ်းမြင်ရသည်။

"ဟင်. . ဘယ်သူလဲ၊ လှေပေါ် ဘယ်လို ရောက်လာတာ လဲ"

"ရေထဲမှာနေရတာ အေးလာတာနဲ့ လှေပေါ် တက်ထိုင် တာပဲ စောစောက ရေထဲမျောလာတဲ့ အလောင်းက ငါပဲပေါ့"

"ဟင်"

ထွန်းမောင်တစ်ယောက် တစ်ကိုယ်လုံးကြက်သီးမွေး ညင်းများ ထောင်ထလာသည်အထိ ထိတ်လန့်ကြောက်ရွံ့သွား လေသည်။

"မင်းက ငါ့ကိုမသိဘူးလား၊ ငါ့နာမည်က တာတေလို့ ခေါ်တယ်၊ အရင်က မုဆိုးတာတေပေါ့၊ အခုတော့ ကွင်းပိုင်ကြီး တာတေဘဝကို ရောက်နေပြီ"

ဟု အသံသြသြကြီးဖြင့် ပြောလေ သည်။

ထိုအခါမှ ပိုပြီး ကြောက်လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မဆင်မခြင် ပြောခဲ့ဆိုခဲ့မိသည်များကိုလည်း နောင်တရနေမိသည်။

"ကျုပ်. . ကျုပ်ကိုချမ်း ချမ်းသာပေးပါ ကွင်းပိုင်ကြီးရယ် တင်မြှောက်ပသတာ အမှားအယွင်းရှိရင်လည်း သည်းခံပေးပါ"

ဟု အသံတုန်တုန်ယင်ယင်နှင့် တောင်းပန်လေသည်။

"မကြောက်ပါနဲ့ကွာ၊ ငါက မင်းကို ဘာမှမလုပ်ပါဘူး မင်းကင့်ါကို သိပ်မယုံကြည်တော့ ငါရှိမှန်း လာပြတာပါ၊ ဒါတောင် ငါ့ရဲ့ မူလရုပ်မဟုတ်သေးဘူး၊ ငါ့ရဲ့မူလရုပ်ကိုသာ မင်းမြင်ရရင် မင်းချက်ချင်းလိပ်ပြာလွင့်ပြီး သေသွားမှာပေါ့၊ ငါ. . . တကယ်ရှိတယ်ဆိုတာ သိရအောင် ကြည့်မလား"

"အောင်မလေး မကြည့်ပါရစေနဲ့ဗျ၊ မကြည့်ဝံ့ပါဘူး"

ထိုသို့ ကြောက်ကြောက်လန့်လန့်ဖြင့် ပြောကာ မျက်နှာကိုလက်ဝါးဖြင့် အုပ်ထားလိုက်လေသည်။

အတန်ကြာသည်အထိ နောက်ထပ်ဘာသံမှ မကြားရသောအခါမှ မရဲတရဲနှင့် မျက်စိဖွင့်ကြည့်လိုက်သည်။

ပွဲစင်ပေါ်မှာ ဘာမှမတွေ့ရတော့ပေ။

ထိုအခါမှပင် ထွန်းမောင်တစ်ယောက် အသက်မှန်မှန်ရှူနိုင်လေတော့သည်။





# အခန်း (၉)

# မြို့ပိုင်နတ် နယ်ပိုင်နတ်ကို ကြောက်ရွံ့သောသူ

နောက်ပိုင်းမှာလည်း အခြေအနေက မကောင်းလှပေ၊ ရင်မောင်တို့ပွဲရုံမှာ ညအချိန်ရောက်လာလျှင် သရဲသဘက်များ ဝင်ရောက်နှောင့်ယှက်မှုကြောင့် ညအချိန်ရောက်လာလျှင် အပြင်မထွက်ဝံ့အောင် ဖြစ်နေကြသည်။

ထိုအခါ ရင်မောင်က ပြောသည်။

"နီမောင်ရေ ငါတို့ပွဲရုံမှာ အခုတလော အခြောက်အလှန့်တွေ အတော်များတယ် ညအချိန်ရောက်ရင် နောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် မထွက်ဝံ့သလောက် ဖြစ်နေပြီ”

“ဒါထက် မင်းနဲ့ မြသင်းကြူတို့ အခြေအနေက ဘယ်အ ထိ ခရီးရောက်နေပြီလဲ”

“သူက ငါ့မေတ္တာကို လက်ခံတဲ့အကြောင်း အဖြေပေး လိုက်ပြီကွ”

“ဒီတော့ ဘယ်လို ဆက်လုပ်မှာလဲ”

“ဘယ်လိုလုပ်ရင်ကောင်းမလဲဟင်”

“ငါ့သဘော ပြောရရင်တော့ မင်းလည်း သူ့ကိုသဘော ကျတယ် သူကလည်း နှစ်သက်တယ်ဆိုရင်တော့ လူကြီးတွေ ခွင့်တောင်းပြီး မြန်မြန် လက်ထပ်လိုက်ကြတာ ပိုကောင်းမယ် ကြာနေရင် နက်ကျော်ရန်က အေးမှာမဟုတ်ဘူး”

ဟု ပြောရာ ရင်မောင်လည်း သဘောတူသည်။

“ငါလည်း အဲဒီလိုလုပ်ချင်တာပဲ အခုတောင်ပွဲရုံမှာ အ ခြောက်အလှန့်တွေ့နေတာ သူ့လက်ချက်ပဲ ဖြစ်မယ်ထင်တာ ဒီအတိုင်း ကြာကြာသွားရင်တော့ မကောင်းဘူး တစ်ခုခုတော့ လုပ်မှဖြစ်မယ်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“ငါလည်း သိပ်နားမလည်ဘူး အဖေ့ကို မေးကြည့်လိုက် ဦးမယ်”

ဟု နီမောင်က ဖခင်ဖြစ်သူ ဦးဘရှိန်ကိုပြောပြသော အခါ ဦးဘရှိန်က ပွဲရုံမှာ ဦးရှင်ကြီး နတ်တင်ခြင်း၊ အခြားတင် မြှောက်စရာ ကိစ္စများကို လာရောက်လုပ်ကိုင်ပေးသည်။

ခါတိုင်းလည်း ထိုကဲ့သို့ တင်မြှောက်ပသခြင်း ကိစ္စများ





ကို ဦးဘရှိန်ကပင် လုပ်ကိုင်ပေးရပေသည်။

ထိုကဲ့သို့ တင်မြှောက်ပသခြင်းများ ပြုလုပ်သော်လည်း အခြောက်အလှန့်များက လျော့ပါးမသွားပဲ ရှိမြဲရှိနေလေ၏။ ထို အခါ ဦးဘရှိန်က ပွဲစားဦးကျော်ကို အကျိုးအကြောင်း ပြောပြ သည်။

“ဦးကျော် ဒီလိုခြောက်လှန့်ခံနေရတာ သာမန်မဟုတ် တော့ဘူး ထင်တယ်”

“ဒီတော့ ဘယ်လိုလုပ်ရမလဲဗျ ပြောပါဦး”

“တတ်ကျွမ်းနားလည်တဲ့ ဆရာတစ်ဦးဦး ခေါ်ရင်ခေါ် ဒါမှမဟုတ်ရင် ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်တာမျိုးလုပ်ရင် ပို ကောင်းမယ်ထင်တယ်”

“ကျုပ်တို့နေတဲ့နေရာမှာ ဆရာလည်းမရှိဘူး၊ ဘုန်းကြီး ကျောင်းလည်း ရှိမှမရှိတာ . .”

“ကျုပ်သဘောပြောပြရရင်တော့ ဒီလောက်လူတွေ အ များကြီးနေတဲ့ နေရာမျိုးမှာ ဆေးဆရာတို့ ဘုန်းကြီးကျောင်းတို့ ရှိတာ ပိုကောင်းတာပေါ့ဗျာ”

“ရှိတာတော့ ဟုတ်ပါပြီး ဘယ်ကခေါ်မလဲ ဦးဘရှိန်ရဲ့”

“ဒီမှာတော့မရှိဘူး၊ မော်ကျွန်းမြို့မှာ သွားခေါ်ရင်တော့ ဖြစ်နိုင်ပါတယ်”

“ဒါဖြစ်လည်း ခင်ဗျားကပဲ တာဝန်ယူပြီး လုပ်ပေးပါဗျာ၊ ဘုန်းကြီးရမယ် ဆိုရင်လည်း ဒီမှာ ယာယီကျောင်းဆောက်ပေးဖို့ ကျုပ်တာဝန်ယူပါ့မယ် . .”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီးတာဝန်ပေးလိုက်ရာ ဦးဘရှိန်က သဘော
ဖြင့် မော်ကျွန်းမြို့သို့ လိုက်သည်။

မော်ကျွန်းမြို့သည် သူ၏ဇာတိမြို့ ဖြစ်သဖြင့် တစ်မြို့
လုံးနှင့် သိကျွမ်းနေရာ ဆေးဆရာရဖို့လည်း မခက်သလို ဘုန်း
ကြီးပင့်ဖို့လည်း အခက်အခဲ မရှိပေ။

သူပြန်လာတော့ ဘုန်းကြီးတစ်ပါးနှင့် ဆေးဆရာတစ်
ယောက် ပါလာလေသည်။

ဘုန်းကြီးဘွဲ့အမည်မှာ ဦးပုညဖြစ်ပြီး အသက်ငါးဆယ်
ကျော် အရွယ်ခန့်ရှိသည်။

ဦးကျော်က ဘုန်းကြီးကျောင်းတစ်ကျောင်းကို သူ့ပွဲရုံရှိ
သောနေရာနှင့် မနီးမဝေးနေရာမှာ ဆောက်ထားနှင့်ရာ ထို
ကျောင်း၌ပင် သီတင်းသုံးလေသည်။

ဆေးဆရာကိုတော့ နီမောင်တို့အိမ်မှာပင် နေစေသည်။
ဆေးဆရာမှာ အခြားသူမဟုတ်ဖဲ ဦးဗန်ကောင်းပင် ဖြစ်သည်။
ဦးဗန်ကောင်းက အသက် (၅၀)ကျော်အရွယ်ရှိပြီး သူနှင့်အတူ
ဆေးလွယ်အိတ်တစ်လုံးသာ ပါလာသည်။

ဦးဘရှိန်နှင့် ခင်မင်နေသူတို့ အကူအညီတောင်းသော
အခါ မဆိုင်းမတွ လိုက်လာပြီး အကူအညီပေးခြင်း ဖြစ်ပေသည်။

ရောက်စနေ့မှာပင် ပွဲရုံပေါ်မှာ ပရိတ်ရွတ်ခြင်းတရားနာ
ခြင်းများပြုလုပ်ပြီး ဦးဗန်ကောင်းက ပရိတ်ရေများကို အနီးပတ်
ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံပက်ဖျန်းထားရာ ထိုနေ့ညမှစ၍
အခြောက်အလှန့် အနှောင့်အယှက်တို့ကို မတွေ့ရတော့ပေ။





ထိုအခါမှပင်ပွဲရုံမှာ နေကြသူများမှာ စိတ်ချမ်းသာရ
တော့သည်။ နီမောင်ကတော့ ရင်မောင်ကို သတိပေးသည်။

"အန္တရာယ်ကင်းသွားတယ်ဆိုတာ စည်းအတွင်းမှာပဲ
အန္တရာယ်ကင်းနေတာဖြစ်မယ်၊ စည်းအပြင်မှာတော့ စိတ်မချရ
သေးဘူး၊ မင်းသွားတဲ့လာတဲ့အခါမှာ ဂရုစိုက်ပါ"

"အေးပါကွ . ငါမြသင်းကြူနဲ့ လက်ထပ်ပြီးရင်တော့
ဟိုဘက်ကျွန်းကို သွားစရာ မရှိတော့ပါဘူး"

"မင်း ဟိုဘက်သွားရင် ငါမပါတဲ့အခါမှာ စောထီးနဲ့ငမဲ
အောင်တို့ နှစ်ယောက်ကိုတော့ အဖော်ခေါ်သွားပါ"

"အေးပါကွာ . . . ."

စောထီးနှင့် ငမဲအောင်တို့မှာ ပွဲရုံမှာ အလုပ်လုပ်နေကြ
သူများဖြစ်လေသည်။

နောက်ပိုင်းပွဲရုံမှာ အနှောင့်အယှက်များ ကင်းသွား
သောကြောင့် စိတ်ချမ်းသာစွာ အလုပ်လုပ်နိုင်ကြသည်။

ဘုန်းကြီးကနေ့စဉ် ရွာထဲသို့ဆွမ်းခံကြွပေးသောကြောင့်
ရွာသူရွာသားတို့မှာ ဆွမ်းလောင်းကြရသည်။

ရောဂါတစ်ခုခုဖြစ်လာလျှင်လည်း ဦးဗန်ကောင်းက
ဆေးကုပေးသောကြောင့် ယခင်ကထက်စာလျှင် များစွာအဆင်
ပြေကြသည်ဟု ဆိုရပေမည်။

တစ်နေ့တော့ ပွဲရုံသို့ မြသင်းကြူ လိုက်သည်။

"ဟင် . . မြသင်းကြူ မျက်နှာလည်း မကောင်းပါလား၊
ဘာဖြစ်လာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူက မျက်ရည်စများ သုတ်ရင်း ပြောပြသည်။

"ထွန်းမောင်တစ်ယောက် အခြေအနေမကောင်းတော့ဘူး ပိုက်ထောင်ရင်းနဲ့ ကြောက်လန့်စရာ တစ်ခုခု တွေ့လာခဲ့တယ်၊ ပြန်ရောက်ကတည်းက လန့်ဖျားဖျားလိုက်တာ အခုထိ မကောင်းသေးဘူး၊ ညဘက်ရောက်ရင် အသံနက်ကြီးနဲ့ ထထပြီး အော်နေတယ်"

"ဟင် . . . ."

"အဲဒါ ဒီဘက်မှာ ဆေးဆရာတစ်ယောက် ရောက်နေတယ်ကြားလို့ လာခဲ့တာပါ ကိုရင်မောင် အကူအညီပေးပါဦး"

"ဆေးဆရာကတော့ရှိပါတယ်၊ ဒါပေမယ့်ကုန်သည်တွေနဲ့ ငွေစာရင်းတွေ ရှင်းစရာရှိလို့ ကိုယ်တော့ မလိုက်နိုင်သေးဘူး၊ နီမောင်နဲ့ ဆေးဆရာကြီးကို ထည့်ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ် . . ."

ထို့နောက် နီမောင်နှင့် ဦးဗန်ကောင်းတို့ကိုပါ ခေါ်ပြီး တစ်ဖက်ကျွန်းသို့ ပြန်ကူးခဲ့ကြလေသည်။

မြသင်းကြူတို့ တဲသို့ရောက်သောအခါ အတွင်းသို့ မဝင်မီကတည်းက အော်သံကို ကြားရလေသည်၊

"အောင်မယ်လေး ကြောက်ပါပြီဗျ၊ ဟိုမှာသရဲကြီးလာနေပြီလုပ်ကြပါဦး"

ဦးဗန်ကောင်းနှင့် နီမောင်တို့တဲအတွင်း ရောက်သွားတော့မှ အော်နေသော အသံရပ်သွားသည်။

ဦးဗန်ကောင်းက အိပ်ရာထဲလဲနေသော ထွန်းမောင်ကို ကြည့်ပြီး ဆေးတစ်ခွက်တိုက်ပေးရာ ပထမတော့ ငြင်းနေသေးသည်။

နောက်မှ အတင်းချော့မော့ပြီး တိုက်တော့မှ သောက်သည်။ ဆေးသောက်ပြီး မကြာမီ အိပ်ပျော်သွားလေသည်။

"အနှောင့်အယှက် တစ်ခုခုကြောင့် အခုလိုဖြစ်နေတာပါ၊ သူဘာယ်လို ဖြစ်တယ်ဆိုတာ ပြောပြပါဦး"

ထိုအခါ ဦးဘဖြူက သူသိသမျှ ပြောပြလေသည်။

"ကွင်းပိုင်တာတေဆိုလား သူ့လှေပေါ်မှာ တွေ့လိုက်ရပြီကတည်းက ညဘက်ရောက်လာရင် လန့်လန့်ပြီး အော်နေတော့တာပဲ ဆရာကြီးရယ်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်၊

"သိပ်တော့ မစိုးရိမ်ပါနဲ့ ကျုပ်တတ်နိုင်သလောက်တော့ ကုသပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဆရာကြီးရယ်"

ထိုနေ့အဖို့တော့ မြသင်းကြူတို့ အိမ်မှာပင် တစ်ညအိပ်ပြီး အခြေအနေစောင့်ကြည့်ရန် တိုင်ပင်ကြသည်။

ညနေပိုင်းရောက်တော့ နက်ကျော်ရောက်လာသည်။ အိမ်ထဲမှာ ဦးဗန်ကောင်း ထိုင်နေတာမြင်တော့ အတွင်းသို့ ဝင်မလာပေ . . .။

သို့ကြောင့် နီမောင်က အပြင်သို့ထွက်သွားသည်၊

"မင်းတို့ ဘာလာလုပ်ပြန်တာလဲ . . ."

"ဆေးကုဖို့လာတာ . . ."







www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဖြစ်နေတာတောင် မမှတ်သေးဘူးလား၊ ဒီရောဂါက ဆေးကုလို့မှ မရတာ . ."

"ဘာလဲ မင်းလုပ်ထားတာမို့လား"

"ငါ့အဖေကွင်းပိုင် လက်ချက်မိနေတာလေ၊ ဆေးကုရှင်သေရုံပဲရှိမှာပေါ့"

"ဆေးဆရာကတော့ လူနာတွေ့ရင် ရောဂါပျောက်အောင် ကုပေးရမှာပေါ့"

"ကုချင်းလည်းကုပေါ့၊ နောက်မှသာ အဆိုးမဆိုကြနဲ့"

"ဘာမှကြောက်စရာမရှိပါဘူးကွာ၊ ငါသိရသလောက်တော့ သူတို့မှာ ဘာမှအများအယွင်း မရှိပါဘူး၊ မိစ္ဆာတွေကအနှောင့်အယှက်ပေးနေလို့သာ သက်သက်ခံနေကြရတာပါ၊ ဒီမိစ္ဆာတွေကို ဖယ်ထုတ်နိုင်ရင် ကောင်းသွားမှာပါ"

နီမောင်က အေးအေးဆေးဆေး ပြောနေသော်လည်း နက်ကျော်ကတော့ ဒေါသဖြစ်လာသောကြောင့် မျက်နှာမှာကြောက်စရာကောင်းလောက်အောင် ခက်ထန်မာကျောလာသည်။

"မင်းက ဘယ်လောက်များ အစွမ်းအစရှိလို့ ဒီစကားမျိုးပြောရတာလဲ၊ ငါ့အဖေအကြောင်း မသိသေးဘူး ထင်တယ်"

"ငါ့မှာတော့ အစွမ်းအစ မရှိပါဘူး၊ ဒါပေမယ့်ဒုက္ခရောက်နေရင်တော့ ဘယ်သူမဆို အကူအညီပေးတတ်ပါတယ်"

"ကောင်းပြီးလေ တွေ့ကြသေးတာပေါ့"

ဟု ပြောပြီးနောက် လှေထဲသို့ ပြန်ဆင်းလေသည်။ သူပြန်သွားတော့မှ မြသင်းကြူက အပြင်ထွက်လာပြီး အခြေ အနေမေးသည်။

"သူ ဘာတွေပြောသွားသလဲဟင်"

"မကျေမနပ်နဲ့တော့ ကြိမ်းမောင်းသွားတာပဲ"

"ကျွန်မတို့လည်း ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးမနေကြရပါဘူး၊ သူ့ကိုပဲ ကြောက်နေရတာပါပဲ၊ အခုထွန်းမောင်ခံနေရတာသာ ကြည့်ပါတော့"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ နေရာတကာမှာ မကောင်းမှုတွေ မိစ္ဆာတွေရှိပြီး လူတွေကိုဒုက္ခပေးတတ်ကြတယ်ဆိုပေမယ့် လူတိုင်းတော့မရပါဘူး၊ မကောင်းတဲ့မိစ္ဆာဟာကောင်းတဲ့သူတွေနဲ့တွေ့ရင် ပြေးရတာပါပဲ"

"အစ်ကိုတို့ ရောက်လာတာ ကျွန်မဖြင့် သိပ်ပြီးအားရှိတာပဲ၊ ထွန်းမောင်ရောဂါ ပျောက်သွားအောင်တော့ ကုပေးခဲ့ပါအစ်ကိုရယ်"

"စိတ်ချပါ ကျွန်တော်တို့ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

ဟုပြောတော့မှ စိတ်သက်သာရာရသွားဟန်ရှိလေသည်။ ထိုနေ့ညဘက်မှာတော့ ထွန်းမောင်မှာ ငြိမ်အိပ်နေရာမှ ညဉ့်နက်ပိုင်းရောက်တော့ စူးစူးဝါးဝါးနှင့် ထအော်ရာ ဦးဗန်ကောင်းက ပရိတ်ရေနှင့် ဆေးကို ရောတိုက်ပေးပြီး ပရိတ်ကြိုးပါလည်ပင်း၌ ဆွဲပေးလိုက်တော့မှ ငြိမ်ကျသွားလေတော့သည်။

သို့သော် ထိုမျှနှင့်မပြီးသေးပဲ ညဉ့်နက်ပိုင်းအချိန်တွင်







www.burmeseclassic.com

www.burmeseclassic.com



သရဲ၊ သဘက်များရောက်လာပြီး အပြင်ဘက်မှသော်လည်းကောင်း၊ ရေစင်ဘက်မှသော်လည်းကောင်း လာရောက်ခြောက်လှန့်ကြရာ ဦးဇန်ကောင်းမှ ပရိတ်ရေနှင့် ထွက်ပက်တော့မှ ပျောက်သွားကြသည်။

နောက်ဆုံးရောက်လာပြီး ခြောက်လှန့်သူမှာ ကွင်းပိုင်တာတေပင် ဖြစ်သည်။ ကွင်းပိုင်တာတေက ရေစင်ဘက်မှ တက်လာပြီး ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်ကိုပြသည်။

ဒီတစ်ကြိမ်တော့ ဦးဇန်ကောင်းကိုယ်တိုင် ရေစင်ဘက်သို့ ထွက်သွားပြီး မေးသည်။

"ဘယ်သူလဲ. . ."

"ကွင်းပိုင်တာတေဆိုတာ ငါပဲ. . ."

အသံသြသြဖြင့် ပြန်ပြောသည်။

"ကွင်းပိုင်တာတေက ဒီနေရာကို ဘာအတွက်ရောက်လာတာလဲ"

"မကျေနပ်လို့ လာတာ"

"တင်တာ မြှောက်တာ ပျက်ကွက်လို့လား၊ မှားယွင်းလို့လား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာကို မကျေနပ်တာလဲ"

"ငါ့ကို မလေးမစားလုပ်နေလို့ မကျေနပ်တာ. . ."

"ဒီမှာ ငါပြောမယ် မင်းအခုဘယ်လို ဘဝရောက်နေတယ်ဆိုတာရော သတိပြုမိရဲ့လား. . . လူ့ဘဝကတည်းက မကောင်းတာတွေချည်း လုပ်ခဲ့လို့ သေတဲ့အခါကျတော့ သရဲဘဝရောက်တာတောင် မကတော့ဘူး. သဘက်ဘဝရောက်ပြီး ကွင်းတွေကိုစောင့်ပေးနေရတယ် ဒီဘဝမှာ မကောင်းတာတွေချည်း ထပ်လုပ်နေဦးမယ်ဆိုရင်တော့ ငရဲကို ဆင်းဖို့ပဲ ကျန်တော့တယ်"

ဦးဇန်ကောင်းက ထိုသို့ပြောနေသောအခါ နီရဲနေသော မျက်လုံးပြူးပြူးကြီးနှင့် ကြည့်နေသည်။

"ဒါတွေမသိဘူး၊ ငါသဘောမကျတာ လုပ်ရင်တော့ သတ်ပစ်မှာပဲ အခုဒီအိမ်မှာတောင် ငါ့ကိုမလေးမခန့်လုပ်တဲ့ လူကို ငါလုပ်ထားတာ တွေ့တယ်မဟုတ်လား"

"အဲဒီလို လုပ်တာကို မသိတော့ ခံကြရပေမယ့် သိတဲ့လူကတော့ ခံနေမှာ မဟုတ်ဘူး၊ မင်းကိုနိုင်တဲ့လူတွေ အများကြီးရှိတယ်ဆိုတာရော သိရဲ့လား၊ မင်းဒီထက်ပိုဆိုးလာရင် နယ်တော် ရှင်နတ် (ဦးရှင်ကြီးနတ်)၊ မြို့တော်ရှင်နတ် (ကိုးမြို့ရှင်) တွေကို တိုင်တည်အသိပေးပြီး နယ်နှင်ပစ်မယ်"

ကွင်းပိုင်တာတေက နယ်တော်ရှင်၊ မြို့တော်ရှင်နတ်ဟူသော အမည်ကြားရုံနှင့်ပင် နောက်သို့ဆုတ်သွားလေသည်။

ထို့နောက် ပျောက်သွားလေတော့သည်။

ထိုအခါမှ ဦးဇန်ကောင်းက တောပိုင် ချောင်းပိုင်တို့ကို မေတ္တာပို့ပြီး အထဲပြန်ဝင်လာသည်။

"အဘ စောစောက ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ကွင်းပိုင်တာတေနဲ့ ပြောနေတာ"




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ လှမ်းကြည့်တော့လည်း ဘာမှမမြင်ပါရလား"

"မမြင်သင့်လို့ မမြင်ရတာပါ"

"ဘာအတွက် လာတာလဲတဲ့"

"မကျေနပ်လို့ လာတာလို့ ပြောတာပဲ ဘာမကျေမနပ်ဖြစ်နေသလဲတော့ မသိဘူး"

ထိုအခါ ဒေါ်ကျူက ဖြစ်ကြောင်းအကုန်အစင် ပြောပြသည်။

မြသင်းကြူနှင့် ရင်မောင်တို့ ရည်ငံနေကြသည်ကို မြသင်းကြူကို တစ်ဖက်သတ် ပိုးပန်းနေသော နက်ကျော်က မကျေမနပ် ဖြစ်နေသောကြောင့် လူ့ဘဝက ဖခင်တော်ခဲ့သော ကွင်းပိုင်တာတေမှာ လာရောက်အန္တရာယ်ပေးနေခြင်း ဖြစ်ကြောင်း ပြောပြလေသည်။

နီမောင်ကတော့ သိတန်သလောက်သိထားပြီး ဖြစ်သော်လည်း ဦးဗန်ကောင်းကတော့ ယခုမှ အခြေအနေကို သိရခြင်း ဖြစ်လေသည်။

"အင်း ပရလောကသားတွေဆိုတာ လုပ်လို့ရရင်တော့ လုပ်တာပါပဲ၊ လုပ်လို့မရရင်လည်း ပြေးတာပါပဲ၊ ဒါပေမယ့် ဒီလိုနေရာမျိုးတွေမှာတော့ သူတို့အန္တရာယ်က ကြောက်ဖို့ကောင်းတာအမှန်ပါပဲ သတိထားပြီး နေရင်တော့ မမှားဘူးပေါ့လေ. . "

နောက်တစ်ရက်မှာတော့ ထွန်းမောင်တစ်ယောက်မှာ ပုံမှန်အခြေအနေ ပြန်ရောက်လာလေသည်။





ဦးဗန်ကောင်းက လိုအပ်သော ဆေးဝါးများအပြင် ...တ်ချည်ကြိုးများကို လူတိုင်းလည်ပင်းမှာ ဆွဲထားစေပြီး ပရိတ်...များပါ ပေးထားခဲ့ပြီးနောက် ဘီလူးမဂယက် ကျွန်းဘက်သို့ ...ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

# တံခါးလာခေါက်သော ဝိညာဉ်

နောက်ပိုင်းတော့ အခြေအနေက ပုံမှန်အတိုင်းပြန် ရောက်သွားကြလေသည်။

မကောင်းဆိုးဝါးများ၏ နှောင့်ယှက်ခြင်း မရှိတော့ သဖြင့် ပွဲရုံအလုပ်သမားတို့မှာ မိမိတို့ အလုပ်များကို စိတ်ဖြောင့် လက်ဖြောင့် လုပ်နိုင်ကြရသည်။

နီမောင်နှင့် ရင်မောင်တို့လည်း ထိုအကြောင်းများကို မေ့ပျောက်သကဲ့သို့ ရှိနေကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရင်မောင်နှင့် မြသင်းကြူတို့နှစ်ယောက်၏ ချစ်ခရီးလ
မှာလည်း အနှောင့်အယှက်ကင်းစွာနှင့် ဖြောင့်ဖြူးသာယာလျှ
၍နေတော့သည်။

သတင်းကြားရသည်မှာ ထိုအဖြစ်မပျက်များ ဖြစ်ခဲ့ပြီ
သည့်နောက်ပိုင်းတွင် နက်ကျော်တစ်ယောက်ပင် မြသင်းကြူ
အိမ်သို့မလာတော့ကြောင်း ကြားရသောအခါမှာ ရင်မောင်တ
ယောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတော့သည်။

ယခုနှစ် မိုးကုန်ပြီး နွေလသီတင်းပေါက်လျှင်ပင် လူကြီး
စုံရာနှင့် တောင်းရမ်းလက်ထပ်ယူဖို့ နှစ်ဦးသဘောတူ တိုင်ပင်
ထားကြလေသည်။

နီမောင်တစ်ယောက်လည်း ယခုမှပင် တာဝန်ယူထား
သော အလုပ်များကို စိတ်ဖြောင့်လက်ဖြောင့် လုပ်နိုင်တော့
သည်။

တစ်နေ့တော့ ရင်မောင်တစ်ယောက် ကျွန်းထိပ်ပိုင်းမှာ
ရှိသော လှဆိုင်းများရှိရာသို့ တစ်ယောက်တည်း ထွက်သွားရာ
မိုးချုပ်သည်အထိ ပြန်ရောက်မလာပေ။

ခါတိုင်းလည်း ကိစ္စရှိလျှင် ထိုကဲ့သို့သွားနေကျဖြစ်ရာ
မည်သူကမှ သတိမထားမိကြပေ။

ညနေပိုင်းရောက်တော့ လေပြင်းများ တိုက်ခတ်လာပြီး
နောက်မိုးကလည်း သည်းထန်စွာ ရွာချလေသည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးငယ်တို့ ယိမ်း
ထိုးလှုပ်ရှားနေပြီး မိုးသီးမိုးပေါက်များလည်း တစ်နေရာနှင့်





နေရာ ဘာမှမမြင်ရအောင် ရွာချလေသည်။

ပင်လယ်ပိုင်းနှင့် နီးသောနေရာများမှာ လေမိုးလာလျှင်
ဲ့သို့ သဲကြီးမဲကြီး ရွာလေ့ရှိရာ အလုပ်သမားများပင် အလုပ်
စောသိမ်းပြီး ကိုယ့်တဲအတွင်း ဝင်နေကြလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မှုန်မှိုင်းလျက်ရှိနေပြီး
တိုက်သံ၊ မိုးရွာသံများဖြင့် ဆူညံနေတော့သည်။

ညနေပိုင်းကတည်းက သဲကြီးမဲကြီး ရွာနေသော မိုးနှင့်
တို့မှ ည၉ဦးပိုင်းရောက်တော့ အရှိန်လျော့ကျသွားသည်။

သို့သော် လေသာငြိမ်သွားပြီး မိုးကတော့ တဖြောက်
ဖြောက် ရွာသွန်းနေဆဲပင် ရှိသေးသည်။

ထိုအချိန်ထိ ရင်မောင်တစ်ယောက် ပြန်ရောက်မလာ
သေးသဖြင့် မိခင်ဖြစ်သူ ဒေါ်လှစိန်က စိတ်ပူလာသဖြင့် နီမောင်
ပင် လိုက်ကြည့်ခိုင်းသည်။

နီမောင်က စောထီးနှင့် ငမဲအောင်ကိုပါ အဖော်ခေါ်ပြီး
ရင်မောင်သွားသော လှဆိုင်းများရှိရာသို့ ထွက်သွားကြလေ
သည်။

ထိုနေရာရောက်တော့ အလုပ်သမားအချို့က ပြောပြ
သည်။

"ကိုရင်မောင် ပြန်သွားတာ အတော်ကလေး ကြာနေပြီ
ခေါင်ရီသမ်းစ အချိန်လောက်ကပဲ"

"သူ့မှာ အဖော်ပါသေးလား"

"မပါဘူး သူတစ်ယောက်တည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုအခါ အခြားတစ်ယောက်က ဝင်ပြောပြသည်။

"ညနေစောင်းအချိန်လောက်က ချောင်းထဲမှာ ငါး ... မြန်လာတော့ မိုးတွေရွာနေတုန်း တာရိုးပေါ်မှာ သူတစ်ယောက် ... တည်း ပြန်သွားတာ လှမ်းမြင်လိုက်ရတယ်၊ သူ့နောက်က အ... မြင့်မြင့်နဲ့ လူတစ်ယောက် လိုက်သွားတာတော့ တွေ့လိုက်တယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ ထင့်ခနဲ ... သွားသည် တာရိုးပေါ်ကပြန်လျှင် သူတို့လည်း တာရိုးပေါ်က... သည်ဖြစ်ရာ လမ်းမှာတွေ့ရပေမည်။

မိုးရွာသဖြင့် တစ်နေရာဝင်နေသဖြင့်လွဲသွားလေ ... လားဟု တွေးမိသောကြောင့် ထိုနေရာမှ ချက်ချင်းပြန်ထွက် လာကြလေသည်။

လမ်းမှာတွေ့သော တဲများကိုဝင်ပြီး စုံစမ်းကြည့်တော့ လည်း သတင်းအစအနပင် မရပေ။

ပွဲရုံပြန်ရောက်ပြီး အခြေအနေပြောပြလိုက်တော့ ရင် မောင်မိဘများမှာ စိတ်ပူပြီး အလုပ်သမားများကိုခေါ်ကာ တစ် ရွာလုံး လိုက်ရှာကြသော်လည်း မတွေ့တော့ပေ။

ရင်မောင်တစ်ယောက် ပျောက်ချင်းမလှ ပျောက်နေ လေပြီ။ နောက်တော့ လှေတစ်စင်းနှင့် မြသင်းကျွန်းဆီ သွားလေ သလား ဟုတွေးမိကြပြီး ရှာဖွေခြင်းကို လက်လျှော့ကာ ကိုယ့်နေ ရာကိုယ် ပြန်သွားကြလေသည်။

အခြားသူများက အိပ်ကြသော်လည်း မိခင်ဖြစ်သူ ဒေါ် လှစိန်ကတော့ သားအတွက် ရတက်မအေးနိုင်သောကြောင့်





ဆေးလိပ်ဖွာရင်း တစ်ယောက်တည်း ထိုင်စောင့်နေရှာလေ သည်။

ဆေးပေါ့လိပ် တွင်တွင်ဖွာရင်းနှင့် ပါးစပ်မှာလည်း ပွစိ ပွစိဖြင့် ပြောဆိုရေရွတ်နေသေးသည်။

"ခေတ်ကာလ သားသမီးတွေများ အတော်ခက်ကြ တယ်၊ မိဘတွေ စိတ်ပူနေမှန်းမသိ၊ ဘာမသိနဲ့ ကိုယ်လုပ်ချင် တာပဲ လုပ်နေကြတော့တာပဲ. . ."

ထိုအချိန်မှာ ပင်အိမ်အနောက်ဘက်ထွက်သော တံခါး ခေါက်ရိုက်ရာမှ အသံခတ်တိုးတိုး ပေါ်ထွက်လာသည်။

"ဗုတ်. . ဗုတ်. . ဗုတ်"

ဒေါ်လှစိန်က နားစွင့်လိုက်တော့ အသံက ရပ်သွား သည်။ အပြင်မှာ မိုးမစဲသေးသလို လေကလည်း ခပ်ပြင်းပြင်း တိုက်နေပြန်သည်။

"ဗုတ်. . ဗုတ်. . ဗုတ်"

ကြားရသောအသံက တံခါးခေါက်နေသည့် အသံမျိုးမ ဟုတ်ပဲ လေတိုက်သဖြင့် တံခါးကို တစ်စုံတစ်ခုက လာတိုက်မိ နေသော အသံမျိုး ဖြစ်သည်။

သို့သော်လည်း ဒေါ်လှစိန်နားထဲမှာတော့ တစ်ယောက် ယောက်က တံခါးလာခေါက်နေသည် ထင်သောကြောင့် နေရာ မှ ထသွားသည်။

သူ တံခါးနားရောက်သွားတော့ တဗုတ်ဗုတ်နှင့် ကြားရ သောအသံက ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးချပ်ကို ဖွင့်ကြည့်လိုက်သည်။

အပြင်ဘက်မှာ ဘယ်သူမှ မရှိပေ။

မိုးရွာနေသေးသောကြောင့် မိုးစက်များက တဖြောက်ဖြောက်ကျနေသည်။

လေတိုက်နေသေးသောကြောင့် သစ်ပင်များက ယိမ်းထိုးလှုပ်ရှားနေသည်။

အိမ်ထဲမှာ ထွန်းထားသော မီးအိမ်မှ မီးရောင်က နောက်ဘက်သို့ ရောက်နေသောကြောင့် အပြင်ဘက်မှ မြင်ကွင်းကို ခပ်ဝါးဝါးမြင်ရသည်။

ဟိုဟိုဒီဒီ ကြည့်သော်လည်း ဘယ်သူမှ မမြင်ရသဖြင့် တံခါးချပ်ကို ပြန်ပိတ်လိုက်ပြီး နောက်ဘက်သို့ ပြန်လှည့်လိုက်စဉ်မှာ တံခါးဘက်မှ အသံထပ်ပေါ်လာသည်။

"ဒုတ်. . . ဒုတ်. . . ဒုတ်"

"ဘယ်သူများတံခါး လာပုတ်နေတာလဲဟဲ့ ဖွင့်ကြည့်တော့လည်း မတွေ့ရဘူး"

"ဒုတ်. . . ဒုတ်. . . ဒုတ်"

နောက်တစ်ကြိမ် တံခါးဖွင့်ကြည့်တော့လည်း မတွေ့ရပြန်ပေ။ သို့ကြောင့် တံခါးပြန်ပိတ်လိုက်တော့ တံခါးနှစ်ချပ်ကြားမှာ လက်တစ်ဖက် တိုးဝင်လာသည်။

ရေစိုနေသော လက်တစ်ဖက်ဖြစ်သည်။

သို့ကြောင့် တံခါးပြန်ဖွင့်လိုက်တော့ လှစ်ခနဲ လူတစ်ယောက်ဝင်လာသည်။





အခြားသူ မဟုတ်ပေ။

သူ့သား ရင်မောင်ပင်ဖြစ်၏။

ရင်မောင်တစ်ကိုယ်လုံးမှာ မိုးရေများ စိုရွှဲနေသည်။

ရင်မောင်က အိမ်ထဲသို့ မသွားသေးပဲ နောက်ဘက်မှာ ချထားသော ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"ဘယ်လိုဖြစ်လာတာလဲ သားရယ်၊ လူကြီးတွေ စိတ်ပူအောင် ဘယ်တွေလျှောက်သွားနေတာလဲ"

"ဟို. . ဟို. ."

"မင်းပျောက်နေလို့ ညဉ့်ဦးပိုင်းက နီမောင်တို့တောင်လိုက်ပြီး အရှာခိုင်းရသေးတယ် တစ်ရွာလုံး ဘယ်မှာမှ မတွေ့ကြဘူး၊ ဘာလဲ ဟိုဘက်ကျွန်းက ကောင်မလေးဆီ သွားနေတာမဟုတ်လား"

ရင်မောင်က ဘာမှပြန်မပြောပဲ မျက်လုံးအပြူးသားနှင့်မော့ကြည့်သည်။

သူကြည့်ရသည်မှာ တစ်စုံတစ်ခုကို ပြောချင်နေသော်လည်း ပြောမထွက်သည့် ပုံမျိုးဖြစ်နေသည်။

"အရင်ကတော့ လှေမလှော်တတ်ဘူး. . လှေနဲ့တစ်ယောက်တည်း မသွားဝံ့ဘူး ဆိုပြီးမှ အခုမိန်းမနဲ့ တွေ့တော့မှ မိုးတွေလေတွေထဲမှာတောင် တစ်ယောက်တည်း သွားဝံ့နေပြီပေါ့ဟုတ်လား"

"ဟို. . . ဟို. . ."

ဒေါ်လှစိန်က တတွတ်တွတ် ပြောနေသော်လည်း သား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သူ ပြန်ရောက်လာသဖြင့်တော့ အနည်းငယ် စိတ်အေးသွား လေသည်။

သို့သော် ဘာတစ်ခွန်းမှ ပြန်မပြောသဖြင့် လှည့်ကြည့် လိုက်တော့ သူ့ကို မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်ကိုသာ တွေ့ရလေသည်။

"နင်ဘာဖြစ်လာသလဲ ရင်မောင်၊ လမ်းမှာ ကြောက်စရာ လန့်စရာ တစ်ခုခု တွေ့လာခဲ့ပြန်ပြီ မဟုတ်လား၊ ဒါကြောင့် အချိန်မရှိရင် အပြင်မထွက်ပါနဲ့လို့ အတန်တန်မှာထားတာ ရမှ မရပဲကိုး"

ရင်မောင် တစ်စုံတစ်ခုကို ပြောရန် ဟန်ပြင်သော်လည်း လည်ချောင်းထဲမှာ တစ်နေသောကြောင့် အသံမထွက်ပဲ မျက်လုံး သာ ပြူးထွက်လာသည်။

ထိုအခါမှ ဒေါ်လှစိန်က အနားကပ်ပြီး ငုံ့ကြည့်လိုက် တော့ လည်ပင်းတစ်ဝိုက်မှာ အညိုအမည်း စွဲနေသော ဒဏ်ရာ များကို တွေ့မြင်ရတော့သည်။

ထိုအခြေအနေကို မြင်တော့မှ အိမ်ထဲမှာ အိပ်နေပြီဖြစ် သော ဦးကျော်ကို နှိုးရန်ဝင်သွားလေသည်။

"ကိုကျော် ထပါဦး ဟိုမှာ တော့်သား ပြန်ရောက်နေပြီ"

"ပြန်ရောက်ရင်လည်း အိပ်ခိုင်းလိုက်ပေါ့ကွာ. ."

"မဟုတ်ဘူး၊ သူ့ဒဏ်ရာ ရလာပုံ ရတယ်"

"ဟင်. . ."

ဒီတော့မှ ဦးကျော်ပါ ထလာပြီး လင်မယားနှစ်ယောက်





နောက်ဘက်အခန်းသို့ လာကြလေသည်။

သူတို့ရောက်လာတော့ စောစောက ကုလားထိုင်ပေါ် မှာ ရင်မောင်ကို မတွေ့ရတော့ပေ။

နောက်ဘက်တံခါးချပ်က ပိတ်လျက်သားရှိနေသည်။

"ဘယ်မှာလဲ မင်းသား"

"စောစောက သူဒီကုလားထိုင်မှာ ထိုင်နေတာပဲ ဟိုမှာ မမြင်ဘူးလား၊ ကုလားထိုင်မှာ ရေတွေစိုနေတာ. . ."

ထိုအခါမှ ဦးကျော်က အသေအချာငုံ့ကြည့်ရာ ကုလား ထိုင်ပေါ်မှာရော အောက်ဘက်မှာပါ ရေကွက်များ ရှိနေသည်ကို တွေ့မြင်ရသည်။

ထိုနောက်မှာ အိမ်ထဲ ရောက်နေပြီ အထင်ဖြင့် လိုက်ရှာ ကြည့်ကြတော့ မည်သည့်နေရာမှ မတွေ့ရတော့ပေ။

ရင်မောင်က ပျောက်ခြင်းမလှ ပြန်ပျောက်သွားလေပြီ။

ရင်မောင်ကို အိမ်ထဲမှာ မတွေ့ရသဖြင့် တံခါးဖွင့်ပြီး အပြင်ဘက်သို့ ထွက်ကြည့်ကြပြန်သည်။

မိုးလေများကျနေသည်ကိုသာ တွေ့ရသည်။ လူတော့ မတွေ့ရပေ။

လေပြင်းများ တိုက်ခတ်နေသဖြင့် သစ်တောဘက်မှ တဝေါဝေါ မြည်သံများကြားရပြီး သစ်ပင်ကြီးများက ယိမ်းထိုး လှုပ်ရှားနေသည်။

အပြင်မှာလည်း မတွေ့ရသောအခါ မိခင်ဖြစ်သူဒေါ်လှ စိန်မှာ မျက်စိမျက်နှာ ပျက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ ဦးကျော်က ရင်မောင်ကို မမြင်လိုက်ရသော ကြောင့် ဇဝေဇဝါဖြစ်ရှိသာ ဖြစ်နေသော်လည်း၊ ရင်မောင်ကို နှပ္ပူးတွေ့ ဒူးတွေ့ မြင်လိုက်ရသော မိခင်ဖြစ်သူမှာတော့ မျက်စိ မှုတ်နှာ ပျက်နေလေသည်။

"ကျုပ်. . ကျုပ်သားလေး. . . တစ်ခုခုများ ဖြစ်နေရော့ သလား"

ဟု မျက်ရည်စမ်းစမ်းဖြင့် ပြောနေသဖြင့် ဦးကျော်က မနေသာတော့ပဲ ပွဲရုံအနားပင် ရှိကြသော နီမောင်တို့ကိုနိုးပြီး အကျိုးအကြောင်း ပြောပြရသည်။

ထိုအခါ နီမောင် ဦးဘရှိန်နှင့် ဦးဗန်ကောင်းတို့ လိုက် လာကြသည်။

သူတို့လိုက်လာတော့ ဒေါ်လှစိန်က သူမြင်တွေ့ရသော အဖြစ်အပျက်တို့ကို ပြောပြသည်။

နီမောင်က ရေစိုနေသော ကုလားထိုင်ကို ကြည့်ပြီးလေး လေးနက်နက် စဉ်းစားနေသည်။

သူ့စိတ်ထဲမှာ ထင်နေသည်။ လေးနေသည်။

"ပထမတော့ နောက်ဘက်က တံခါးလာပုတ်သံကြားရ တယ်၊ တံခါးဖွင့်ကြည့်တော့ သူဝင်လာပြီး ဟိုကုလားထိုင်ပေါ်မှာ ဝင်ထိုင်တယ်၊ တစ်ကိုယ်လုံး ရေတွေရွှဲနေပြီး သူဒဏ်ရာရလာပုံ လည်းရတယ်"

ဒေါ်လှစိန်ပြောသမျှကို ကျန်လူများက နားထောင်နေ ကြစဉ် တံခါးပုတ်သံက ထပ်မံပေါ်ထွက်လာသည်။





" ဗုတ်. . . ဗုတ်. . . ဗုတ် "

"ဟောကြားရပြန်ပြီ၊ သူပြန်လာပြီထင်တယ်"

ဒေါ်လှစိန်က ပြောပြောဆိုဆိုနှင့် တံခါးထဖွင့်ရန်ပြင် တော့ ဦးဗန်ကောင်းက လှမ်းတားလိုက်သည်၊

"မဖွင့်နဲ့ ပွဲကတော်"

"ဟင်. . ဘာဖြစ်လို့လဲ၊ ကျုပ်သားလေး မိုးရေထဲမှာ အအေးပတ်တော့မှာပေါ့"

"မဟုတ်ပါဘူး၊ ကျုပ်စကားနားထောင်ပြီး နောက်ကို သာဆုတ်နေပါ၊ ကျုပ်ပြောတာမယုံရင် အန္တရာယ်ဖြစ်ပါလိမ့် မယ်"

ဟုထပ်ပြောတော့မှ ဒေါ်လှစိန်မှာ တန့်သွားသည်။

ဦးကျော်ကလည်း စိတ်ဝင်စားသော အမူအရာဖြင့် ကြည့်နေသည်။

ဦးဗန်ကောင်းက စိတ်မကောင်းသော အမူအရာဖြင့် သက်ပြင်းချလိုက်စဉ် နောက်ထပ်တံခါးပုတ်သော အသံက ပေါ် လာပြန်လေသည်။

"ဗုတ်. . ဗုတ်. . ဗုတ်. . . . "

ထိုအခါ ဦးဗန်ကောင်းက မျက်ရိပ်ပြလိုက်သဖြင့် နီ မောင်က ပိတ်နေသော တံခါးကို ဖွင့်လိုက်သည်။

"အမယ်လေးတော့"

"ဟာ. . . "

"ဟင်. . ဘယ်လိုဖြစ်တာလဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



ဟူသောအော်သံများ ပေါ်ထွက်လာသည်

နီမောင်ပင် တံခါးဖွင့်လိုက်သည်နှင့် ရင်မောင်၏ ကြောက်စရာကောင်းလောက်အောင် ဖြစ်နေသည့် မျက်နှာကြီးကို တွေ့မြင်လိုက်ရသဖြင့် နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်ပေးလိုက်ရသည်။

မြင်ကွင်းက မကောင်းလှပေ. . .။

ရင်မောင်မှာ တံစက်မြိတ်နှင့် မနီးမဝေးမှာ ရှိသောသစ်ပင်ကိုင်းမှာ တွဲလောင်းဆွဲထားသော ပုံစံဖြစ်နေသည်။

ကြိုးကလည်ပင်းမှာ ရစ်ပတ်ထားပြီး သစ်ကိုင်းမှာ ဆွဲထားခြင်းဖြစ်သည်။

ခြေထောက်က မြေနှင့်လွတ်နေပြီး လက်နှစ်ဖက်က တွဲလောင်းကျနေသည်။

လေတိုက်လိုက်တိုင်း အလောင်းက ဟိုယိမ်းဒီယမ်း ဖြစ်နေပြီး တစ်ခါတစ်ခါ ပိတ်ထားသော တံခါးချပ်ကို လာရောက်ထိနေရာ လက်ဖြင့်တံခါးချပ်ကို လာပုတ်နေသော အသံမျိုးထွက်နေခြင်းဖြစ်သည်။

လည်ပင်းအစ်ပြီး သေရသောကြောင့် မျက်လုံးကအစ်ပြီး ပြူးထွက်နေကာ လျှာကအပြင်သို့ တစ်ဝက်တစ်ပြက် ထွက်နေလေသည်။

ထိုအခြေအနေကို မြင်ရသောအခါ ဒေါ်လှစိန်က စူးစူးဝါးဝါး ငိုချလိုက်သည်။

"အောင်မယ်လေးသားရဲ့၊ ဘယ်လိုအဖြစ်ဆိုးမျိုးနဲ့ ကြုံ





ရတာလဲကွယ် အမေတော့ ရင်ကျိုးပါပြီ. . ."

ထိုငိုသံကြောင့် ပတ်ဝန်းကျင်မှာ လူအချို့လည်း ရောက်လာကြလေသည်။

နီမောင်က အလောင်းလည်ပင်းမှာ ရစ်ပတ်နေသော ကြိုးစကို ဓားဖြင့်ဖြတ်ချလိုက်သောအခါ အောက်သို့ ပုံကျလာလေသည်။

"မကောင်းဆိုးဝါး တစ်ကောင်ကောင် သတ်သွားတာများလား"

"မဟုတ်လောက်ဘူး ထင်တယ်. . .၊ လူတစ်ယောက်ယောက်က သူ့ကိုသတ်ပြီး ဒီနေရာမှာ လာဆွဲထားတာ ဖြစ်နိုင်တယ်"

"ဘယ်သူ သတ်တာဖြစ်မလဲ"

"ရန်ငြိုးရန်စရှိတဲ့ လူတစ်ယောက်ယောက်ပဲ ဖြစ်မှာပေါ့"

ထိုစကားကြားသောအခါ နီမောင်မျက်စိထဲမှာ နက်ကျော်၏ ပုံရိပ်ကို ချက်ချင်းမြင်ယောင်မိလေသည်။

ညနေပိုင်းက ကျွန်းထိပ်ဘက် သွားရောက်စုံစမ်းစဉ်က လူတစ်ယောက်က ပြောလိုက်သေးသည်။

ရင်မောင်ပြန်သွားတော့ သူ့နောက်မှ အရပ်ရှည်ရှည်နှင့် လူတစ်ယောက် လိုက်သွားသည်ဆိုသော စကားအရဆိုလျှင် နက်ကျော်မှလွဲပြီး ဘယ်သူမှမဖြစ်နိုင်ကြောင်း တွေးမိလေသည်။

"နက်ကျော်ပဲ ဖြစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာ မသိသေးပဲနဲ့ အရမ်းစွပ်စွဲဖို့တော့ မသင့်ဘူး၊ ဒီကိစ္စကို သေသေချာချာ စုံစမ်းရမယ် ,မဟုတ်ရင် နောက်ထပ် အန္တရာယ်တွေက တစ်ခုပြီးတစ်ခု ဝင်လာလိမ့်မယ်"

ဟုပြောဆိုပြီး ရင်မောင်အလောင်းကို အိမ်ထဲသို့ သယ်ယူလာကြသည်။

ပတ်ဝန်းကျင်မှာ သတင်းလာမေးသော သူများလည်း ပွဲရုံတစ်ခုလုံး ပြည့်သွားလေတော့သည်။

အပြင်ဘက်မှ မိုးမစဲသေးပေ. . .။

လေပြင်းများက တိုက်ခတ်နေဆဲပင် ရှိကြသေးသည်။

နီမောင်ရင်ထဲမှာလည်း မကျေမနပ်မှုများကြောင့် ဒေါသမုန်တိုင်းတို့က တရိပ်ရိပ် တက်နေလေသည်။





## အခန်း (၁၁)

# ဘီလူးမဂယက်နှင့် ထူးဆန်းမှုများ

နောက်တစ်နေ့ နံနက်စောစောအချိန်မှာပင် မြသင်းကြူတို့ကို လူလွှတ်ပြီး အကြောင်းကြားလိုက်ရာ မြသင်းကြူနှင့် သူ့မိခင်တို့ လိုက်လာကြသည်။

မြသင်းကြူခမျာ မျက်ရည်မဆည်နိုင်အောင် ဖြစ်နေလေရာ ဝိုင်းဝန်းဖျောင်းဖျ ပေးကြရသည်။

"သူဒီလို အဖြစ်မျိုးကြုံနေရပြီဆိုတော့ ညကတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသိပါတယ်"

"ညက သူ ကျွန်မဆီရောက်လာတယ်. . သူ့ရဲ့ပုံပန်း သဏ္ဌာန် မြင်လိုက်ကတည်းက ဒုက္ခတစ်ခုခုနဲ့ ကြုံတွေ့နေပြီ ဆိုတာ သိပါတယ်၊ ဒီလိုဖြစ်ရတာ ကျွန်မနဲ့ ပတ်သတ်ခဲ့လို့ပါ ရှင်. . ."

ဟုပြောရင်း မျက်ရည်များကို သုတ်နေသည်။

"ဒီလိုလည်း ပြောလို့မရပါဘူး၊ ဖြစ်ချိန်တန်လို့ဖြစ်ရ တယ်လို့ပဲ သဘောထားပါ"

"ကိုရင်မောင်ကို ဘယ်သူသတ်တာလဲဟင်၊ ဟို လူယုတ် မာသတ်တာပဲ မဟုတ်လား"

"ဒီလိုလည်း ပြောလို့မရသေးပါဘူး၊ ဒါပေမယ့် နောက် တော့လည်း အမှန်တရားကြောင့် တစ်နေ့တော့ အဖြေမှန် ပေါ် လာမှာပါ"

"ကျွန်မကတော့ အဲ့ဒီလူယုတ်မာအပေါ်မှာ ဘယ်တော့ မှ အခဲမကျေဘူး၊ ကျွန်မတို့ မိသားစုတွေကိုလည်း သက်သတ် လာပြီး ဒုက္ခပေးနေတယ် အခုလည်း အပြစ်မရှိတဲ့ လူတစ် ယောက်ကို ရက်ရက်စက်စက် သတ်လိုက်ပြန်ပြီ. . . ကျွန်မတ တော့ သူ့အပေါ်မှာ ဘယ်တော့မှ ခွင့်မလွှတ်ဘူး. . ."

နီမောင်က တတ်နိုင်သလောက် ဖျောင်းဖျပြောဆိုနေ သော်လည်း မြသင်းကြူကတော့ အံ့တင်းတင်း ကြိတ်ထားရင်းမှ မကျေမနပ် ပြောဆိုနေသည်။

"ဒါထက် မြသင်းကြူတို့ အိမ်မှာကော အခြေအနေ





ဘယ်လိုရှိသလဲ"

"အဖေနဲ့ ထွန်းမောင်က ဒီလောက် ဒုက္ခပေးနေတဲ့ လူယုတ်မာကို ဒီတစ်ခါလာရင် သတ်ပစ်မယ်ဆိုပြီး ဓားတပြင် ပြင်ဖြစ်နေကြတယ် အရင်ကတော့ သူ့ကို မကြောက်ပေမယ့် သူ့အဖေကွင်းပိုင် တာတေကို ကြောက်လို့ ငြိမ်နေကြရတာ အခု အစ်ကိုနဲ့ ဆရာကြီးတို့ ရောက်လာပြီး အကာအကွယ်တွေ လုပ် ပေးသွားပြီးတဲ့ နောက်ပိုင်း အနှောင့်အယှက် မရှိတော့ဘူး၊ သူ့ကို သည်း ကြောက်ဖို့မလိုတော့ဘူး၊ ဒါကြောင့် ဒီတစ်ခါလာရင် သတ်မယ်ချည်း ကြိမ်းနေကြတယ်"

"တစ်နေ့နေ့တော့ သူပြုခဲ့တဲ့ အကုသိုလ်ကံတွေ သူ့ထံ ပြန်မှာပါ"

နီမောင်က ထိုမျှလောက်သာ ပြောဆိုနိုင်လေသည်။

မြသင်းကြူတို့ သားမိက ရင်မောင် အသုဘကိစ္စပြီးမှာပဲ တညင်ပင်ကျွန်းသို့ ပြန်သွားကြလေသည်။

ရက်လည် ဆွမ်းသွတ်ပြီးသောအခါ ဦးဗန်ကောင်းက နီမောင်ကို ပြောသည်။

"နီမောင်ရေ ငါတို့နှစ်ယောက် ရင်မောင်နဲ့ တွေ့ကြမှ ဖြစ်တော့မယ်. . ."

"ဗျာ. . ရင်မောင်က သေသွားပြီပဲ ဘယ်လိုတွေ့မှာလဲ"

"သူ့ဝိညာဉ်နဲ့ တွေ့မှာပေါ့ကွာ ဒါမှအကျိုးအကြောင်း သိရမယ်. . . ."

ထိုသို့ပြောပြီးနောက် ဦးဗန်ကောင်းက လိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကို ပြင်ဆင်လေသည်။

အားလုံးအဆင်သင့် ဖြစ်သောအခါ တောထဲသွား
ပြင်သည်။ အရေးအကြောင်းရှိပါက အဖော်ရစေရန် စော
နှင့် ဗမဲအောင်တို့ကိုပါ ခေါ်လာခဲ့သည်။

သူတို့လေးယောက်သည် နေဝင်ရီတရောအချိန်တွင်
ရင်မောင်အလောင်းမြှုပ်ထားသော အနောက်ဘက်တောထဲ
သွားလေသည်။

ထိုနေရာသို့ ရောက်သောအခါ မြေပြန့်ကျယ်တစ်
ရာတွင် စည်းတားလိုက်သည်။

သစ်သားများဖြင့် မြေပေါ်မှာ အကွက်ချထားလိုက်
ခြင်းဖြစ်သည်။

ထောင့်လေးထောင့်မှာ တိုင်လေးတိုင်စိုက်ပြီး နတ်ပန်း
(ဦးရှင်ကြီးနတ် ဆွမ်းတင်ရာ၌ အသုံးပြုသောပန်း) များချည်ထား
သည်။

တောပိုင်အတွက် စားပွဲကို မြေပေါ်မှာ ငှက်ပျောဖက်
ခင်းပြီးပြင်သည်။

ထမင်း၊ ဟင်း၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ဖြစ်
သည် ထိုသို့ပြင်ရာမှာတော့ သူတို့ ရှိနေသော စည်းအပြင်ဘက်
မနီးမဝေးနေရာ၌ ဖြစ်သည်။

နေဝင်ချိန် ရောက်သွားတော့ သစ်ပင်ရိပ်များကြောင့်
တောထဲမှာ အမှောင်ရိပ်သမ်းလာသည်။

ဦးပန်ကောင်းက အားလုံးကို စကားမပြော၊ အသံ





မထွက်စေရန် သတိပေးပြီး တောင်ပိုင်ကို ပင့်သည်။

“. . . . . . ကျွန်တော်တို့ ကျွေးမွေးသောအစားအ
သောက်တို့ကို ကြွရောက်သုံးဆောင်ပါ တောင်ပိုင်ကြီးခင်ဗျာ”

ထိုသို့သုံးကြိမ်သုံးခါ ရွတ်ဆိုလိုက်သောအခါ တောထဲမှ
တောတိုးလာသော အသံကို ကြားလာရသည်။

မြေပြင်ပေါ်မှာ နင်းလျှောက်လာသော ခြေသံကြားရပြီး
သစ်ပင်များကြားမှ မြင့်မားသော အရပ်အမောင်းရှိသည့် လူတစ်
ယောက် ထွက်လာသည်။

မြင့်မားလှသော ကနစိုပင် သစ်ကိုင်းများမှာ အရပ်နှင့်
လွတ်သောကြောင့် ခေါင်းငုံ့ပြီး လျှောက်လာရသည်။

မနီးမဝေး ရောက်လာတော့ အရပ်က တဖြည်းဖြည်း
နိမ့်ကျလာပြီး သာမန်လူအရွယ်အစားသို့ ရောက်သွားလေတော့
သည်။

“တောပိုင်ကြီးဆိုလျှင် စားပါ သောက်ပါ”

ဟု ဦးပန်ကောင်းက ပြောလိုက်သောအခါ ငှက်ပျော
ဖက်ပေါ်မှာ တင်ပေးထားသော အစားအသောက်များကို စား
သောက်လေသည်။

“ဒီမြေပုံမှာ မြှုပ်ထားတဲ့ သေသွားတဲ့ ဝိညာဉ်က တော
ပိုင်လက်ထဲမှာ ရောက်နေပါသလား”

ထိုသို့မေးတော့ ခေါင်းညိတ်ပြသည်။

“ရှိတယ်ဆိုရင် သူနဲ့တွေ့ပါရစေ. . .”

ဟုခွင့်တောင်းတော့ တောပိုင်ကြီးက တောထဲသို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားလေသည်။

အချိန်ကလည်း နေလုံးပျောက်သွားပြီး တောထဲမှာ မှောင်လာလေသည်။

ကောင်းကင်မှာ မိုးရိပ်ထဲမှာ နောက်ထပ်သင်္ဘောကြီးတစ်ခု ထွက်လာပြန်သည်။

ဝေ့ဝေ့ဝါးဝါး မြင်နေရသော်လည်း ရင်မောင်၏ ပုံရိပ်သဏ္ဍာန်ဖြစ်မှန်း အားလုံးက သိကြလေသည်။

"ရင်မောင် မဟုတ်လား"

ထိုသဏ္ဍာန်က ခေါင်းညိတ်ပြသည်။

"မင်းအတွက် ငါတို့အားလုံးက စိတ်မကောင်းကြပါဘူး မင်းကို ဘယ်သူ သတ်တာလဲ"

ခေါင်းခါပြသည်။

"ဘယ်သူ သတ်တာလဲ"

ဦးဖန်ကောင်းက ထပ်မေးပြန်တော့လည်း ခေါင်းကိုသာ ခါပြနေ၏။

"မင်းမှာ ပြောခွင့် မရှိဘူးလား"

ထိုအခါ ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ဘယ်သူ ပြောပြနိုင်မလဲ"

တောနက်ထဲသို့ လက်ညှိုးထိုးပြသော ဘက်မှာဘီလူးမဂယက်ရှိသော နေရာဘက်ဖြစ်ကြောင်း သတိပြုမိလေတော့သည်။

"ဘီလူးမဂယက်ကို ပြောတာလား"





ခေါင်းညိတ်ပြသည်။

"အဲဒီကို သွားမေးရမှာလား"

ခေါင်းညိတ်ပြပြန်သည်။

"ကောင်းပြီလေ. . ငါတို့သွားပြီးမေးပါမယ်၊ မင်းအတွက် ငါတို့စိတ်မကောင်းပါဘူး၊ ဒါကြောင့်မင်းကို သတ်တဲ့တရားခံကို သိအောင် ကြိုးစားပေးပါမယ်"

ဟုပြောတော့ ခေါင်းညိတ်ပြသည်။

ဦးဖန်ကောင်းက ယူလာသော ထမင်းထုပ်ကို ပစ်ပေးလိုက်တော့ ယူပြီး ပျောက်ကွယ်သွားလေသည်။

နီမောင်တို့မှာ ခင်ခင်မင်မင်နေခဲ့သူ တစ်ယောက်ကို သခုကဲ့သို့သော အခြေအနေမျိုး၊ ဘဝမျိုးနှင့် တွေ့ရသောအခါများစွာ စိတ်မကောင်း ဖြစ်မိကြသည်။

သို့သော်လည်း မည်သို့မှ မတတ်နိုင်ကြတော့ပါချေ။

ထို့နောက်မှာတော့ တောတွင်းမှ ပြန်ထွက်လာခဲ့ကြသည်။ ထိုညဘက်မှာ နီမောင်တစ်ယောက် အိပ်မပျော်နိုင်ပဲရှိနေလေသည်။

ချစ်သူနှင့် မပေါင်းသင်းရသည့်အပြင် ပရလောကသို့ ပင်ရောက်ရှိသွားသော ရင်မောင်အတွက် စိတ်မကောင်းသဖြင့် သက်ပြင်းတချချနှင့် ရှိနေတော့သည်။

ညဥ့်နက်ပိုင်းရောက်တော့မှ အိပ်ပျော်သွားရာ ရင်မောင်နှင့် ပြန်တွေ့ရပြန်၏။

ထိုသို့တွေ့သော အခါမှာတော့ ရင်မောင်က အပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်နှင့် တွေ့ရသကဲ့သို့ စကားပြောနိုင်လေသည်။

"နီမောင်. . . ."

"ဟင်. . ရင်ပေါင် မင်းအခုတော့ စကားပြောနိုင်ပြီ လား"

ခေါင်းညိတ်ပြသည်။

"ဒါ. . ဒါဖြင့် မင်းကို ဘယ်သူသတ်တာလဲ နက်ကျော် သတ်တာ မဟုတ်လား"

"ငါမသိဘူး သူငယ်ချင်းရယ် သတ်တဲ့သူကို မမြင်လိုက် ရပါဘူး၊ အလုပ်သမားတွေဆီက ပြန်လာတော့ မိုးတွေလေတွေ မိပြီး လည်ပင်းမှာဆွဲထားတဲ့ ပရိတ်ကြိုး ပြတ်ကျန်ခဲ့တာ သတိမ ပြုမိလိုက်ဘူး၊ တစ်ယောက်တည်း ပြန်လာတုန်း လမ်းရောက် တော့ လည်ပင်းညှစ်ပြီး အသတ်ခံလိုက်ရတာပါပဲ. . ."

ဟုပြောပြလေသည်။

"မင်းအတွက် ငါစိတ်မကောင်းပါဘူး သူငယ်ချင်းရယ် မင်းကိုသတ်တဲ့ တရားခံကို မတွေ့တွေ့အောင်ရှာဖွေပြီး လက် စားပြန်ချေရမယ်၊ ငါမင်းအတွက် ဘာတွေလုပ်ပေးရမလဲ ဘာ တွေ လုပ်ပေးစေချင်သလဲ"

"အဲဒါ ပြောချင်လို့ ငါလာခဲ့တာပဲ ပွဲရုံလုပ်ငန်းတွေတ ငါမိဘတွေက အသက်ကြီးပြီဆိုတော့ သိပ်မလုပ်နိုင်ကြတော့ဘူး အဲဒီတော့ ငါ့ကိုယ်စား မင်းကပဲ ဦးစီးပြီး လုပ်ပေးပါ. . ."

"စိတ်ချပါကွာ ငါလုပ်ပေးပါမယ်"

"နောက်တစ်ခုက မြသင်းကြူကိုလည်း မင်းစောင့်





ရှောက်ပေးပါ၊ မဟုတ်ရင် တစ်နေ့မဟုတ်ရင် တစ်နေ့ ဟိုလူယုတ် မာလက်ချက်နဲ့ ဒုက္ခတွေ့လိမ့်မယ် သူကဆင်းရဲပေမယ့် သဘော နေ‌ေ ရိုးသားဖြူစင်ပါတယ်. . ."

"အေးကွာ အဲဒါကတော့ ငါက အကူအညီပေးချင်ပေ မယ့် သူ့သဘောက ရှိသေးတယ်၊ ငါက သဘောရိုးနဲ့ အကူအ ညီပေးပေမယ့် ပတ်ဝန်းကျင်က တစ်မျိုးထင်မှာလည်း စိုးရသေး တယ်၊ ဒါပေမယ့် မင်းစိတ်မပူပါနဲ့ ငါတတ်နိုင်သလောက်တော့ အကူအညီ ပေးသွားမှာပါ"

"အေးကွာ ကျေးဇူးတင်ပါတယ်၊ နောက်ပြီး နက်ကျော် ရဲ့ အန္တရာယ်က မပြီးသေးဘူး၊ ငါမရှိပေမယ့် မင်းကိုဆက်ပြီး ဒုက္ခပေးလိမ့်ဦးမယ်၊ ဒါပေမယ့် မင်းအတွက် အန္တရာယ်မကျ ရောက်အောင် ငါကူညီပေးပါမယ် အကာအကွယ် ပေးပါမယ်"

ဟုပြောဆိုပြီး ပျောက်သွားလေတော့သည်။

နီမောင်စိတ်ထဲမှာတော့ မတင်မကျနှင့် ဖြစ်ကျန်ခဲ့လေ သည်။ ရင်မောင်တစ်ယောက် ဘယ်ပုံဘယ်နည်း သေခဲ့ရသည် ကို သိလိုက်ရသော်လည်း သတ်သည့်တရားခံကို မသိလိုက်ရ သောကြောင့်ပင်ဖြစ်၏။

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ နီမောင်တို့လေး ယောက်မှာ လိုအပ်သော ပစ္စည်းများကို စုဆောင်းယူငင်ပြီး ဘီ လူးမဂယက် ရှိရာသို့ သွားကြသည်။

ဘီလူးမဂယက် ကျွန်းပေါ်မှာနေကြပြီး ထိုကျွန်းပေါ်၌ ဘီလူးမဂယက်ရှိမှန်း သိသော်လည်း တကူးတကတော့ဖြင့်မည်



www.burmeseclassic.com

www.burmeseclassic.com



သူမှ မသွားမလာဝံ့ကြပေ. . . ။

အမှားအယွင်းမခံပဲ တောကြမ်းသောကြောင့် ဝေးဝေးမှ ရှောင်ကြခြင်းဖြစ်သည်။

ယခုတော့ နီမောင်၊ ဦးဗန်ကောင်းနှင့် စောထီး၊ ငမဲအောင်တို့ လေးယောက်သား ဘီလူးမဂယက်သို့ သွားကြလေသည်။

ထိုနေရာမှာ ကျွန်း၏အတွင်းပိုင်း တောနက်ထဲမှာရှိပြီး လူသူအရောက်အပေါက် နည်းသောနေရာ၌ ရှိသည်။

စောထီးနှင့် ငမဲအောင်တို့ကတော့ ထိုနေရာသို့ မရောက်ဘူးသေးသောကြောင့် ယခုကဲ့သို့ သွားရသည်ကိုပင် တက်ကြွနေကြသည်။

"ဘီလူးမဂယက်ထဲမှာ ငါးတွေအများကြီးရှိတယ်လို့ ပြောသံကြားဘူးတယ်၊ ဟိုရောက်တော့ ခွင့်တောင်းပြီး ငါးဟင်း စားရအောင် ဆင်းဖမ်းရမယ်"

"ငါးမတွေ့ပဲ မြွေနဲ့တွေ့နေပါဦးမယ်ကွာ. . ."

ထိုသို့ပြောနေသံကြားသောအခါ ဦးဗန်ကောင်းက သတိပေးထားရသည်။

"အဲဒီနေရာက တောကြမ်းတယ်နော်၊ ငါမသိပဲ ဘာမှ မလုပ်ကြနဲ့ ကြားလား. . ."

"ဟုတ်ကဲ့ပါ အဘ. ."

လေးယောက်သား တောနက်ထဲသို့ တဖြည်းဖြည်းတိုးဝင်သွားကြရာ အတွင်းပိုင်းရောက်လေ တောက ပိုကျပ်လေလေ





ဖြစ်၏။

ကနစိုပင်အပါအဝင် သစ်ပင်ကြီးများက အပင်ချင်းဆက် အကိုင်းချင်းဆက် ယှက်နေကြသလို အခြားသစ်ပင်များကသည်း အပင်မျိုးအစားအလိုက် သူ့နေရာနှင့်သူ ရှိနေကြသည်။

သရေဖိုက်တောများ၊ သင်ပေါင်းဖိုက်တောများ၊ မြင်းဖိုက်တော၊ မဒမဖိုက်တော စသည်တို့မှာ သူ့နေရာနှင့်သူ ဖိုက်တောကြီးများဖြစ်ကာ ထူထပ်စွာ ရှိနေကြသည်။

လေးယောက်သား ထိုတောများအတွင်းမှ လူတစ်ယောက် သွားသာရုံ လမ်းဖောက်ပြီး တိုးသွားကြလေသည်။

ဆွမ်းခံပြန်ချိန် (နံနက်(၁၀)နာရီခန့်)လောက် ရောက်သောအခါ. . . တောနက်ထဲမှာ ထူးထူးခြားခြား ဖြစ်နေသော ယက်ရှိရာသို့ ရောက်သွားကြသည်။

ဂယက်မှာ အတော်ကျယ်ဝန်းသည်။

ဘေးပတ်လည်မှာ သစ်ပင်ကြီးများ အုပ်မိုးထားသော်လည်း အလယ်မှာတော့ မည်သည့်သစ်ပင်မှ မပေါက်ပေ။

ရေအိုင်ထဲမှာတော့ ငါးများရှိဟန်တူသည်။ ငါးကို မမြင်ရသော်လည်း ငါးပွက်နေသည်တို့ကို တွေ့ရသည်။

ရေချိုမှာနေသော ငါးအတော်များများမှာ ရေအောက်မှာ နေသော်လည်း လေဖြင့်အသက်ရှူကာ အသက်ရှင်ကြရသည်။ ငါးရံ့နှင့် ငါးပြေမငါးတို့မှာ မကြာခဏ ရေမျက်နှာပြင်ပေါ် တက်ပြီး လေရအောင် ရှူကြသည်။

ရေအောက်မှာ မိကျောင်းတစ်ကောင်၊ ငါးရံ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် ဘဲတစ်ကောင်တို့ကို နှစ်ထားပါက ငါးရံ့ကအရင်ဆုံး သေသည်။ ပြီးလျှင် မိကျောင်းသေမည်။

နောက်ဆုံးအချိန် အတော်ကြာမှ ဘဲကသေသည်။

ဘဲက ရေအောက်ရောက်လျှင် ၄င်းအမွေးထဲသို့ ခေါင်းထည့်ပြီး အသက်ရှူ၍ ရသောကြောင့်ပင်ဖြစ်သည်။

မိကျောင်းထိုးသူတို့သည် မိကျောင်းတစ်ကောင် စလွတ်ထိပြီး စလွတ်ကြိုးများဖြင့် ရေအောက်မှာ တစ်ခုခုနှင့် ငြိနေပါက ရေထဲငုပ်ပြီး ဆင်းဖြုတ်ယူကြသည်။

အချိန်ကြာပါက မိကျောင်းက ရေအောက်မှာ အသက်သေနေပြီဖြစ်၏။

ယခုလည်း သစ်ရွက်များအောက်မှ ငါးပွက်နေသည်များကို မြင်ရသောအခါ ရေအိုင်ထဲမှာ ငါးများရှိမှန်း သိသာပေသည်။

"ငါးတွေကတော့ အများကြီးပဲဟေ့"

ငါးဖမ်းဝါသနာပါသော စောထီးက အသံကျယ်ကျယ်ဖြင့် ပြောလိုက်ရာ ဦးဇန်ကောင်းက 'ဟင်း' ဆိုပြီးတစ်ချက်ဟန့်လိုက်တော့မှ ငြိမ်ကျသွားသည်။

"ဒီရေအိုင်ထဲမှာ ငါးတွေရှိမှန်း လူတိုင်းသိကြတာပဲ ဆင်းဖမ်းလို့သာရရင် ရေအိုင်ကိုတောင် လှန်လှော်ပြီး ရှာဖွေဖမ်းကြမှာပေါ့၊ ဖမ်းမရလို့သာ ဘယ်သူမှ ဆင်းမဖမ်းဝံ့ကြတာပါ"

"ဟုတ်တယ် အဘ. . ."

"နောက်ပြီး ဒီရေအိုင်က မိုးရေတွေဆိုတော့ ရေချိုတွေ





ပဲ၊ ငါတို့နေတဲ့ ရေငန်အရပ်ဒေသတွေမှာ ရေချိုဆိုတာ ရွှေထက်တန်ဖိုးရှိတယ်၊ ရွှေမဝတ်ရလို့ ဘာမှအဖြစ်ဘူး၊ သောက်ရေမရရင်တော့ သေတာပဲ မဟုတ်လား "

"ဟုတ်ပါတယ်"

"ဒီရေအိုင်က ရေကို သောက်လို့ရပေမယ့် ဘယ်သူမှ လာမခတ်ဝံ့တာလည်း သတိထားရမယ့် အချက်ပဲ၊ နောက် ထင်ရှားတဲ့အချက်ကို ငါလက်တွေ့ပြမယ် မင်းတို့ရေအိုင်ပတ်လည်နေရာတွေကို လိုက်ကြည့်ပါလား၊ တိရစ္ဆာန်ခြေရာတွေ တွေ့ရသလား"

ဟုပြောသဖြင့် ရေအိုင်အစပ် နေရာများကို လိုက်ကြည့်တော့ ခြေရာလည်း မတွေ့ရ၊ ချေးပုံများလည်း မမြင်ရပေ။

"ခြေရာလည်း မတွေ့ရ ချေးပုံလည်း မရှိဘူး"

"ဒီနေရာတွေက တောနက်တော့ တောတိရစ္ဆာန်တွေ အများကြီး ရှိမှာပေါ့ ဒီတိရစ္ဆာန်တွေတောင် ရေသောက်မဆင်းဝံ့ဘူးဆိုတော့ မင်းတို့ သောက်ဝံ့ပါ့မလား"

"မသောက်ဝံ့ပါဘူးဗျာ. . ."

ငမဲအောင်က ပြောလိုက်ရာ ကျန်သုံးယောက်က ရယ်လိုက်ကြသည်။

"အေး. . ဒါကြောင့် ငါမသိပဲ ဘာမှမလုပ်ကြနဲ့လို့ ပြောတာ၊ ကဲ. . . အချိန်ရှိတုန်း လုပ်စရာရှိတာ လုပ်ရအောင်"

ဟုပြောပြီး လေးယောက်သား ရေအိုင်အနီးမှ ဘီလူးမရုပ်တုရှိသောနေရာကို လိုက်လံရှာဖွေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာ ရောက်သောအခါ မဒမဖျိုက်တောစပ် တစ်နေရာတွင် ရေညှိရေမှော်များ တက်နေသော ကျောက်ရုပ်တစ်ရုပ်ကို တွေ့မြင်ကြရသည်။

ကြောက်စရာကောင်းသော ဘီလူးမရုပ်တုပင်ဖြစ်၏။ အမြင့်ပေ(၆)ပေခန့်ရှိပြီး ရေအိုင်ဘက်သို့ မျက်နှာမူထားသည်။ လက်တစ်ဖက်မှာ တင်းပုတ်ကိုင်ထားပြီး ကျန်တစ်ဖက်ကတော့ ဘာမှမရှိပေ. . . .။

ဦးဗန်ကောင်းက စေခိုင်းသဖြင့် ကျန်သုံးယောက်က ရုပ်တုပတ်ဝန်းကျင် တစ်ဝိုက်မှာ သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင် ဖယ်ရှားလိုက်သောအခါ ထင်းထင်းကြီး ပေါ်လာသည်။

"ရေအိုင်ထဲက ရေကို သစ်ရွက်ကတော့ထိုးပြီး သယ်ယူခဲ့ကြ"

"ဖြစ်ပါ့မလား အဘ"

"ဖြစ်ပါတယ်. . ငါ ခွင့်တောင်းထားပြီးပြီ"

ဟုပြောတော့မှ စိတ်ချလက်ချဖြစ်ကာ. . . သစ်ရွက်ကတော့များ ပြုလုပ်ကာ သယ်ယူလာကြသည်။

ထိုရေဖြင့် ရုပ်တုပေါ်မှာ လောင်းချကာ သစ်ရွက်ကြမ်းများဖြင့် ပွတ်သပ်တိုက်ချွတ်ပေးသောအခါ ရေညှိများ ကင်းစင်သွားသည်။ ထိုအခါမှ မူလကျောက်သားအချို့ ပေါ်လာပြီး ပုံပန်းသဏ္ဌာန်လည်း ပီပြင်လာသည်။

မျက်လုံးများမှာ အရောင်လက်လာသကဲ့သို့ ထင်ရသည် နီမောင်က ရုပ်တုကိုကြည့်ရင်း ပြုံးနေသလို၊ ရယ်နေသလို ဖြစ်လာသည်ဟု စိတ်ထဲမှ ထင်လာမိသည်။

ထို့နောက် ဦးဗန်ကောင်းက လွယ်အိတ်ကြီးထဲမှာ ထည့်ယူလာသော သနပ်ခါးခဲ၊ ရေမွှေး၊ စသည်တို့ကို ရုပ်တုရှေ့မှာ တင်ပေးသည်။

ထမင်း၊ ဟင်းနှင့် စားသောက်စရာတို့ကို ရုပ်တုရှေ့ဘက် ဖြန့်ခင်းကာ တင်ပေးသည်။

အမွှေးနံ့သာရည်တို့ဖြင့် ရုပ်တုပေါ်သို့ လောင်းချပေးလိုက်ရာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ မွှေးရနံ့များ ကြိုင်သွားလေသည်။

"ငါတို့ တစ်နေရာကနေ သူရောက်လာတဲ့ အထိစောင့်ကြရမယ်"

"ဘယ်သူ့ကို စောင့်မှာလဲဟင်"

ဦးဗန်ကောင်းက ဘီလူးမရုပ်တုကို လက်ညှိုးထိုးပြရင်း. . .

"သူ့ကိုစောင့်ရမှာ"

ဟုပြောပြီး ရုပ်တုနှင့် မနီးမဝေးသော နေရာသို့ ခေါ်သွားပြီး ကန့်ပလာပင်ကြီး တစ်ပင်အောက်မှာ နားကြလေသည်။

ထမင်းစားချိန်လည်း ရောက်နေပြီ ဖြစ်သောကြောင့် ယူလာသော ထမင်းထုပ်များကို ဖြေပြီး တောပိုင်တောင်ပိုင်တို့အား တင်မြှောက်ကြပြီးနောက် နံနက်စာ စားသောက်ကြလေသည်။

၄င်းတို့ စားသောက်နေကြစဉ်မှာ သနပ်ခါး အနံ့များနှင့်





www.burmeseclassic.com

www.burmeseclassic.com



ရေမွေးရနံ့များကို ရသည်။

စောစောက ဘီလူးမ ကျောက်ရုပ်ရှေ့တွင် ထိုအရာများကို တင်ပေးခဲ့သောကြောင့် ထိုနေရာမှ လာသည်ဟု ထင်ကြလေသည်။ ထမင်းစားပြီးချိန်လောက်တွင် တောတိုးသံများကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ သစ်ပင်များကြားမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

မျက်မှာပေါ်မှာ သနပ်ခါးများ လိမ်းထားသည်ကို တွေ့ရသည်။

"လာ. . ထမင်းစားပါဦးဗျ. . ."

ဦးဇန်ကောင်းက ထမင်းစားနေစဉ် ဧည့်သည်ရောက်လာသောကြောင့် ဝတ္တရားအရ ထမင်းစား ခေါ်လိုက်လေသည်။

"စားကြပါရှင် ကျွန်မလည်း စောစောကပဲ ရှင်တို့ကျွေးမွေးတဲ့အစားအသောက်တွေကို စားသောက်ခဲ့ပြီးပါပြီ. . ."

ဟုပြောသဖြင့် မနီးမဝေးမှာ ရပ်တန့်နေသည်။

ဦးဇန်ကောင်းတို့က ထမင်းစားသောက်ခြင်းကို လက်စသတ်နေကြစဉ်မှာ ထိုအမျိုးသမီးက ပြောသည်။

"ကျွန်မအတွက် နံ့သာရေနဲ့ သနပ်ခါးတွေ ယူလာပေးတာ ကျေးဇူးအများကြီး တင်ပါတယ်ရှင်၊ ဘယ်လိုအကူအညီများ လိုချင်ကြပါသလဲ"

ဟုမေးသည်။

"တခြားတော့ မဟုတ်ပါဘူး ကျုပ်တို့ မိတ်ဆွေတစ်ယောက် အသတ်ခံရတာ ဘယ်သူသတ်တယ်ဆိုတာ ပြောပြနိုင်





ပါသလား"

"ကွင်းပိုင်တာတေနဲ့ သူ့သားသတ်တာပါ"

"ကွင်းပိုင်တာတေက အပြစ်မရှိတဲ့ လူတွေကို ဒုက္ခပေးနေတာ အတော်များပါပြီ သူ့ကို ဆုံးမပေးပါ"

"သူ့ကိုပိုင်တာ နယ်တော်ရှင်ဖြစ်ပါတယ်၊ ကျွန်မပိုင်နက်က ဒီကျွန်းနဲ့ပဲ သက်ဆိုင်ပါတယ်၊ ဒီကျွန်းပေါ်မှာ အန္တရာယ်ရှိလာရင်တော့ အကူအညီပေးပါမယ်"

"နယ်တော်ရှင်ကို ပင့်ဖိတ်ပြီး ကွင်းပိုင်တာတေကို ဖယ်ရှားခိုင်းရင် ရနိုင်ပါတယ်"

"ကောင်းပါပြီ အခုလိုပြောပြတာကို ကျေနပ်ပါတယ်၊ နောက်လည်းလာပြီး ပူဇော်မှုတွေ ပြုလုပ်ပါမယ်"

"ကောင်းပါပြီ ရေအိုင်ထဲက ငါးတွေ အလိုရှိရင်လည်း အင့်သလောက် ဖမ်းယူသွားကြပါ ခွင့်ပေးပါတယ်၊ ဒီကျွန်းပေါ်မှာ အန္တရာယ်အနှောင့်အယှက်တွေနဲ့ ကြုံတွေ့ခဲ့ရင်လည်း ကျွန်မဆီလာပြီး အကူအညီ တောင်းနိုင်ပါတယ်ရှင်. . ."

ဟုချိုသာစွာ ပြောပြီး တောတွင်းသို့ ပြန်ဝင်သွားလေသည်။

နီမောင်တို့လည်း ရင်မောင်ကို သတ်သောတရားခံကို သိရပြီးနောက် မည်သို့ မည်ပုံ ဆောင်ရွက်ရမည်ကိုပါ သိရသဖြင့် များစွာ ကျေနပ်သွားကြလေသည်။

ထိုထက်ပို၍ ကျေနပ်စရာကောင်းသော အချက်မှာ သူတို့နေကြသည်က ဘီလူးမဂယက်ကျွန်းပေါ်၌ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျွန်းပေါ်၌ နေသူများအတွက် ထိုကျွန်းကိုစောင့်ရှောက်သူထံမှ အကူအညီ ရနိုင်မည်ကို သိရသဖြင့် များစွာအားရှိစရာ ဖြစ်ပေတော့သည်။

ထိုနေရာမှာ အပြန်တွင် ဘီလူးမရုပ်တုရှေ့သို့ တစ်ခေါက်ဝင်ကြည့်သောအခါ သူတို့ချထားခဲ့သော စားမြိန်ထုပ်သနပ်ခါးခဲနှင့် မွှေးနံ့သာတုံးများ မရှိတော့သည်ကို တွေ့ရလေသည်။

"မင်းတို့ ရေအိုင်ထဲဆင်းပြီး ငါးဖမ်းကြဦးမလား"

ဦးဖန်ကောင်းက သွေးတိုးစမ်းပြီး မေးလိုက်သောအခါ စောထီးနှင့် ငမဲအောင်တို့က ပြိုင်တူခေါင်းခါပြကြသည်။

"ဘာဖြစ်လို့လဲ သူက ခွင့်ပေးတာပဲ"

"သူတကယ်ရှိနေမှန်း သိနေမှပဲ မဖမ်းဝံ့တော့ပါဘူး"

ဟုပြောရာ ကျန်နှစ်ယောက်က သဘောကျစွာဖြင့် ပြုံးလိုက်ကြလေသည်။





## အခန်း (၁၂)

# နယ်နှင်ခံရသော လေးကျွန်းကိုင် ကွင်းပိုင်

ထင်းပွဲစခန်းသို့ ပြန်ရောက်သောအခါ ဦးဖန်ကောင်းသပင် ကမကထလုပ်ပြီး နယ်တော်ရှင်အား တင်မြှောက်ပသရန် ပြင်ဆင်လေသည်။

နယ်တော်ရှင်ဆိုသည်မှာ ဦးရှင်ကြီးနတ်ကို တင်မြှောက်သခြင်းဖြစ်ပြီး၊ သူတို့ပြုလုပ်နေကျ အလုပ်တစ်ခုလည်း ဖြစ်လေသည်။ ဒေသခံများ အခေါ်မှာတော့ 'ဆွမ်းတင်သည်' ဆွမ်းကန်တော့သည် ဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲတင်တော့မည်ဆိုပါက ဦးစွာ တံစက်မြိတ်နှင့် ကင်း လွတ်သောနေရာ၌ စင်ဆောက်ရသည်။

ဦးရှင်ကြီးနတ်မှာ နယ်တော်ရှင်ဖြစ်သဖြင့် အိမ်တွင်းမှာ မတင်မြှောက်ရပေ။

သို့ကြောင့် ဆွမ်းတင်မည့်စင်ကို အိမ်တံစက်မြိတ်နှင့် လွတ်ကင်းသော နေရာမှာပြုလုပ်ရသည်။

လေးပေ . . ငါးပေခန့်ရှည်သော ဝါးလုံးကို ထိပ်ပိုင်းမှ သုံးပုံတစ်ပုံခန့် လေးစိပ်ခွဲကာ ဟထားရသည်။

ထို့နောက် အနံနှစ်ပေ၊ အလျားနှစ်ပေခန့် အသင့်ပြုလုပ် ထားသော ဝါးကပ်ကို ထိုဝါးလုံးထိပ်တွင် ထည့်သွင်းလိုက်ပါက ဆွမ်းတင်ရန် ကွန်းစင်ရပေပြီ။

ပွဲတင်ရန်အတွက် လိုအပ်သော ပစ္စည်းများမှာ အုန်း သီးတစ်လုံး၊ ငှက်ပျောမှည့်တစ်ဖီး၊ ကောက်ညှင်း၊ ထန်းလျက် လက်ဖက်၊ ကွမ်းယာ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ပင် ဖြစ် သည်။ ဝါကျွတ်ကာလ မုန့်ဆန်းရပါက သကြားဖြင့်နယ်ပြီး တင် လျှင်လည်းရသည်။

မုန့်ဆန်းသကြားထပ်၊ နံ့သာပု ငှက်ပျောသီးမှည့်၊ တော မှရသော သစ်ခွပန်း စိုက်ပြီး ဆွမ်းတင်ပါက ဦးရှင်ကြီးနတ်က များစွာ သဘောကျ နှစ်သက်သည်ဟု ရှေးကအယူအဆ ရှိကြ လေသည်။

ဆွမ်းတင်တော့မည်ဆိုလျှင် ကွန်းစင်လေးထောင့်၌ ပန်းများ ချည်နှောင်ရသည်။





ပြီးပါက အုန်းရည်ဖြင့် ဦးရှင်ကြီးနတ်ကို ဆွမ်းတင်တော့ မည့်အကြောင်း ကြိုတင်အသိပေး ပင့်ဖိတ်ထားရသည်။

ဆွမ်းပွဲများ ပြင်ပြီးသောအခါ အထက်စင်ပေါ်မှာ နယ် တော်ရှင်၊ မြို့တော်ရှင် နှစ်ပွဲတင်ရသည်။

အောက်ဘက်မှာ အဘိုးပွဲ တစ်ပွဲနှင့် နောက်ပါတပည့် များကျွေးမွေးရန် တစ်ပွဲ သပ်သပ်ထားပေးရသည်။

ဆွမ်းတင်တော့မည်ဆိုပါက အမွှေးတိုင်နှင့် ဖယောင်း တိုင်များ မီးထွန်းညှိပြီး ပူဇော်ပသရသည်။

ထိုသို့ဆွမ်းပွဲများတင်ပြီးသောအခါ ဦးပန်ကောင်းက ကင်းအလွတ်ကျက်မှတ်ထားသော နတ်ပင့်စာ၊ ဆုတောင်းစာ တို့ကို အသံနေအသံထားဖြင့် ရွတ်ဆိုပူဇော်လေတော့သည်။

". . . . . ကျွန်းညှိုမြိတ်၊ 'အတိမဟာဝနေ'က တပည့် မဟာယေ အပေါင်းအဖော်တို့ဖြင့် စောင်းတော်ရတနာ မကွာ လက်မှာစွဲပြီးတော့ ပဏ္ဏာဆက်ပွဲ ဒြပ်ကြေညာမပြတ် စေတနာ သဒ္ဓါ စိတ်သွင်းပြီး ကလျာမိတ်အရင်း တပည့်သာဝကတို့က ပင့်ဖိတ်အပ်ပါသည်၊

ကန်တော့ခံမုန့်ပါ၍ ကြွလှမ်းပြီး တင်ဆွမ်းအဖြာဖြာကို မြင်လန်းစွာ ဘုဉ်းပေးသုံးဆောင်တော်မူပါ၊

ရေငန်တစ်ရိုး ပိုင်သစိုးပါတဲ့ ကျွန်းညှိုသခင် နတ်ဦးရှင် သခင်ဗျား . . . ."

ဟု ရွတ်ဆိုပင့်ဖိတ်လိုက်သောအခါ မကြာမီ တောစပ်မှ လူတစ်ယောက် ထွက်လာပြီး ကွန်းစင်အနီးသို့ ရောက်လာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက တခြားဘယ်သူမှ မကြည့်ပဲ မျက်စိကို မှိတ်ထား
လေသည်။

အရွယ်က(၃၀)ေလာက်သာရှိသေးပြီး သစ်ခေါက်
ဆိုး အကျီလုံချည်တို့ကို ဝတ်ဆင်ထားသည်။

သျှောင်တစောင်း ထုံးထားပြီး တစ်ခါမှ မမြင်ဘူးသော
လူစိမ်းတစ်ယောက်ပင်ဖြစ်သည်။

သူရောက်လာတော့ ကျွန်းစင်အနီးမှာ ရှိနေသော ဦး
ကောင်းက သဘောပေါက်ဟန်ဖြင့် နောက်သို့ ခြေတစ်လှမ်း
လှမ်း ဆုတ်ပေးလိုက်သည်။

ထို့နောက် အမွှေးရည်ဖြင့် ပက်ဖျန်းပေးလိုက်သည်။

မရှေးမနှောင်းမှာပင် စင်နံဘေး၌ ရပ်နေသူက ဝါး
ပြုလုပ်ထားသော ကွန်းစင်ပေါ်သို့ လွှားခနဲ ခုန်တက်သွားသေ
သည်။

ထိုမြင်ကွင်းကို မြင်တော့ နံဘေးမှရှိနေသူတို့မှာ ဟာခ
ဟင်ခနဲ ဖြစ်သွားကြလေသည်။

ဝါးတစ်လုံးတည်းဖြင့် ပြုလုပ်ထားကာ ဝါးကပ်ကလေး
သာ တင်ထားသည့် စင်ပေါ်သို့ လူတစ်ယောက်လုံး တက်ပြီး
မတ်တတ်ရပ်နေသည့်တိုင် ကွန်းစင်က မလှုပ်ပေ။

တင်ထားသော အုန်းရေခွက်၊ ရေခွက်များလည်း
မှောက်ပဲ ငြိမ်သက်စွာ ရှိနေလေ၏။

ထိုသူက မျက်စိမှိတ်ထားပြီး လက်ပိုက်ကာ ရပ်နေလေ
သည်။ တင်ထားသော ဆွမ်းပွဲများမှ အငွေ့များက ငှင်းထံသို့





ဆင့်တက်နေကြသည်။

(ကျွန်တော်တို့ မွေးရပ်မြေဖြစ်သော မော်ကျွန်းမြို့ (မော်
လမြိုင်ကျွန်း) တွင်ရှေးကခါက နတ်တော်လရောက်လျှင် ဦးရှင်
ကြီးနတ်ပွဲ ပြုလုပ်ပေးရသည်။

လွှတ်လပ်ရေးအောင်ပွဲ၊ ဦးရှင်ကြီးအောင်ပွဲ၊ တရုတ်ပွဲ
တို့မှာ ရှေ့ဆင့်နောက်ဆင့် ပြုလုပ်ကြသည်။

ဦးရှင်ကြီးနတ်ပွဲကျင်းပလျှင် ဇာတ်ပွဲသွင်းရသည်။ ထို
ဇာတ်ပွဲက နောက်ဆုံးညတွင် ဦးရှင်ကြီး အတ္ထုပ္ပတ္တိ ဇာတ်လမ်း
ကို ကပြပေးရသည်။

ပြီးလျှင် ကွန်းစင်ဖြင့် ဆွမ်းတင်ပေးရသည်။

ထိုသို့တင်လျှင် ဆွမ်းစင်ပေါ်သို့ လွှားခနဲ ခုန်တက်
သာခြင်း. . လူကိုကျားဝင်ပြီး ကျားကဲ့သို့ ကပြန်ခြင်းမျိုး တွေ့ခဲ့
ရဖူးသည်။)

အတန်ကြာသောအခါ ဆွမ်းစင်ပေါ်မှာ ရပ်နေသူထံမှ
အသံထွက်လာသည်။

"ဘာပြောစရာ ရှိသေးလဲ"

"ပြောစရာရှိပါတယ် နယ်တော်ရှင်. . ."

ခေါင်းညိတ်ပြသည်။

ပြောလိုရာပြောဟု ခွင့်ပေးသည့် သဘောပင်. . .။

"ကျွန်းလေးကျွန်းကို အပိုင်ရထားတဲ့ လေးကျွန်းကိုင်
ကွင်းပိုင်ကြီးက အပြစ်မဲ့သူတွေကို နှိပ်စက်သတ်ဖြတ်လျက် ရှိ
ပါတယ် ကယ်မပေးတော်မူပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဦးဇန်ကောင်းက ပြောလိုက်သည်။

"အပြစ်မဲ့သူကို နှိပ်စက်လျှင် အပြစ်ရှိတယ်၊ အပြစ်ရှိသူဆိုလျှင် နယ်နှင်ပြီး ဒဏ်ခတ်ပေးရတယ် သူ့အတွက် ထိုက်တန်တဲ့ အပြစ်ပေးရမယ်"

ဟု ပြောပြီးနောက် ပွဲတင်ထားသော စင်ပေါ်မှ ဖြည်း ဆင်းသွားလေသည်။

ထိုသို့ ဆင်းသွားသော်လည်း ပွဲစင်ပေါ်မှာ တင်ထားသောအုန်းရည်နှင့် သောက်ရေထည့်ထားသော ဖန်ခွက်များ ထဲ ကျမသွားပေ။

နယ်တော်ရှင်ထံမှ ထိုကဲ့သို့ စကားမျိုး ကြားရသဖြင့် နီမောင်တို့လည်း များစွာ စိတ်ချမ်းသာ သွားလေသည်။

ပွဲတင်ပြီးသောအခါ ပွဲစွန့်သော အစားအသောက်များကို ပျော်ပျော်ပါးပါး စားသောက်ကြသည်။

ထိုညမှာပင် မော်ဇာရွာမှာရှိသော နက်ကျော်တို့အိမ်မှာ ကြောက်စရာကောင်းသော အဖြစ်အပျက်များ ဖြစ်ပျက်လေသည်။

ညအချိန်မတော်ကြီးရောက်မှ အပြင်ဘက်မှ တဗုန်းဗုန်း လာထုနေသောကြောင့် နက်ကျော်နှင့် မနီလေးတို့သားမိ နှစ်ယောက်စလုံး လန့်နိုးလာကြသည်။

"အချိန်မတော်မှ ဘယ်သူလဲ တံကိုလာပုတ်နေတာ"

ထိုသို့မေးရင်း ထသောအခါ တဲအနောက်ဘက်မှ အသံခတ်သြသြဖြင့် ပြောလိုက်သည့် အသံကို ကြားရလေသည်။





"ငါ . . ငါ . . ဟ"

ထိုအသံကြောင့်မနီလေးမှာ မျက်လုံးပြူးသွားလေသည် အသံပျက်နေသော်လည်း သူယောကျ်ား တာတေအသံဖြစ်မှန်း သိလေသည်။ သို့ကြောင့် နက်ကျော်ပါခေါ်ပြီး တဲနောက်ဘက်သို့ ထွက်ကြည့်ကြသည်။

တဲအနောက်ဘက်မှာတော့ အမှောင်ရိပ်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို မြင်လိုက်ရသည်။

အရပ်က မြင့်လှသောကြောင့် မော့ကြည့်ရသည်။

"ကိုတာတေမဟုတ်လား အရပ်ကလည်း မြင့်လိုက်တာ နည်းနည်းလောက်များ နိမ့်ပေးပါဦး"

ကြောက်စရာကောင်းသော သရဲသဘက်ကြီးမှန်းသိသော်လည်း မိမိယောကျ်ား ဖြစ်ခဲ့သောကြောင့် . . . မနီလေး ကြောက်မရွံ့ ပြောလိုက်သည်။

ထိုအခါ အရပ်က တဖြည်းဖြည်း နိမ့်ကျသွားပြီး လူအရပ်လောက်သာ ကျန်တော့သည်။

"ကိုတာတေ ဘာလုပ်မလို့လာတာလဲ"

"ငါ အစာမစားရတာကြာပြီ၊ ကျွေးပါဦး"

ဟု အရင်ပြောသဖြင့် မနီလေးက နက်ကျော်ကို ကျပ်စင်တင်ထားသော အမဲခြောက်အချို့ကို သွားယူခိုင်းလိုက်သည်။

"တော့်မလဲ ကွင်းပိုင်ဖြစ်နေတာတောင် သူများတွေ တင်တာခြောက်တာတွေ မစားရဘူးလား"

"မစားရတော့ဘူးဟ၊ အခုငါဒီနေရာနဲ့ ဆိုင်တဲ့ကွင်းပိုင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘူး"

"ဟင်. . ဘယ်လိုဖြစ်တာလဲ"

"နယ်တော်ရှင်က ငါ့ကို နယ်နှင်ပစ်လိုက်ပြီ ငါဒီနေရာက သွားရတော့မယ်"

ထိုစကားကြားတော့ မနီလေးပင် စိတ်မကောင်းဖြစ်သည်။ ထိုအချိန်မှာပင် နက်ကျော်ရောက်လာပြီး အမဲခြောက်များပေးသဖြင့် ထိုင်စားနေသည်။

မနီလေးက နက်ကျော်ကို အကျိုးအကြောင်း ပြောပြလိုက်သည်။

"ဟင်. . ဒါဖြင့် ဘယ်သွားမှာလဲ"

"မသိဘူး"

"အဖေမရှိတော့ ကျုပ်တို့ကို ဘယ်သူမှ ကြောက်ရွံ့ကြတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်က သေရင်တောင် ဒီနေရာမှာ ကွင်းပိုင်လုပ်ချင်တာ. . . ."

ဟုပြောနေသော်လည်း ကွင်းပိုင်တာတေက ဘာမှပြန်မပြောပဲ အမဲခြောက်များကို ကုန်အောင်စားနေလေသည်။

ပြီးမှ. . . . . . . . . . .။

"ငါသွားတော့မယ်၊ နောက်တော့ငါ့ကို တွေ့ရတော့မှာမဟုတ်ဘူး"

ဟုပြောပြီး ထိုနေရာမှ ထွက်သွားလေတော့သည်။

မနီလေးခမျာမှာတော့ လက်ရှိပေါင်းသင်းနေသော လင်ယောက်ျားကို စွန့်လွှတ်လိုက်ရသကဲ့သို့ စိတ်မကောင်း ဖြစ်





နေမိလေသည်။

ထို့နောက်ပိုင်းမှာတော့ ကွင်းပိုင် တာတေကို မတွေ့ရတော့မြင်ကြရတော့ပေ။

သို့သော်လည်း ထိုအကြောင်းကို မည်သူမှ မသိနိုင်ကြသဖြင့် နက်ကျော်ကတော့ ယခင်အတိုင်းပင် ဆိုးမြဲဆိုးနေလေသည်။

တစ်နေ့တော့ မြသင်းကြူတို့ အိမ်သွားသောအခါ တံအားပေါ်ကို အတက်မခံကြပေ။

မြသင်းကြူ၏ အဖေနှင့် မောင်အပါအဝင် ပတ်ဝန်းကျင်မှာရှိသော ရွာသားများကပါ ဓား၊ လှံ၊ တုတ်များကိုင်ပြီး ကမ်းထိပ်မှ စောင့်နေကြသည်။

"မင်းလိုလူယုတ်မာမျိုး ငါတို့ရွာကို အလာမခံဘူး၊ တက်လာတာနဲ့ သတ်ပစ်မယ်. . ."

"အောင်မယ် ခင်ဗျားတို့က ဘယ်တုန်းက ကျုပ်ကိုဒီလိုပြောဝံ့ကြလို့လဲ ကျုပ်အဖေက ကွင်းပိုင်တာတေဆိုတာ သိကြဘယ်မဟုတ်လား၊ ကွင်းပိုင်တာတေကို စော်ကားရင် ဘယ်လိုဘေးအန္တရာယ်တွေ့နဲ့ ကြုံတွေ့ရမယ်ဆိုတာ သိကြတယ်မဟုတ်လား"

"အေး. . . အရင်ကတော့ ကွင်းပိုင်ဆိုတာ ငါတို့တင်မြှောက်ပသနေရတာပဲ၊ အခုတော့ မတရားတာတွေ ချည်းလုပ်နေလို့ ဘယ်ကွင်းပိုင်မှ မကြောက်တော့ဘူးဟေ့"

ဟုအသံကျယ်ကျယ် ဖြင့်အော်ပြောရာ နက်ကျော်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပြန်ပြောရမှန်း မသိတော့ပေ. . .။

ခါတိုင်းဆိုပါက ယခုကဲ့သို့ စော်ကားလာလျှင် သူ့အဖေကို ချက်ချင်းမခါပြီး အန္တရာယ်ပေးနိုင်း၍ ရသော်လည်း ယခုမရှိတော့ပေ။ သို့သော် ဟန်မပျက်တော့ ဆက်ပြောရသေးသည်။

"ခင်ဗျားတို့ မကြာခင် ကျုပ်အဖေအကြောင်းကောင်းကောင်းသိရစေမပေါ့၊ တစ်ရွာလုံး အသေဆိုးနဲ့ သေအောင်ကို လုပ်နိုင်းပြမယ်"

"တယ် ဒီလူယုတ်မာကတော့ကွာ ပြောလေကဲလေပါလား"

ထိုသို့ပြောပြီး စိတ်မထိမ်းနိုင်သော ရွာသားအချို့က ဓားလှံကိုင်ပြီး လှေဆိပ်သို့ ဆင်းလာကြရာ နက်ကျော်မှာ ဆက်မနေဝံ့တော့သဖြင့် ကမ်းစပ်မှ လှေကို ပြန်ခွာပြီး ထွက်ပြေးရလေတော့သည်။

သို့တိုင်အောင် ရေလယ်ရောက်တော့မှ. . .။

"မင်းတို့ရွာသားတွေ သတိထားနေကြပေတော့ တစ်နေ့ကျရင် နက်ကျော်အကြောင်း ကောင်းကောင်း သိကြရမယ်ဟေ့"

ဟု ပြောဆိုကြိမ်းမောင်း သွားသေးသည်။

နောက်ပိုင်းမှာတော့ နက်ကျော်တစ်ယောက် မြသင်းကြူရှိသော ကျွန်းသို့ မလာဝံ့တော့ပါချေ. . .။





## အခန်း (၁၃)

# တောနက်တွင်းမှ လျှို့ဝှက်သော သေမင်း

ရင်မောင်တစ်ယောက် သေဆုံးသွားခဲ့သည်မှာ ရက်မှလ ကူးသွားခဲ့ပေပြီ. . .။

နီမောင်လည်း ရင်မောင်မရှိတော့သည့်နောက်ပိုင်းမှာတော့ ထင်းပွဲရုံနှင့် သက်ဆိုင်သော အလုပ်များကို ဦးဆောင်ပြီးလျှင် လုပ်ကိုင်ပေးရတော့သည်။

ရင်မောင်ရှိစဉ်က သူက ဒုတိယနေရာမှ လုပ်ကိုင်ပေးရသော်လည်း ယခုအခါမှာတော့ ခေါင်းဆောင်လည်းသူ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လည်း သူပင်ဖြစ်နေတော့သည်။

ရင်မောင် မိဘများကတော့ သားမရှိတော့သည့် နောက်ပိုင်း ပွဲရုံလုပ်ငန်းများကိုပင် စိတ်မဝင်စားတော့ပဲ အစစ အရာရာ နီမောင်နှင့်ပင် လွှဲထားကြလေသည်။

သို့ကြောင့် နီမောင်က စောထီးနှင့် ငမဲအောင်တို့နှစ် ယောက်ကို သူ့လက်ထောက်အဖြစ် အနားမှာ ခေါ်ထားလေ သည်။

ပွဲရုံလုပ်ငန်းများကတော့ ရင်မောင် မရှိတော့သည့် နောက်ပိုင်းမှာလည်း အရှိန်မပျက် လုပ်ကိုင်နိုင်သော အခြေ အနေမျိုးမှာ ရှိနေသည်။

ရင်မောင်တစ်ယောက် သေဆုံးသွားတာကြာပြီးဖြစ် သော်လည်း နီမောင်အနေဖြင့် ၎င်း၏ဝိညာဉ် နှင့်မကြာခဏ ဆိုသလိုတွေ့မြင်ရသည်။

တစ်ခါတလေလည်း အိပ်မက်ထဲမှာ တွေ့ရပြီး တစ်ခါ တစ်ရံလည်း အပြင်မှာ တွေ့ရလေသည်။

တွေ့တိုင်း ပွဲရုံလုပ်ငန်းများနှင့် ၎င်း၏မိဘနှစ်ပါးတို့ကို စောင့်ရှောက်ရန်နှင့် မြသင်းကြူကို ကူညီစောင့်ရှောက်ပေးရန် မှာကြားလေသည်။

"ငါ့ မိဘတွေကို စောင့်ရှောက်ပေးပါကွာ သူတို့မှာ အား ကိုးရမယ့် သားထောက်သမီးခံ မရှိတော့ မင်းကိုပဲအားကိုးနေ ကြရတယ်. . ."

"စိတ်ချပါကွာ. . ."





"မြသင်းကြူကိုလည်း စောင့်ရှောက်ပေးပါ သူ့ခမျာ ငါ့အတွက်နဲ့ စိတ်ဝေဒနာ ခံစားနေရတယ်၊ ဒါပေမယ့် အခု တော့ နက်ကျော်ရဲ့ အနှောင့်အယှက်တော့ ကင်းသွားပါပြီ"

"ဟင်. . ဘာဖြစ်လို့လဲ"

"ရွာသားတွေ နှင်ထုတ်လိုက်တာနဲ့ ကညင်ပင်ရွာကို မ လာတော့ဘူး"

"အဲဒီရွာသားတွေကို သူ့အဖေကွင်းပိုင် တာတေက ဘာမှ မလုပ်ဘူးလား"

"ကွင်းပိုင် တာတေက ဒီနယ်တစ်ဝိုက်မှာ မရှိတော့ဘူး"

"ဟင်. . ဘယ်ရောက်သွားလို့လဲ"

"နယ်တော်ရှင်က နယ်နှင်ပစ်လိုက်ပြီ. ."

"ဟင်. . . ."

ထိုစကားကြောင့် နီမောင်မှာ များစွာစိတ်လှုပ်ရှားသွား လေသည်။

စိတ်ထဲမှာ ဝမ်းသာသွားသလိုလည်း ဖြစ်မိသည်။ ဆွမ်း သွတ်တုန်းက နယ်တော်ရှင် ပြောသွားတာတွေဟာ အမှန်တွေပါ လား. . . .

ယခုတော့ သူပြောသွားသည့် အတိုင်း တကယ်ဖြစ်လာ ခဲ့တာပါလားဟု တွေးမိကာ စိတ်ထဲမှာ ကျေနပ်သွားမိသည်။

"ဒီအကြောင်းကို တခြားလူတွေ သိရင်လည်း ဝမ်းသာ ကြမှာပဲ အထူးသဖြင့်တော့ မြသင်းကြူတို့ မိသားစုတွေပေါ့"

"မင်းသူတို့နဲ့ တွေ့ရင်လည်း ဒီအကြောင်းတွေကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြပေးပါ၊ နောက်ပြီး ငါ့ကိုယ်စား သူ့ကိုစောင့်ရှောက်ပေးပါ”

နီမောင်မှာ ကျောင်းနေဖက် သူငယ်ချင်းလည်းဖြစ်၊ သူတို့မိသားစုအတွက် ကျေးဇူးရှင်လည်းဖြစ်သော ရင်မောင်အတွက် စိတ်မကောင်း ဖြစ်နေရုံကလွဲပြီး အခြားဘာမှ ပြန်မပြောသာတော့ပေ. . .။

နောက်တစ်နေ့မှာတော့ ပွဲရုံအလုပ်ကိစ္စများ ပြီးသောအချိန်တွင် စောထီးနှင့် ငမဲအောင်တို့ကိုပါ ခေါ်ပြီးလှေတစ်စင်းနှင့် ကညင်ပင် ကျွန်းဘက်သို့ ကူးလာခဲ့ကြသည်။

သူတို့ သုံးယောက်ရောက်လာတော့ မြသင်းကြူတို့မိသားစုက ကောင်းမွန်စွာ ကြိုဆိုဧည့်ခံကြသည်။

“အစ်ကို တို့ရောက်လာတာ အတော်ပဲ ဒီမှာငါးဒန်သားဆူဆူရလို့ ဟင်းချက်ထားတယ် မနက်စာ ထမင်းစားပြီး မှသာပြန်ပေတော့”

“အားနာစရာ မြသင်းကြူရယ်”

“ဘာမှ အားနာစရာမရှိဘူး၊ တကူးတကမှ မဟုတ်ပဲကြုံကြိုက်လို့ ကျွေးရတာပေါ့ အေးအေးဆေးဆေးလည်း စကားပြောရတာပေါ့”

မြသင်းကြူက မပြန်စေလိုသောကြောင့် မနက်စာ ထမင်းကို ထိုမှာပင် စားသောက်ကြသည်။

မြသင်းကြူတို့မှာ ပိုက်ထောင်သော လုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်သဖြင့် ငါးနှင့် ပုစွန်ပေါ်များစွာ ရကြလေရာ ဟင်းလျာများက အတော်ပင်စုံလှသည်။





နီမောင်တို့ ထပ်ရောက်လာသဖြင့် ထမင်းထပ်ချက်ပြီး နောက်ထပ် ဟင်းများ ထပ်ချက်ပြန်ရာ စားပွဲပေါ်မှာ ဟင်းများက ပြည့်နေလေတော့သည်။

ငါးဒန်ဝမ်းပျဉ်းသားဟင်း၊ ပုစွန်တုပ်ကြော်၊ ပင်လယ် ချဉ်ရည်၊ ဟင်းချို၊ ကဏန်းလက်မကြော်၊ ငပိရည်နှင့် သင်း င်း ဖူးပြုတ်တို့စရာ စသည်တို့မှာ များစွာလိုက်ဖက်လှပြီး မြိန်လှပေရာ နီမောင်တို့ သုံးယောက်မှာ ခေါင်းမဖော်နိုင် အောင် ရှိလေသည်။

ထမင်းစားပြီး ပြန်တော့ လက်ဖက်ရည်၊ ငါးခြောက်ဖုတ် န်ခြောက်သုပ်များဖြင့် ကျွေးပြန်လေရာ အားနာစွာနှင့် ပင်စား က်ကြရပြန်သည်။

ရေနွေးကြမ်း သောက်ရင်းနှင့်ပင် နီမောင်က ကွင်းပိုင် တေတစ်ယောက် ထိုနယ်မှာ မရှိတော့သည့် အကြောင်းပြော ရာ အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

“ဟုတ်ရဲ့လား မောင်နီမောင်ရဲ့”

“အမှန်ပါပဲ၊ သူမရှိတော့ပါဘူး”

နီမောင်က ဘီလူးမဂယက်မှ အကြောင်းများ၊ နယ် ရှင်အား ဆွမ်းပွဲတင်ပြီး တိုင်တည်ခဲ့ပုံ အကြောင်းများကို ပြလိုက်သော်လည်း မြသင်းကြူ စိတ်မကောင်းဖြစ်မည်စိုး ကြောင့် ရင်မောင်အကြောင်းကိုတော့ ထည့်မပြောတော့ . . . ။

“သူမရှိတော့မှပဲ ဒီနယ်အေးသွားတော့တယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင် အဖေကွင်းပိုင် ကြောက်ရတာတစ်မျိုး၊ အဖေ့အားကိုးနဲ့ ဆိုးနေတဲ့ သားကြောက်ရတာ တစ်မျိုးနဲ့ အတော်ဒုက္ခ ရောက်ကြရတယ်၊ လူတွေက ကွင်းပိုင်ကြောက်တော့ သူနှိပ်စက်သမျှ ကြိတ်ခံရတော့တာပဲ အခုမှပဲ အေးပေတော့တယ်. . ”

ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြသည်။

ထိုနောက်မှာတော့ စောထီးနှင့် ငမဲအောင်တို့က ထွန်းမောင်ပိုက် ဖော်သော်နေရာသို့ လိုက်သွားကြပြီး ဦးဘဖြူနှင့် ဒေါ်ဖြူတို့ကလည်း သူတို့အလုပ် သူတို့လုပ်နေကြရာ ဧည့်ခန်းနေရာမှာ နီမောင်နှင့် မြသင်းကြူတို့သာ ကျန်ခဲ့တော့သည်။

“အစ်ကိုရော ပွဲရုံအလုပ်တွေ အဆင်ပြေရဲ့လား”

“ပြေပါတယ် သူမရှိတော့ အားလုံးတာဝန်ယူပြီး လုပ်ရတာကလွဲပြီး ဘာမှ အခက်အခဲမှ မရှိတော့ပါဘူး၊ မြသင်းကြူတို့ နှစ်ယောက်အတွက်ပဲ စိတ်မကောင်း ဖြစ်နေမိတာ”

“ဘယ်တတ်နိုင်ပါ့မလဲ အစ်ကိုရယ် ကံတရားလို့ပဲ ဆိုရတော့မှာပေါ့၊ ဖူးစာမပါတော့လည်း မဆုံဖြစ်ကြဘူးပေါ့”

“ဒါပေမယ့် သူက မြသင်းကြူ အပေါ်မှာတော့ အတော်ကလေး သံယောဇဉ် ရှိရှာတယ်”

“ကျွန်မလည်း သိပါတယ်၊ ဒါပေမယ့် ဘယ်တတ်နိုင်ပါ့မလဲ”

“ဒါထက် သူမရှိတော့မှ သူနဲ့တွေ့ရသေးလား”

နီမောင်အမေးကို ပထမတော့ နားမလည်သလို တစ်ချက်ဖြစ်သွားပြီးမှ သဘောပေါက်သွားဟန်ဖြင့် အသာအယာ





ခေါင်းညိတ်ပြလိုက်သည်။

“အစ်ကိုနဲ့ရော တွေ့တယ်မဟုတ်လား”

ဟု တိုးတိုးပြန်မေးသည်။

“တွေ့ရပါတယ်”

နီမောင်က အပြင်ဘက်သို့ မျက်နှာလွှဲထားရင်း ပြန်ပြောသည်။

“သူက ဘာတွေပြောသွားတာလဲ”

“အများကြီးပါပဲ သူမိဘတွေနဲ့ ပွဲရုံလုပ်ငန်းတွေကို တာဝန်ယူပေးဖို့နဲ့ နောက်ပြီး. . . ”

နီမောင်က စကားမဆက်တော့ပဲ ရေနွေးပန်းကန်ကို ကောက်ယူပြီး သောက်လိုက်သည်။

သူ့အနေနှင့် ရှေ့ဆက်ပြောသင့် မပြောသင့်ကို တွေးဆနေလေသည်။

ထိုအခါ မြသင်းကြူက ဝင်ပြောသည်။

“ကျွန်မကိုလည်း ဒီအတိုင်းပဲ ပြောပါတယ် အစ်ကိုအကြောင်းတွေလည်း ပြောပါတယ်”

ထိုကဲ့သို့ ပြောလာသဖြင့် နီမောင်ကလည်း ပွင့်ပွင့်လင်းလင်း ပြောဝံ့သွားလေသည်။

“ကျွန်တော်အနေကတော့ တတ်နိုင်သမျှ အကူအညီပေးသွားမှာပါ”

“ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ကျွန်မတို့ မိသားစုအတွက်ဂေဟ့ ကိုရင်မောင်လိုပဲ အားကိုးရော



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ရတာပေါ့"

ဟုပြောလေသည်။

ထို့နောက်မှာတော့ ပိုက်ဖော်ပြီးသဖြင့် စောထီးနှင့် ငမဲအောင်တို့ ပြန်ရောက်လာသောကြောင့် စကားပြတ်သွားကြ လေသည်။

ညနေပိုင်းသူတို့ ပြန်လာတော့ လှေထဲမှာ ငါးနှင့်ပုစွန် များကို ဟင်းစားအတွက် ထည့်ပေးလိုက်ကြသေးသည်။

ထိုနောက်ပိုင်းမှာတော့ နီမောင်အတွက်လည်း မမျှော် လင့်ပါပဲ အတွေးသစ်တစ်ခုက ခေါင်းထဲရောက်လာနေပေတော့ သည်။

တစ်ညမှာတော့ ညဘက်အပြင်ဘက်ရန်ပြင်တော့ တောစပ်မှာ မည်းမည်းသဏ္ဍာန်ကြီး ရပ်နေသည်ကို လှမ်းမြင် ရလေသည်။

ပထမတော့ သရဲသဘက်ဖြစ်သည် အထင်ဖြင့် ကြည့် နေရာ တောထဲသို့ ပြန်လှည့်သွားတော့မှ ဇဝေဇဝါ ဖြစ်သွားလေ သည်။

တစ်ရက်မှာတော့ သစ်တောထဲမှာ အလုပ်လုပ်နေကြ သော လွှဆိုင်းများရှိရာသို့ လိုက်သွားလေသည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပါလာကြသည်။ တစ်နေရာရောက်တော့ ငမဲအောင်က တိုးတိုးပြောသည်။

"နီမောင် တောထဲရောက်ကတည်းက ငါ့စိတ်ထဲမှာ တစ်ခု သတိထားမိတယ်"





"ဘာလဲ"

"ငါတို့နောက်က တစ်ယောက်ယောက် လိုက်လာသလို ပဲ"

"မင်းစိတ်ထင်လို့များလား"

"မဟုတ်ဘူး၊ အခြေအနေကို အကဲခတ်ကြည့်ရုံနဲ့ ငါသိ တယ်"

"ဘယ်လိုသိတာလဲ"

"မျောက်တွေအော်သံ၊ ငှက်တွေလန့်ပျံကြတာ"

မဟုတ်ဘူးလို့တော့ အတပ်မပြောနိုင်ပေ ငမဲအောင် က တောထဲမှာမွေး၊ တောထဲမှာကြီးခဲ့ပြီး တောအကြောင်းကို ကောင်းစွာ နားလည်သူဖြစ်သည်။

"တောထဲလာတဲ့ မုဆိုးတွေ သစ်တောအလုပ်သမား တွေလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် သတိတော့ ထားကြ ရမှာပေါ့"

ဟုပြောပြီး ဆက်လျှောက်သွားကြသည်။

သူတို့သုံးယောက်မှာ အမဲတွေ့လျှင် ပစ်ဖို့ ဒူးလေးတစ် လက်နှင့် ဓားတစ်လက်စီတော့ ပါလာကြသည်။

မဒမဖျိုက်တော တစ်ခုအနီးမှာ ရှိသော ချောင်းငယ်တစ် ခုကိုဖြတ်သောအခါ မဒမဖျိုက်တော အတွင်းမှ ရိပ်ခနဲ ဖြစ်သွား သော မည်းမည်းသဏ္ဍာန်တစ်ခုကို လှမ်းမြင်လိုက်ကြရသည်။

သို့သော် သေသေချာချာ မြင်လိုက်ရသည်တော့ မ ဟုတ်ပေ . . ၊ သစ်ပင်သစ်ကိုင်းများကြားမှ ရိပ်ခနဲ ဖြတ်သွားသည်


www.burmeseclassic.com

www.burmeseclassic.com



ကိုသာ လှမ်းမြင်လိုက်ရခြင်းဖြစ်သည်။

သုံးယောက်သား သတိဖြင့် ဆက်လျှောက်လာကြ ထိုနေရာရောက်တော့ မြေပေါ်မှာ ထင်နေသော ခြေရာများ သစ်ရွက်များ၊ သစ်ကိုင်းအချို့ပေါ်မှာ ပေနေသော ရွံ့များကို ကြရသည်။

ထိုနေရာမှ ဆက်လျှောက်လာကြတော့ နောက်ထပ် မတွေ့ကြရပြန်တော့ပေ။

အတော်ကြာအောင် သွားသောအခါ သစ်တောအ သမားများ အလုပ်လုပ်နေကြသော သစ်ကွက်ရှိရာသို့ ရော သွားကြသည် သစ်ကွက်ထဲရောက်တော့၊ စကားပြောသံ လွှ သံ၊ သံသတ်ရိုက်သံ ခုတ်ထစ်သံတို့ကို ကြားကြရသည်။

သစ်တောကွက်ထဲ ရောက်သွားသောအခါ သုံးယော သားအတူတူ မသွားကြတော့ပဲ တစ်နေရာစီ ခွဲသွားကြသည်

လွှဆိုင်းများမှာ တစ်နေရာစီ၌ အလုပ်လုပ်နေကြ ဖြစ်ရာ တစ်ယောက်ချင်း ခွဲသွားမှသာ အလုပ်မြန်မြန် ပြီးကြ ဖြစ်ပေသည်။

ပွဲရုံမှာ ရန်ကုန်မှ ထင်းကုန်သည်များရောက်နေပြီ သဖြင့် ထင်ပေါက်ခြမ်း များများရဖို့ အရေးကြီးနေပြီဖြစ်ရာ ထင်းသားရင့်ရင့်နှင့် သစ်တုံးများကို မှာကြားရမည်ဖြစ်သည်

နီမောင်တစ်ယောက်တည်း အခြားသစ်ကွက်သို့ တ ကိုဖြတ်သွားလေသည်။

သစ်ကွက်ထဲမှာ တစ်နေရာမှ အလုပ်လုပ်နေသေ





သံများကို အခြားတစ်နေရာ ကြားနိုင်သော်လည်း သစ်ပင်များ နေသောကြောင့် တစ်နေရာမှ တစ်နေရာသွားလျှင် တော် တော်နှင့် မရောက်နိုင်ပေ. . .။

တစ်နေရာ ရောက်သောအခါ နောက်ဘက်မှ တောတိုး သံလိုလိုကြားရပြီး တောကြက်အချို့ ကတော်သံကိုသာ ကြားရ လေသည်။

နီမောင်လက်ထဲမှာ ဓားရှည်တစ်လက်သာ ပါလာ သည်။

သတိဖြင့်လျှောက်သွားစဉ် နောက်ဘက်မှ တစ်စုံတစ် ရာကို ကြားလိုက်ရသောကြောင့် နီးရာ သစ်ပင်နံဘေးသို့ ပြေး ကပ်လိုက်သည်။

"ဒုတ်. . . "

သစ်တောထဲမှ ဖြတ်ထွက်လာသော မြားတစ်စင်းက ခုနစောက သူရပ်နေသော နေရာမှ သစ်ပင်တစ်ပင်၌ စိုက်ဝင် လေသည်။

ငှက်မွေးတပ်ထားသော မြားဖင်ပိုင်းက လှုပ်နေသေး သည် တစ်စုံတစ်ယောက်က နောက်ဘက်မှ လိုက်လာပြီး မြားဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဓားကိုင်ပြီး သတိဖြင့် စောင့်ကြည့်နေသည်။

အခြေအနေက ထူးခြားမှု မရှိပေ. . .။

ခဏကြာတော့ သစ်တောထဲမှ စူးစူးဝါးဝါး ပြောဆိုနေ သော အသံအချို့ ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]နေခြင်း၊ တစ်ယောက်နှင့်တစ်ယောက် အချင်း[illegible]နေသော အသံမျိုးဖြစ်သည်။

ခြောမိ အသံများ ပျောက်သွားပြန်လေသည်။

“အူ . . ဝူ . . ဝူ. . . .”

“အူ. . . ဝူ. . . ဝူ. . .”

အူသံများ ကြားရသည်။

စောထီးနှင့် ငမဲအောင်တို့ အူသံဖြစ်မှန်း သိသဖြင့် ပြန်လည်ပြီး အချက်ပေးလိုက်သည်။

“အူ. . . ဝူ. . . ဝူ. .”

သူ့အူသံကြားတော့ စောထီးနဲ့ ငမဲအောင်တို့ ရောက်လာကြသည်။

“ဘာဖြစ်လာကြတာလဲ”

နီမောင်က ဆီးမေးလိုက်သည်။

“မင်းကို ငါတို့ကမေးရမှာ မင်းဘာဖြစ်သွားသေးလဲ”

“ဘာကြောင့် မေးတာလဲ”

“ဟိုဘက်မှာ တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားတဲ့ လူတစ်ယောက် ဖြတ်ပြေးသွားတာ လှမ်းမြင်လိုက်လို့ မင်းအတွက်စိုးရိမ်ပြီး လာကြည့်ကြတာ”

စောထီးက ပြောသည်။

“ငါတော့ ဘာမှမဖြစ်ဘူး ဟိုမှာ. . .”

နီမောင်က သစ်ပင်မှာ စိုက်ဖဝင်နေသော မြားကို လက်ညှိုးထိုးပြလိုက်ရာ ငမဲအောင်က အနီးလျှောက်သွားပြီး မြားကို





နုတ်ယူလာသည်။

သုံးယောက်သား မြားကို ဝိုင်းကြည့်ပြီးနောက် ငမဲအောင်က ပြောသည်။

“ဒါမှဆိုးတစ်ယောက်ယောက် အသုံးပြုတဲ့မြားပဲ၊ မင်းကို တစ်ယောက်ယောက်က လုပ်ကြံတာများလား”

“ဖြစ်နိုင်တာပေါ့ တခြားပစ်စရာ ဘာမှမရှိပဲ လူကို တည့်တည့်ပစ်မှတော့ လုပ်ကြံတာကလွဲပြီး တခြားဘာရှိဦးမလဲ”

“ဘယ်သူလို့ ထင်သလဲ”

“ငါ့မှာ ရန်ငြိုးရန်စ ထားရမယ့် သူတော့ ရှိပုံမရဘူး၊ နက်ကျော်များ ဖြစ်လေမလား”

“အနီးဆုံးကတော့ သူပဲ ရင်မောင်တုန်းကလည်း ဒီလိုပဲ နောက်က လိုက်ချောင်းနေပြီး အခွင့်အရေးရတာနဲ့ သတ်ပစ်လိုက်တာ မဟုတ်လား”

“ဟုတ်သော်ရှိ မဟုတ်သော်ရှိ မင်းသတိထားရတော့မယ် နီမောင်၊ မင်းမှာ အသက်ကို ရန်ရှာနေတဲ့ အန္တရာယ်တော့ ရှိနေပြီ”

“ဒါထက် သူတစ်ယောက်တည်းမှ ဟုတ်ရဲ့လား မသိဘူး စောစောက အဲသည်က ဆူဆူညံညံ အသံတွေ ငါကြားလိုက်ရတယ်”

ဟုပြောသဖြင့် သုံးယောက်သား ထိုနေရာသို့ လာကြည့်ကြသောအခါ ချောင်းနှင့် မနီးမဝေးနေရာမှ ခြေရာအချို့ တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေရာများက လူခြေရာများပင် ဖြစ်၏။

အသေအချာ ကြည့်သောအခါမှ လူခြေရာများက လော
လောဆယ် နင်းသွားသော ခြေရာမျိုးမတွေ့ပဲ လူတစ်ယောက်
တည်းခြေရာကို တွေ့ကြရသည်။

"မင်းပြောတော့ လူနှစ်ယောက် ပြဿနာဖြစ်နေတဲ့ အ
သံမျိုးတွေ ကြားရတယ်ဆို. . ."

"ဟုတ်တယ် အခုတော့ ဒီမှာ တစ်ယောက်တည်း ခြေ
ရာပဲတွေ့ရတာ အံ့သြစရာပဲ"

ထိုသို့ပြောပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်ကြည့်သောအ
ခါ ချောင်းဘက်သို့ ဆင်းသွားသောခြေရာမှ လွဲပြီး အခြားဘာမှ
မတွေ့ကြရတော့ပေ. .။





## အခန်း (၁၄)

# အကုသိုလ် တစ်ကျော့ပြန်

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်မှာ နက်ကျော် တစ်ယောက်၊ ထိုသေအဆိပ်လူးထားသော မြားတံများ၊ ဒူးလေး ၊ ဓား၊ လှံ စသည်တို့ကို ယူဆောင်ကာ လှေတစ်စင်းဖြင့် ဘီလူးမဂယက် ကျွန်းဘက်သို့ တစ်ယောက်တည်း ကူးလာလေသည်။

သူကူးလာသောအချိန်မှာ ညဥ့်ဦးပိုင်းအချိန် ရောက်နေပြီမို့ မြစ်ထဲမှာ အသွားအလာ ရှင်းလင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအဝေးမှာ ပိုက်ချနေသောလှေအချို့ ရှိနေသော်လည်း လှမ်းမမြင်ရပေ. . .။

နက်ကျော်မှာ လှေတစ်စင်းနှင့် မကြာခဏဆိုသလို ဘီလူးမဂယက်ကျွန်းဘက်သို့ ကူးလာလေ့ရှိသည်။

သူလာသောအချိန်မှာ လူသူမမြင်ရသော ညအချိန်မျိုးဖြစ်သောကြောင့် ဘယ်သူမှ မမြင်ရပေ။

မြင်သော်လည်း ဘယ်သူဘယ်ဝါမှန်း လူလုံးကွဲမည်မဟုတ်ပေ။ ယခင်ကတော့ ယခုကဲ့သို့ အချိန်မတော်သွားလျှင် ကွင်းပိုင်တာတေကို ခေါ်သွားလေ့ရှိသည်။

ကွင်းပိုင်တာတေကလည်း ထိုသို့ခေါ်ပါက နောက်မှအမြဲလိုက်ပေးလေ့ရှိသည်။

ရင်မောင်ကို သတ်ဖြတ်ခဲ့စဉ်ကလည်း ထိုကဲ့သို့ပင်၊ ညအချိန်ရောက်မှ ကျွန်းဘက်ကို ကူးလာပြီး အခွင့်ကောင်းကိုစောင့်သည်။

အခွင့်အရေးရသည်နှင့် ကွင်းပိုင်တာတေ၏ အကူအညီယူကာ သတ်ဖြတ်လိုက်ခြင်း ဖြစ်သည်။

သူက ရင်မောင်နောက်မှ ဝင်ပြီး လည်ပင်းမှာဆွဲထားသည့် ပရိတ်ကြိုးကို ဖြတ်ပေးသည်။

ပရိတ်ချည်းကြိုး မရှိတော့မှ ကွင်းပိုင်တာတေက လည်ပင်း ညှစ်သတ်လိုက်သည်။

သေသွားသောအခါမှ နက်ကျော်က အလောင်းလည်ပင်းကို နွယ်ကြိုးနှင့် ပတ်ဆွဲပြီး အိမ်အနောက်ဘက်မှ သစ်ပင်





၌ သွားဆွဲထားလိုက်ခြင်းဖြစ်သည်။

ရင်မောင်သေသွားပြီးတော့ နောက်တစ်ယောက် သတ်နန်းကြဲစည်ရပြန်သည်။

နီမောင် ပင်ဖြစ်သည်။

ဒီတစ်ခါတော့ ကွင်းပိုင်တာတေ မပါတော့ပေ၊ သူတစ်ယောက်တည်းပင် ကြံစည်ရတော့သည်။

အဆိပ်လူးမြား၊ ဒူးလေး၊ ဓား၊ လှံစသောအမဲလိုက်ရာတွင်အသုံးပြုသော လက်နက်များကို ယူဆောင်ပြီး ညဉ့်ဦးပိုင်းအချိန်ရောက်ပါက ဘီလူးမဂယက်ကျွန်းဘက်သို့ တစ်ယောက်တည်း ကူးလာလေ့ရှိသည်။

ကျွန်းသို့ ရောက်သောအခါ လှေကို လုံခြုံသောနေရာ၌ထားခဲ့ပြီး ရွာအနောက်ဘက် တောထဲမှာ နီမောင်တို့ရှိသောခွဲရုံတန်းဘက်သို့ သွားသည်။

နီမောင်နေသည့် တဲနောက်ဘက် ရောက်သောအခါစိတ်ရှည်လက်ရှည် စောင့်သည်။

သို့သော် နီမောင်ကပဲ ကံကောင်းနေလေသလား၊ သူကပင် ကံဆိုးနေသည်လား မပြောတတ်ပေ၊ တစ်ကြိမ်မှ အခွင့်အရေးမရခဲ့ပေ။

"သေနေ့ မစေ့သေးမချင်း နေနှင့်ဦးပေါ့ကွာ. . ."

ဟု ကြိမ်းမောင်းရင်း စောင့်နေရာ. . တစ်နေ့တော့ နီမောင်တို့သုံးယောက် တောထဲသွားကြသောအခါ အခွင့်ကောင်းပေါ်ပြီဟု ယူဆကာ နောက်မှ လျှို့ဝှက်စွာဖြင့် လိုက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နက်ကျော်သည် မုဆိုးအလုပ်ကို ကျွမ်းကျင်သူဖြစ်သောကြောင့် တောအကြောင်းကို ကောင်းစွာနားလည်သူ ဖြစ်သည်။ ထိုတောများအကြောင်းကိုလည်း နောကျေအောင် သိထားသူဖြစ်ရာ ရှေ့မှသွားသူများကို ဖြတ်လမ်းမှလိုက်ပြီး စောင့်လေသည်။ သို့သော် အခွင့်အရေး ကောင်းစွာမရခဲ့ပေ။ အခွင့်အရေးရတော့လည်း မမျှော်လင့်သော အနှောင့်အယှက်နှင့် တွေ့ခဲ့ရသည်။

နီမောင်တစ်ယောက်တည်း ခွဲထွက်လာသောအချိန်မှာ မြားဖြင့် ပထမတစ်ချက်ပစ်သည်။ လူကိုမထိပဲ သစ်ပင်ကိုသာ ထိမှန်သည်။ နောက်တစ်ချက် ထပ်ပစ်ရန်ပြင်တော့ သူ့ရှေ့မှာ လူရိပ်တစ်ခု ပေါ်လာပြီး လက်ထဲမှ ဒူးလေးကို ရိုက်ဖယ်ပစ်လိုက်သည်။

တအံ့တဩဖြင့် ကြည့်လိုက်တော့ သူသတ်ခံသော ရင်မောင်ကို တွေ့ရသည်။ ရင်မောင်မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော်လည်း ကောင်းစွာမှတ်မိသည်။

“မင်း . . သူ့ကို သတ်လို့မရဘူး”

ဟု သူ့မျက်နှာအနီးသို့ ကပ်ကာပြောသည်။

“အို . . ဘာဖြစ်လို့ မရရမှာလဲ မင်းကိုတောင်မှ ငါသတ်လို့ ဒီဘဝရောက်နေရပြီ မဟုတ်လား၊ သူလည်းသေရမှာပဲ . . သူမရှိမှ ငါ့အတွက်အေးမှာ”

ဟုပြောပြီ ဒူးလေးကို မြားတပ်ကာ ချိန်ပြန်သည်။

ဒီတစ်ကြိမ်မှာလည်း ပစ်ခွင့်မရပြန်ချေ။ ရင်မောင်က





လက်ဖြင့် ပုတ်ပစ်လိုက်ပြီး . . .

“မင်း သူ့ကို သတ်လို့မရဘူး”

ဟု ပြောပြန်လေသည်။

နောက်တော့ သူ့အတွက် ဘယ်လိုမှ အခွင့်အရေးမရတော့သဖြင့် ထိုနေရာမှ ထွက်ပြေးခဲ့ရလေသည်။

ယခုလည်း နက်ကျော်တစ်ယောက် လက်နက်များယူဆောင်ပြီးနောက် ဘီလူးမဂယက်ကျွန်းသို့ တစ်ယောက်တည်း သွားခဲ့လေသည်။

ကျွန်းသို့ရောက်သောအခါ လှေကို တစ်နေရာမှာ ဝှက်ထားလိုက်ပြီးနောက် တစ်ယောက်တည်း တောပေါ်သို့ တက်သွားလေသည်။ သူသည် လူတစ်ယောက်ကို သတ်ဖြတ်ရန်အတွက် သွားသည်ကိုပင် သားကောင်တစ်ကောင်နောက်သို့ လိုက်၍သတ်ဖြတ်ရသကဲ့သို့ စိတ်ထဲမှာ တက်ကြွနေသည်။

တောထဲမှာ မှောင်နေပြီဖြစ်၏။ သို့သော်လည်း သူ့အတွက်မထူးဆန်းတော့ပေ။ နက်ကျော်မှာ တစ္ဆေသရဲသဘက်တို့နှင့်အတူနေထိုင်ကာ ကြီးပြင်းခဲ့ရုံမက သူ့အဖေတာတေက ကွင်းပိုင်ဘဝရောက်တော့လည်း ကြောက်စရာကောင်းသော ပုံသဏ္ဍာန်အမျိုးမျိုးကို တွေ့ခဲ့ရဘူးသောကြောင့် နောက်ထပ်ဘယ်လို သရဲသဘက်မျိုးပင် တွေ့ရစေကာမူ ကြောက်ရွံ့ခြင်းမရှိပေ။

ညအချိန် တောထဲမှာ အစာရှာထွက်လာသော အကြောင်းသားရဲတိရစ္ဆာန်တို့နှင့် တွေ့သော်လည်း သူ့မှာ လက်နက်အစုံအ



www.burmeseclassic.com

www.burmeseclassic.com



လင်ပါလာသဖြင့် ပူပန်စရာမလိုချေ။

ပွဲတန်းဘက် ရောက်သောအခါ ညဉ့်ဦးပိုင်းအချိန်ထ တော့ ထင်းပေါက်သံ၊ လွှဆွဲသံတို့ကို ကြားရလေသည်။

ညဉ့်နက်ပိုင်းရောက်တော့ အသံများ တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။

သူသည် နီမောင်တို့ တဲအနောက်ဘက် အိမ်သာဘက် ထွက်သောနေရာနှင့် မနီးမဝေးမှာရှိသည့် ကနစိုပင်ကြီး တစ်ပင် နံဘေးမှာထိုင်ကာ စိတ်ရှည်လက်ရှည် စောင့်နေသည်။

"တစ်နေ့တော့ ငါ့အတွက် အခွင့်အရေးရမှာပဲ"

ဟုလည်း စိတ်ထဲမှ တင်းထားသည်။

ညအချိန်ရောက်တော့ အိမ်သာဘက်သို့ တစ်ယောက် နှစ်ယောက် ထွက်လာတာမြင်ရသည်။

နီမောင်တော့ မဟုတ်ပေ။

စိတ်ရှည်လက်ရှည်ဖြင့် ဆက်စောင့်နေစဉ် နီမောင် ထွက်လာသည်။ နီမာင်ကလက်ထဲမှာ လက်နှိပ်မီးတစ်လက်ကိုင် ထားပြီး အိမ်သာပတ်ဝန်းကျင်သို့ မီးရောင်ဖြင့်လှမ်းထိုးကြည့် သည်။ မီးရောင်က သစ်ပင်ကွယ်သို့ ရောက်လာသောကြောင့် ဘေးသို့ ကပ်နေရသည်။

အတန်ကြာတော့မှ အပြင်ဘက်သို့ ထွက်လာသည်။ နက်ကျော်မှာ ထိုအခွင့်အရေးမျိုးရဖို့ အချိန်အတော်ကြာအောင် စောင့်နေရသဖြင့် စိတ်ထဲ၌ လှုပ်ရှားလာသည်။

"မင်း.. သူ့ကို ဘယ်နည်းနဲ့မှ သတ်လို့မရဘူး"





ထိုအသံက အခြားနေရာမှ ကြားရခြင်းမဟုတ်ပဲ သူ့ အတွေးထဲမှာ ပေါ်လာခြင်းပင်ဖြစ်သည်။

ထိုအသံကြီးကို တွေးမိသဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။ စိတ်မလုံစွာဖြင့် ပတ်ဝန်းကျင်သို့ ကြည့်လိုက်တော့ အမှောင်ထု များထဲမှာ ဘာမှမမြင်ရပေ။

အပြင်သို့ ထွက်လာသောနီမောင်က အိမ်သာနှင့် မနီး မဝေး ရောက်လာသည်။

သူစောင့်နေသော သစ်ပင်ရှိရာနှင့် တဖြည်းဖြည်းနီးလာ ပြီ ထိုအခွင့်အရေးမျိုးက နောက်ထပ် တစ်ကြိမ်ရဖို့ မလွယ်ပေ၊ နက်ကျော်က စိတ်ကိုထိမ်းရင်း နေရာမှထသည်။

ဒူးလေးကို မြားတပ်ပြီး ပစ်ကွင်းကိုချိန်သည်။

လက်များက တဆတ်ဆတ်တုန်နေသောကြောင့် ပစ် မှတ်ကို ချိန်မရပေ။

"ငါ ဘာဖြစ်နေတာလဲ"

မကျေမနပ်ဖြင့် ရေရွတ်လိုက်သည်။

ပစ်ကွင်းနီးလာသောအခါ ထွေထွေထူးထူး စဉ်းစားမနေ တော့ပဲ မြားဖြင့်ပစ်သည်။

သို့သော် သူပစ်လိုက်သည့်အချိန်မှာ ဒူးလေးကို တစ်စုံ တစ်ယောက်က ရိုက်ဖယ်ပစ်လိုက်သောကြောင့် မြားတံက လိုရာ မရောက်ပဲ နံဘေးထွက်သွားသည်။

စိတ်မကျေနပ်သဖြင့် နောက်ထပ်မြားတံတစ်ချောင်း ထပ်ထုတ်ပြီး ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေရာ ရောက်သွားပြန်သည်။

"မင်း . . သူ့ကို ဘယ်နည်းနဲ့မှ သတ်လို့မရပါဘူး"

တစ်နေရာမှ ထိုအသံကြီးကို ကြားရပြန်လေသည်။

"ဘာကြောင့်မရမှာလဲ ရအောင်သတ်မယ်ဟေ့ . . ရအောင်သတ်မယ်ကွ"

ဟု အော်ပြောလိုက်ရာ အသံများက ပဲ့တင်ထပ်သွားလေတော့သည်။ မရှေးမနှောင်းမှာပင် ပွဲတန်းဘက် မှ မီးရောင်များမြင်ရပြီး ဓားလှံလက်နက်များ ကိုင်ဆောင်ထားသော လူများထွက်လာလေတော့သည်။

နီမောင်တို့ကလည်း သတိဖြင့် စောင့်နေကြသူများ ဖြစ်သဖြင့် အသံကြားသည်နှင့် ထွက်လိုက်ကြခြင်းဖြစ်သည်။

နက်ကျော်မှာ ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ထိုနေရာမှ ထပြေးရတော့သည်။

လူအုပ်ကြီးကလည်း လူစုခွဲပြီး ထက်ကြပ်မကွာ လိုက်လာကြလေတော့သည်။

သူတစ်ပါးအသက် သတ်ရန်လာသော်လည်း သူ့အသက်ဘေးနှင့် တွေ့သောအခါမှာတော့ ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးရာ သစ်ပင်သစ်ကိုင်းများဖြင့် ထိုးမိခြစ်မိခြင်း၊ အောက်မှ ငုတ်များ ထိုးမိခြင်း၊ ဆူးချွန်များက ခြေထောက်ထဲ ထိုးဝင်လာသော်လည်း လက်ဖြင့်ဆွဲနုတ်ပြီး ဆက်ပြေးရသည်။

တစ်နေရာရောက်တော့ မုဆိုးတစ်ယောက် ထောင်ထားသော ခြေနင်းကိုင်းကို တက်နင်းမိလေတော့သည်။





"ဖြောင်း"

"အား"

ခြေနင်းကိုင်းက သားကောင်ကြီးများထောင်သော ကိုင်းဖြစ်သောကြောင့် ခြေထောက်ကို ပတ်မိပြီး လေထဲသို့ ပါသွားတော့သည်။

သုတ်ကိုင်းထိသော ခြေထောက်တစ်ခုလုံးမှာလည်း အရိုးများ ကျိုးကြေသွားတော့သည်။

ထိုအခိုက်မှာပင် နောက်မှလိုက်လာသော လူသံများကို ကြားလာရသည်။

"ဒင်းတို့လက်ချက်နဲ့တော့ အသေမခံဘူး"

ဟုရေရွတ်ပြီး ခါးမှဓားကိုထုတ်ပြီး နွယ်ကြိုးကိုဖြတ်ချလိုက်ရာ အောက်သို့ ပြုတ်ကျသွားတော့သည်။

အောက်သို့ ပြုတ်ကျပြန်တော့ နေရာမလပ်ရှိနေသော ငုတ်များက ထပ်ထိုးမိကြပြန်သည်။

တစ်ကိုယ်လုံးလည်း ဒဏ်ရာဒဏ်ချက်များဖြင့် သွေးချင်းနီနေလေပြီ။ သို့သော်လည်း နောက်မှလိုက်လာသော လူသံများက နီးလာပြီ ဖြစ်သောကြောင့် ဆက်ပြေးရသည်။

လူမိုက်တို့မည်သည် ၎င်းတို့ အသာရသောအခါ အခြားသူများထက် ပိုမိုက်တတ်သော်လည်း၊ အသာမရသောအခါ အခြားသူများထက် ပိုမိုကြောက်ရွံ့တတ်ကြပေသည်။

နက်ကျော်တစ်ယောက်လည်း ထိုကဲ့သို့ပင်၊ သူကနှိပ်စက်နိုင်သောအခါ သွေးအေးအေးဖြင့် နှိပ်စက်ခဲ့သော်လည်း သူ့ခံ



www.burmeseclassic.com

www.burmeseclassic.com



ရမည့် အလှည့်ရောက်သောအခါ ခြေထောက်တစ်ခုလုံး
ကြေနေသော်မှ တရွတ်ဆွဲပြီး ဆက်ပြေးရလေသည်။

နောက်ကလိုက်လာသူများကလည်း သူပြေးသွားမှန်း
သွားသောကြောင့် မီးတုတ်များ၊ မားလှံလက်နက်များကိုင်
လူစုခွဲလျက် သဲကြီးမဲကြီး လိုက်ရှာနေကြသည်။

"ရင်မောင်ကို သတ်သွားတဲ့ လူသတ်ကောင်၊ တွေ့
ကတော့ စေ့စေ့ညက်ညက် ကြေအောင်သာ သတ်ပစ်ကြ

"ဒီကျွန်းပေါ်ကလွဲပြီး ဘယ်မှမပြေးနိုင်ဘူး၊ မတွေ့
အောင်လိုက်ရှာကြမယ်"

နောက်ဆုံးမှာတော့ နက်ကျော်မှာ ဆက်မပြေးနိုင်တော့
သဖြင့် ကန့်ပလာပင်ကြီးပင်၏ သစ်ခေါင်းထဲမှာ ဝင်ပုန်းနေ
တော့သည်။

သူဝင်ပုန်းပြီး မရှေးမနှောင်းမှာပင် လိုက်ရှာသူများ
မနီးမဝေးသို့ ရောက်လာကြသေးသည်။

နက်ကျော်မှ အပြင်မထွက်ဝံ့သဖြင့် ထိုသစ်ခေါင်းထဲ
တစ်ညနှင့် တစ်နေ့နေပြီး နောက်တစ်နေ့ ညဘက်ရောက်
မှ အပြင်သို့ထွက်ကာ လှေထားခဲ့သော နေရာသို့ ရောက်အော
ကြိုးစားပြီး သွားလေသည်။

ခြေထောက်တစ်ခုလုံး သွင်သွင်ကျိုးနေသောကြော
တရွတ်ဆွဲပြီး သွားရလေသည်။

စားစရာလည်းမပါ၊ သောက်စရာရေလည်း မပါသ
ရေငတ်သော ဒဏ်ကိုလည်း အတော်ခံနေရသည်။





တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်များက ပွနေပြီ
ရေပ်နိုင်အောင် နာကျင်နေသည်။

အဆိုးဆုံးကတော့ ရေငတ်ခြင်း ဒုက္ခပင်ဖြစ်သည်။

နောက်ဆုံး မတတ်နိုင်တော့သဖြင့် ရေငန်အချို့ကိုပင်
သောက်ရတော့သည်။

တဖြည်းဖြည်းနှင့် လှေဆိပ်ရောက်အောင် ပြန်ပြီး
နောက် မိမိကျွန်းရောက်အောင် ပြန်လေသည်။

သို့သော်လည်း လှေလှော်ရန်ပင် အားမရှိသောကြောင့်
ကျွန်းသို့ တော်တော်နှင့် ပြန်မရောက်ပဲ မြစ်ထဲမှာ ရေစုန်ရေဆန်
မျောနေသေးသည်။

လှေထဲရောက်သောအခါ နက်ကျော်မှာ အားမရှိတော့
သဖြင့် မေ့သွားလေတော့သည်။

နောက်တော့မှ ရေစုန်ရေဆန် မျောနေသော သူ့လှေ
ကို သူတို့ကျွန်းမှ တံငါလှေတစ်စင်းက တွေ့မြင်သဖြင့် တွဲယူသွား
သောအခါမှ မော်ဇာရွာသို့ ပြန်ရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

# လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာ

နက်ကျော်တစ်ယောက် ကံကောင်းထောက်မစွာဖြင့် ...င်းနေအိမ်သို့ ပြန်ရောက်သွားသော်လည်း အခြေအနေက သိပ် ...ကောင်းတော့ပေ။

တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ရထားရုံမကပဲ ...တ်ကိုင်းမိထားသော ခြေထောက်မှာလည်း အရိုးများကြေမွ ...ာ သွင်သွင်ကျိုးနေလေသည်။

ထိုဒဏ်ရာကို အဝတ်စုတ်ဖြင့်ပတ်ကာ ကြိုးဖြင့် ...ည်း

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထားသော်လည်း မသက်သာပေ။

ခြေထောက်လည်း မထောက်နိုင်တော့ပေ။ ထိုအခြေအနေမျိုးမှာပင် နက်ကျော်တစ်ယောက် သူ့အိမ်၌ မနေဝံ့တော့ပေ။

ဘီလူးမဂယက်ကျွန်းမှ နီမောင်တို့ လိုက်လာမည်စိုးသောကြောင့် တောထဲမှာ သွားနေရသည်။

အချို့ရွာသားများက သနားသဖြင့် တောထဲတစ်နေရာမှာ တဲတစ်လုံး ထိုးပေးထားသည်။

သူ့မိခင် ဒေါ်နီလေးက မရှိရှိတာ ရှာဖွေပြီး ချက်ပြုတ်ကျွေးမွေးနေရသည်။ နက်ကျော်မှာ ဘာမှမလုပ်နိုင်စေကာမူ အစားအသောက်တော့ ကြီးသည်။

ခြေထောက်မှ ဒဏ်ရာမှာ တဖြည်းဖြည်း ပုပ်လာပြီး ပိုးလောက်များတွယ်နေသော်လည်း သူက ဂရုမစိုက်ပေ။

ရေနွေးပူပူရသောအခါ ဒဏ်ရာပေါ်မှာ တရွရွတက်နေသော ပိုးလောက်များကို ရေနွေးဖြင့် လောင်းချသည်။ မီးဖိုပေါ်မှာ ဆူပွက်နေသည့် ရေနွေးဖြင့် လောင်းချသောအခါ အနာမှာ ဝိုင်းအုံနေသော ပိုးလောက်များ သေသွားကြသလို သူ့ခြေထောက်လည်း ရေနွေးပူလောင်သဖြင့် အသားများ ကျက်သွားလေသည်။ သို့သော် ဂရုမစိုက်ပေ. . .

“ဟီး. . ဟီး. . ငါ့အသားကို ဝိုင်းစားနေကြတဲ့ လောက်တွေ. . . အခုတော့ သေကုန်ကြပြီ မဟုတ်လား၊ နက်ကျော်အကြောင်းကို သိကြပြီး မဟုတ်လား”





ဟုပင် ကြိမ်းမောင်းလိုက်သေးသည်။

နောက်ပိုင်းရောက်တော့ ဒေါ်နီလေးပို့ပေးသော ထမင်းဟင်းများကို စားသောက်ရသည်မှာ မဝတော့ပေ။

ထိုအခါ သူ့ဘာသာ ရသည့်နည်းဖြင့် ရှာဖွေစားသောက်ရသည်များ ရှိလာသည်။

သူသည် မုဆိုးတစ်ယောက်ဖြစ်သဖြင့် သားကောင်ဖမ်းနည်းမျိုးစုံတို့ကို တတ်ကျွမ်းသူဖြစ်သည်။

ညနေပိုင်းတွင် သူနေသော တဲအတွင်းမှာ ထမင်းကျန်ဟင်းကျန်များကို ကြဲထားလိုက်သည်။

ညဘက်ရောက်တော့ ဟင်းအနံ့ရသဖြင့် တောထဲမှာရှိသောဖွတ်၊ သင်းခွေချပ်စသော သတ္တဝါများက တဲထဲဝင်ပြီးစားသောက်ကြသည်။

ထိုအခါ တုတ်ဖြင့် ရိုက်သတ်ပြီး ရသည်နှင့် စားသောက်လေသည်။

တဲထဲမှာ မီးဖိုရှိပြီး ရေနွေးအိုးတစ်လုံးကတော့ အမြဲတည်ထားသည်။

အနာမှ လောက်ကောင်များ ထွက်လာပါက ရေနွေးပူပူဖြင့် လောင်းသတ်ရန်ဖြစ်သည်။

ဖွတ်ရလျှင် ရေနွေးဖြင့် လောင်းချပြီး ဒီအတိုင်းပင် ကိုက်ဖြတ်စားသောက်သည်။

သင်းခွေချပ်ကတော့ အပေါ်ခွံများကို ဆွဲခွာပြီးမှ စားရသည် တစ်ခါတလေလည်း မျောက်ကိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှောက်ရလျှင် အမွေးများကို မီးဖြင့်မြှိုက်ပြီး အသားကို ရေနွေးပူပူနှင့် လောင်းကာ ဒီအတိုင်း စားသောက်သည်။ ကြာတော့ အသားစိမ်းစားရသည်ကို သဘောကျလာလေသည်။

"အသားတွေကို ချက်စားနေတာကမှ အလုပ်ရှုပ်နေသေးတယ် ဒီအတိုင်းစားရတာ ပိုကောင်းတယ်"

ဟုတွေးနေမိသည်။

နက်ကျော်တစ်ယောက် လမ်းမလျှောက်နိုင်တော့သဖြင့် အပြင်မထွက်နိုင်တော့သော်လည်း သူ့အတွက် အလုပ်က ရှိနေသည်။ တောထဲသွားပြီး အမဲလိုက်သူများအား သားကောင်ရှိသောနေရာကို ညွှန်ပြပေးနိုင်သည်။

"လဗတစ်ပင်ချောင်းဖျားက ဖျိုက်တောစပ်မှာ ဆတ်ဖားတစ်ကောင် သားပေါက်နေတယ်၊ မင်းတို့သွားရင် နှစ်ကောင်စလုံးရမယ်"

"မြောက်ဘက်က ကုန်းတန်းကို ဒီည တောဝက်တွေဆင်းလာလိမ့်မယ် အဲဒီနေရာက သွားစောင့်ကြ"

သူက ထိုသို့ပြောသောအခါ မုဆိုးများက ထိုနေရာသို့သွားကြသောအခါ ပြောသည့်အတိုင်း သားကောင်ရကြသည်။

သားကောင်ရလျှင် နက်ကျော်အတွက် ဝေစုကို ဒေါ်နီလေးကို သွားပေးကြရလေသည်။

ဒေါ်နီလေးက ဟင်းချက်ပြီး နက်ကျော်ထံ သွားပို့ပေးရလေသည်။

"အမေ ကျုပ်အတွက် ဟင်းချက်ရင် အသားတွေကို





ကျက်အောင်မချက်နဲ့ဗျာ သိပ်ကျက်သွားရင် ညှီစော်နံလို့ မစားချင်တော့ဘူး၊ မကျက်တကျက်လောက်ဆိုရင် ရပြီ"

ဟု မှာလေရာ ဒေါ်နီလေးကလည်း မကျက်တကျက်သာ ချက်ပို့ရလေသည်။

တစ်ခါက ဟင်းချက်ရင်းနှင့် အကျက်လွန်သွားလေရာ ဘင်းကိုသွားပို့သောအခါ စိတ်ဆိုးပြီး မစားတော့ပဲ ပန်းကန်ပါ လွှင့်ပစ်လိုက်သည်ကို တွေ့ရသဖြင့် နောင်အခါများတွင် မကျက်တကျက်သာ ချက်ပေးရလေသည်။

အချို့မှာ အသားနွေးသည် ဆိုရုံလေးနှင့် ပို့ပေးလိုက်ရာ ကိုက်လိုက်သည်နှင့် သွေးများ ထွက်လာလေသည်။

ထိုအခါ နက်ကျော်က များစွာသဘောကျလေသည်။ နောက်တော့ တဲအတွင်းသို့ မည်သူမှ အဝင်မခံတော့ပဲ တဲကို သစ်ကိုင်းသစ်ခက်များဖြင့် ပိတ်ကာထားလိုက်လေသည်။

ဒေါ်နီလေး ထမင်းလာပို့လျှင်ပင် အထဲမဝင်ရတော့ပဲ လာပို့သော ထမင်းဟင်းများကို တဲပေါက်ဝမှာ ချထားပေးရသည်။ ထို့ကြောင့် ဒေါ်နီလေးက မေးသည်။

"ဟဲ့. . ဘာကြောင့် ငါ့ကိုတောင် တဲထဲအဝင်မခံရတာလဲ"

"မဝင်ပါနဲ့ အမေ"

အတွင်းမှ အသံသြသြကြီးဖြင့် ပြန်ပြောသည်။

"ဘယ်လိုဖြစ်လို့လဲ"

"ကျုပ်. . ရုပ်ကို အမေမြင်ရင် လန့်သွားမှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောသော်လည်း ကွင်းပိုင်တာတေ၏ မယားဘဝမျိုးဖြင့် နှစ်အတော်ကြာအောင် နေခဲ့ရသော ဒေါ်နီလေးကတော့ မကြောက်ရွံ့ပေ။

"နင်ပုံစံက ဘယ်လိုဖြစ်နေလို့လဲ ငါမြင်တော့ ဘာဖြစ်မှာမို့လဲ"

"ကျုပ်က အရင်လို မဟုတ်တော့ဘူး၊ လူတစ်ပိုင်း သရဲတစ်ပိုင်းဖြစ်နေပြီ"

ထိုစကားကြားတော့လည်း ဒေါ်နီလေးက ထူးထူးခြားခြား ဖြစ်သွားခြင်းမျိုး မရှိပေ။

သူ့မျက်နှာပေါ်မှာ ကြောက်စရာကောင်းသော အပြုံးမျိုးပင် ပေါ်လာလေသည်။

"ဘာလဲ နင်က နင့်အဖေခြေရာ နင်းနိုင်တော့မယ်ဆိုပြီး သဘောကျနေတယ် မဟုတ်လား"

"ဟုတ်တယ် ကျုပ်ကွင်းပိုင်ဘဝ ရောက်တော့မယ် အဖေခြေရာ နင်းနိုင်တော့မယ်၊ ဒါမှ ကျုပ်မကျေနပ်တဲ့လူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်ရမယ်"

"နင်သတ်ချင်တိုင်း သတ်လို့ရမလားဟဲ့၊ တော်ကြာ နင့်အဖေလိုပဲ နယ်နှင်ခံရမှာပေါ့"

"ဒါပေမယ့် ကျုပ်အတွက် အခွင့်အရေးရရင်တော့ သတ်ရမှာပဲ"

ဟု ပြောလေရာ ဒေါ်နီလေးလည်း နောက်ထပ် ထွေထွေထူးထူး ဘာမှထပ်မပြောတော့ပဲ ပြန်သွားလေတော့သည်။





တကယ်တော့ နက်ကျော်ပြောသလိုပင် ၎င်း၏ ပုံပန်းသဏ္ဌာန်များက တဖြည်းဖြည်း ပြောင်းသွားသည်ကတော့ အမှန်ပင်ဖြစ်သည်။

တစ်ကိုယ်လုံး အမွေးရှည်များထွက်လာရာ မျောက်ဝံတစ်ကောင်လို ဖြစ်လာသည်။

ကိုယ်ခန္ဓာ ပုပ်ပွလာသကဲ့သို့ဖြစ်လာပြီး အဖုအပိမ့်ကြီးများ ထွက်လာကာ သာမန်အနေအထားထက် ပိုကြီးထွားလာသည်။

ယခင်က ဝတ်ထားသော အင်္ကျီဘောင်းဘီတို့ပင် ဝတ်မရတော့သောကြောင့် ချွတ်ပစ်လိုက်ရသည်။

ကိုယ်လုံးကိုယ်ထည်က ကြီးမားလာသလို အရပ်ကမြင့်တက်လာသည်။ တဲခေါင်မိုးပင် ထိလုဖြစ်နေသည်။

လက်တံခြေတံကြီးများက ရှည်ထွက်လာသည့်အပြင် လက်ထိပ်၊ ခြေထောက်ထိပ်များတွင် လက်သည်းချွန်၊ ခြေသည်းချွန်ကြီးများ ထွက်လာသည်။

သူ့တစ်ကိုယ်လုံးမှာ ကြောက်စရာအကောင်းဆုံးက မျက်နှာပင်ဖြစ်သည်။

ဦးခေါင်းကကြီးလာသောကြောင့် ခေါင်းပေါ်မှာ နီကြောင်ကြောင်ဖြစ်နေသော ဆံပင်တို့က ကျိုးတိုးကျဲတဲဖြင့် အချို့မှာ မျက်နှာပေါ်သို့ ကျနေသည်။

အဖုအပိမ့်ကြီးများဖြင့် အစ်ထွက်နေသော မျက်နှာပေါ်မှာ နီရဲနေသည့် မျက်လုံးကြီးနှစ်လုံးက အပြင်သို့ ပြူးထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နှာခေါင်းက အထဲသို့ တိုးဝင်နေပြီး ပါးစပ်က အဆမတန် ပြူထွက်နေကာ သွားနှင့်အစွယ်များက အပြင်သို့ ငေါ်ထွက်နေသောကြောင့် ပါးစပ်စေ့မရတော့ပေ။

အသားစိမ်း၊ ငါးစိမ်းများကို ထိုကဲ့သို့ ချွန်ထက်နေသော သွားများမှသာ ကိုက်ဖြတ်၍ ရနိုင်လေသည်။

ခြေထောက်များ သုတ်ကိုင်းမိထားသော ဒဏ်ရာမှာ ယခုတော့ မရှိတော့ပေ၊ သို့သော် ခြေထောက်တစ်ဖက်က သိမ်နေပြီး လမ်းလျှောက်လျှင် တရွတ်တိုက် ဆွဲနေသည်။

နောက်ပိုင်းမှာတော့ နက်ကျော်တစ်ယောက် ကွင်းပိုင်ဘဝ မရောက်မီမှာပင် လူတစ်ပိုင်း သရဲတစ်ပိုင်းဖြင့် တစ်ပွဲစား နက်ကျော်ဘဝမှာ အချိန်အတော်ကြာအောင် နေခဲ့ရသေးသည်။

သူ့အခြေအနေ၊ သူ၏ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်ကြောင့် ရွာထဲသို့ မသွားတော့ပေ။

ဘယ်သူမှလည်း အတွေ့မခံတော့ပေ. . .။

ခန္ဓာကိုယ် ထွားကျိုင်းလာသောကြောင့် အစားအသောက်ကလည်း ပိုများလာလေသည်။

သို့သော်လည်း သူ့အတွက် စားသောက်ရန် အတွက်က ရနေသည်။ အမဲလိုက်ထွက်မည့်သူများက တောထဲဝင်ကာနီးတွင် တဲနှင့်မနီးမဝေးမှ မေးသည်။

တဲအတွင်းမှ နက်ကျော်က သားကောင် ဘယ်နေရာမှာ ရှိသည်. . ဘယ်နေရာမှာ တောကောင်ရှိသည်ကို ပြောပြပေး





သည်။ သူပြောသည့် အတိုင်းမှန်သဖြင့် အမဲရလာသောအခါ သူ့အတွက် စားသောက်ဖို့ ပေးရသည်၊

ငါးရှာထွက်မည့်သူများက တဲအပြင်ဘက်မှာ လာမေးလျှင်လည်း ငါးပုစွန်ရမည့် နေရာကို ပြောပြပေးသည်။

ငါးအမျိုးအစား ပိဿာချိန်ပါ ပြောပြရာ မှန်သည်ကများသည်။ ထိုသို့ရလာသောအခါ သူ့အတွက် စားသောက်ဖို့ပေးရသည်၊ အမဲသား၊ ငါးပုစွန်များကို ပေးသောအခါ ဒေါ်နီလေးကို အနည်းငယ်ပေးပြီး ကျန်တာ သူနေသောတဲကို သွားပို့ပေးရသည်။

ဒေါ်နီလေးက ယခင်ကလို ဟင်းချက်ပို့စရာ မလိုတော့ပေ၊ နက်ကျော်က တဲပေါက်ဝနှင့် မနီးမဝေးမှ ခုတိုင်စိုက်ထားသည်။ အမဲသားနှင့် ငါးပုစွန်ပို့သူများက ထိုခုတိုင်မှာ ချိတ်ထားပေးခဲ့ရသည်။

သူတို့ပြန်သွားတော့မှ တဲအတွင်းမှ အမွေးရှည်များ ဖုံးနေသည့် လက်တစ်ဖက် ထွက်လာပြီး စားသောက်စရာများကို ယူသွားလေသည်။

တစ်ညမှာတော့ နက်ကျော်ရှိနေသော တဲပေါက်ဝသို့ အဘိုးကြီးတစ်ယောက် ရောက်လာသည်။

ဦးခေါင်းပေါ်မှာ ရောင်ထုံးလေးထုံးထားပြီး ကရင်အဝတ်အစားများ ဝတ်ထားသည်။

ခါးတောင်းကျိုက်ထားသောကြောင့် ပေါင်နှစ်ဖက်မှာ ထိုးကွင်းများ ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဘိုးကြီးနောက်မှာ ကိုးတောင်ကျားကြီးတစ်ကောင်ပါလာပြီး အိမ်မွေးကြောင် တစ်ကောင်ပမာ ခါးတန့်နှံ့ဖြင့် လိုက်လာသည်။

တဲပေါက်ဝမှာ ထိုအဘိုးကြီးက ရပ်လိုက်တော့ ကျားက တဲပေါက်ဝမှာ ဆောင့်ကြောင့်ထိုင် စောင့်နေသည်။

နက်ကျော်၏ တဲပေါက်ဝမှာ ရပ်နေသော ပုဂ္ဂိုလ်မှာ အခြားသူ မဟုတ်ပေ။

ရေလုပ်ငန်း လုပ်သူများ၊ သစ်တောအလုပ်လုပ်သူများ၊ လယ်ယာအလုပ်လုပ်သူတို့ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြရသော တောပိုင်ဟုခေါ်ကြသည့် အဘိုးနတ်ပင် ဖြစ်တော့သည်။

အဘိုးက ဦးရှင်ကြီး၊ နတ်နောက်လိုက် တပည့်များထဲမှာ တန်ခိုးသြဇာ အထက်မြက်ဆုံး အကြီးမားဆုံးဖြစ်သည်။

ဦးရှင်ကြီးနတ်ဘဝ မရောက်မီကပင် အဘိုးက နတ်ဖြစ်နှင့်သူလည်းဖြစ်သည်။

မိစ္ဆာများကို နှိမ်နင်းဖယ်ရှားသော တာဝန်မှာ အဘိုး တာဝန်ပင်ဖြစ်သည်။

သို့ကြောင့် မိစ္ဆာများ၊ သရဲသဘက်၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ ကျုတ်၊ မှင်စာတို့က များစွာကြောက်ရွံ့ကြရသည်။

ကျွန်းညိုကြီးတွင် မုဆိုးတံငါအလုပ်ဖြင့်၊ အသက်မွေးဝမ်းကျောင်းပြုကာနေထိုင်သူ မွန်တိုင်းရင်းသား“ဘိုးတော်”ဆိုသူမှာ(အချို့က ကရင်အမျိုးသားဟုရေးသည်) လူဘဝကပင် တစ်ပွဲစားဖြစ်နေပြီး ရွာသူရွာသားများ တင်မြှောက်ပသမှုကိုခံရကာ





တစ်ပွဲစား ဘိုးဘိုးကြီး(တစ်ပွဲစား အဘိုး) ဖြစ်ခဲ့လေသည်။

တစ်နေ့သ၌ နောက်ပါတပည့်များ ခြံရံလျက် တောတွင်းသို့ အမဲလိုက်သွားရာမှ လူမြင်ကွင်းရှေ့မှ ပျောက်ကွယ်သွားပြီး ဘဝမခြားပဲ လူအဖြစ်နှင့်ပင် နတ်ဘဝသို့ ရောက်ခဲ့ရသူဖြစ်လေသည်။

အဘိုးမှာ ပဥ္စကလျာ၏ ဖခင်ဖြစ်ကာ ဦးရှင်ကြီးနတ်၏ ယောက္ခမလည်းဖြစ်သည်။

ရေငန်ပိုင်ဒေသနှင့် မြစ်ဝကျွန်းပေါ် အောက်ပိုင်းဒေသများမှာတော့ ဦးရှင်နတ်တင်မြှောက်ပသလျှင် အဘိုးနတ်အတွက် အောက်ပွဲတစ်ပွဲထည့်ကာ တင်မြှောက်ပသ ခံရသူလည်းဖြစ်ပေသည်။

တစ်နည်းဆိုရလျှင် ဦးရှင်ကြီးနတ်ကိုယ်စား၊ မိစ္ဆာများကို ရှင်းလင်းဖယ်ရှားပေးရသူ ဖြစ်သောကြောင့် ပရလောကသားတို့ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ရသော ပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။

ယခုအဘိုးနတ် တဲပေါက်ဝသို့ ရောက်နေပြီးဖြစ်သောကြောင့် လူတစ်ပိုင်း သရဲတစ်ပိုင်းဘဝ ရောက်နေသော နက်ကျော်မှာ နေစရာမရှိအောင် ကြောက်ရွံ့နေတော့သည်။

“ငနက်ကျော် မင်းဘယ်ဘဝရောက်နေတယ်ဆိုတာ သိတယ် မဟုတ်လား၊ မင်းကလူတွေနဲ့ အတူတူနေခွင့် မရှိတော့ဘူး ဒါကြောင့် ကိုယ်နဲ့သက်ဆိုင်တဲ့နေရာမှာ သွားနေပေတော့”

“ဘယ်. . ဘယ်မှာနေရမလဲ”

“ကျွန်းလေးကျွန်းမှာ စောင့်ရှောက်မယ့်သူ မရှိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အဲဒီနေရာကို သွားပေတော့"

နက်ကျော်မှာ သူနေချင်သောနေရာမှာ နေရတော့မည်မို့ စိတ်ထဲမှ ကျေနပ်သွားလေသည်။

"ဒါပေမယ့် ငါမှာတာတွေကို မမေ့နဲ့ အပြစ်မရှိတဲ့သူတွေကို မနှိပ်စက်နဲ့ အပြစ်ရှိတိုင်းလည်း မသတ်ဖြတ်နဲ့ သူတော်ကောင်းတွေ ဒုက္ခရောက်နေရင် အကူအညီပေးရမယ် သွားပေတော့"

"ကောင်း . . ကောင်းပါပြီ"

အဘိုးနတ်မှာ ပြောစရာရှိတာပြော၊ မှာစရာရှိတာမှာပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားလေသည်။

နောက်တစ်နေ့ မနက်ပိုင်း အချိန်တွင် တောထဲဝင်ပြီး အမဲလိုက်သွားကြမည့် မုဆိုးတစ်စု ထိုတဲအနီးသို့ ရောက်လာကြလေသည်။

ထုံးစံအတိုင်း မနီးမဝေးမှရပ်ပြီး အသံကျယ်ကျယ်ဖြင့် လှမ်းမေးကြသည်။

"နက်ကျော်ရေ ငါတို့အမဲလိုက်သွားကြမလို့ဟေ့ ဘယ်နေရာမှာ အမဲရမယ်ဆိုတာကို ပြောပြပါဦးဟေ့"

ထိုသို့ အော်ပြောသော်လည်း တဲအတွင်းမှ ဘာမှပြန်ပြောသံ မကြားကြရပေ။

ခါတိုင်းထိုသို့မေးလျှင် တဲအတွင်းမှ တစ်စုံတစ်ခုပြန်ပြောလေ့ရှိသည်။ အိပ်ပျော်နေသည် အထင်နှင့် နောက်ထပ်တစ်ကြိမ် အသံကျယ်ကျယ်ဖြင့် အော်ပြောကြပြန်သည်။





ဘာမှ ပြန်ပြောသံ မကြားရသဖြင့် ဇဝေဇဝါ ဖြစ်သွားကြသော တဲပေါက်ဝနားအထိ အရဲစွန့်ကာ သွားကြည့်ကြတော့ တဲအတွင်း၌ နက်ကျော်ကို မတွေ့ကြရတော့ပေ။

"ဟင်း . . နက်ကျော် မရှိတော့ပါလား"

"တောထဲများ သွားနေတာလား"

"မသွားပါဘူး၊ သူက ဘယ်မှသွားနိုင်တာမှ မဟုတ်တာ"

"ဒါဖြင့် ဘယ်ရောက်သွားပြီလဲ"

ဇဝေဇဝါ ဖြစ်သွားကြလေသည်။

စိတ်မကျေနပ်သဖြင့် နောက်ရက်များ၌ လာကြည့်ကြတော့လည်း နက်ကျော်ကို အစအနမျှပင် မတွေ့ကြရတော့ပေ။

ထိုအချိန်မှစပြီး နက်ကျော်ကို နောက်ထပ်ဘယ်သူမှ မတွေ့ရ မမြင်ရတော့ပေ။

နောက်ပိုင်းမှာတော့ မိခင်ဖြစ်သူဒေါ်နီလေးကို လာပြောသဖြင့် လေးကျွန်းကိုင် ကွင်းပိုင်ဘဝ ရောက်သွားသည်ကို သိကြရသည်။


အချို့ မယုံကြည်သူများကို ကိုယ်ထင်ပြကာ ကြည်စယ်ခြင်း မချေမင် ပြောသူများကို သူရှိကြောင်းပြရာမှ ကွင်းပိုင်ဘဝကို ရောက်သွားပြီဖြစ်ကြောင်း အားလုံးက သိကြရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

## အခန်း (၁၆)

# ကွင်းပိုင်မိစ္ဆာနှင့် မဖဲဝါ

ဆေးတံထဲမှာ မီးညှိထားသော ဆေးငွေ့များက မရှိတော့ပြီ။ ကျွန်ုပ်သည် ဆေးတံကို ကိုင်ထားလျက်သားဖြင့် မသောက်ဖြစ်ပဲ ဒီအတိုင်းကိုင်ထားလေသည်။

အချိန်ကလည်း ညဉ့်နက်ပိုင်း အချိန်သို့ ရောက်နေချေပြီ။ ကျွန်ုပ်ရှေ့၌ ရှိနေသေးသော မဖဲဝါကလည်း ထိုနေရာမှာပင် ရှိနေသေးသည်။

သူပြောပြသော ကွင်းပိုင်မိစ္ဆာနက်ကျော်အကြောင်းက

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တော့ ရပ်သွားပေပြီ။

သို့သော် ကျွန်ုပ်စိတ်ထဲမှာတော့ အတွေးစများက မရပ်တန့်ကြသေးပေ။

"နက်ကျော်အကြောင်းကတော့ အတော်ကလေးစိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ကျုပ်ရေးခဲ့တဲ့ ဇာတ်လမ်းတွေထဲမှာ ကွင်းပိုင်တွေရဲ့အကြောင်း အတော်တော်များများတော့ ရေးဘူးပါရဲ့၊ ဒါပေမယ့် ဒီလောက်ပြည့်စုံတဲ့ ဇာတ်လမ်းမျိုးတော့ မရသေးဘူး"

ကျွန်ုပ်က အမှန်အတိုင်း ဝန်ခံလိုက်ရပေသည်။

"ဒါဖြင့်လည်း သူ့အကြောင်းကို ရေးပေါ့ဆရာရဲ့"

"ရေးမယ်ဆိုရင်တော့ စာဖတ်ပရိသတ်တွေက စိတ်ဝင်စားကြမှာပါ၊ ဒါပေမယ့် မင်းပြောတဲ့ ဇာတ်လမ်းက မပြီးသေးဘူး ထင်တယ် နီမောင်နဲ့ မြသင်းကြူဆိုတဲ့ မိန်းကလေးတို့ ဘယ်လိုအခြေအနေမျိုး ဖြစ်သွားကြသလဲ"

ကျွန်ုပ်ကဆေးတံကို ပြန်ချထားလိုက်ပြီး လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ့သောက်ရင်း. . . မတင်မကျဖြစ်နေသောအကြောင်းကို မေးလိုက်သည်။

"သူတို့နှစ်ယောက် ဇာတ်လမ်းကလည်း အဆုံးမသတ်သေးပါဘူး၊ ကွင်းပိုင်နက်ကျော်က သရဲဘဝရောက်တဲ့ အချိန်ထိ မြသင်းကြူဆိုတဲ့ မိန်းကလေးကို စွဲလမ်းနေသေးတော့ နီမောင်နဲ့ မနီးစပ်အောင် နည်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပေးခဲ့တယ်လေ"





"အင်း. . . ဘဝခြားပေမယ့် ဒါမျိုးတွေကတော့ ရှိနေတာပါပဲ"

"နောက်ပိုင်းရောက်တော့ အောက်ပိုင်းဒေသတွေမှာ အောင်စုံသူပုန်တွေ ထကြွသောင်းကျန်းပြီး လူတွေကို နှိပ်စက်ကြတာနဲ့ လူတွေလည်း ဘေးလွတ်ရာပြေးကြရတော့ ရွာတွေပျက်ကုန်တယ်. . ."

"အဲဒီအချိန်တုန်းက သူပုန်တွေသတ်လို့ အပြစ်မရှိတဲ့ လူတွေ အတော်သေခဲ့ကြရတယ်"

"ဟုတ်ပါတယ် ဒါကြောင့် ကျွန်းလေးကျွန်းပေါ်မှာ ရှိကြတဲ့ ရွာတွေတင်မကဘူး၊ အနီးပတ်ဝန်းကျင်မှာ ရှိကြတဲ့ရွာတွေပါပျက်ပြီး လူတွေအားလုံး ထွက်ပြေးခဲ့ကြရတယ် နီမောင်နဲ့ မြသင်းကြူတို့လည်း တခြားစီ ဖြစ်သွားခဲ့ကြတယ်"

"အင်း စိတ်မကောင်းစရာပဲပေါ့၊ ဖူးစာမပါ ရေစက်မရှိရင်တော့လည်း ဒီလိုပဲပေါ့လေ"

"ဒါပေမယ့် သူတို့နှစ်ယောက်က ပြန်ဆုံခဲ့ကြတယ်လေ"

"ဟယ်. . ဘယ်လိုပြန်ဆုံတာလဲ ပြောပါဦး"

"ကျွန်မနဲ့ ပြန်တွေ့ခဲ့ပြီးနောက်ပိုင်းမှာ သူတို့ပြန်တွေ့ခဲ့ကြတာပါ၊ အဲဒီမှာ ကွင်းပိုင်မိစ္ဆာနဲ့ ကျွန်မနဲ့ တွေ့ရတော့တာပါပဲ"

"သူက ကျွန်းလေးကျွန်းမှာ ကျန်နေခဲ့တာ မဟုတ်လား"

"မြသင်းကြူကို စွဲလမ်းတဲ့စိတ်ကြောင့်လား၊ တခြားအကြောင်းကြောင့်လားတော့ မသိဘူး၊ သူ ကျွန်မတို့ပေါင်းဝဘက်ကို ရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ မင်းနဲ့တွေ့ကြတာပေါ့၊ ဒါထက် မေးပါရစေဦး မင်းတို့နှစ်ယောက်စလုံးက ပရလောကရောက်နေကြသူတွေပဲ ဘယ်သူက ကမ္မဇိဒ္ဓိ ပိုရှိသလဲ"

"သိပ်တော့မကွာလှပါဘူး၊ ကျွန်မလည်း ပရလောက ရောက်ခဲ့ပြီးမှ ကောင်းတာလေးတွေ လုပ်ခဲ့တာများတော့ ကမ္မဇိဒ္ဓိ အတော်ရခဲ့ပါတယ်၊ ဒါကြောင့် နီမောင်တို့ကို အကူအညီ ပေးနိုင်ခဲ့တာပေါ့"

နေစမ်းပါဦး နီမောင်တို့က ဘယ်ရောက်လာလို့လဲ. .

"ဟိုဘက်မှာ သူပုန်တွေသောင်းကျန်းတော့ ပေါင်းဝ ဘက်ကို ပြန်ပြေးလာကြတယ်လေ၊ အဲဒီရောက်တော့ ကျွန်မအ ကူအညီပေးခဲ့ပါတယ်"

"ကောင်းတာပေါ့ မဖဲဝါရယ်. . ကုသိုလ်ရတာပေါ့"

"နီမောင်က လူ့ဘဝတုန်းက ကျွန်မအပေါ်မှာ အများ ကြီး ကောင်းခဲ့တယ် ကျေးဇူးရှိခဲ့တယ်၊ ဒါကြောင့် သူဒုက္ခရောက် လာတဲ့ အချိန်မှာ ကျွန်မက တစ်လှည့်ပြန်ပြီး အကူအညီပေးရ တာပေါ့၊ ဆရာဒီအကြောင်းကို ဆက်ရေးမှာ မဟုတ်လား"

"ရေးမှာပေါ့ မဖဲဝါရဲ့ ကွင်းပိုင်နက်ကျော်ရဲ့ အကြောင်း ကို ဆက်ရေးမှာလေ နာမည်တောင် စဉ်းစားထားပြီးပြီ"

"ဘယ်လိုများပါလိမ့်"

"နက်ကျော်က ကျွန်းလေးကျွန်းကို ကိုင်ရတာမို့ 'လေး ကျွန်းကိုင် ကွင်းပိုင်မိစ္ဆာ'လို့ ပေးမယ်လေ မကောင်းဘူးလား"

"ကောင်းပါတယ် သူ့အကြောင်းပြီးရင်တော့ ကျွန်မ





ဒီဘဝက ကျွတ်ခဲ့ရတဲ့အကြောင်း၊ ပေါင်းဝသုသာန်စောင့် မဖဲဝါ ဘဝက ကျွတ်လွတ်ခဲ့ရတဲ့အကြောင်းကိုလည်း ဆက်ရေးပေးပါ ဦး"

"ရေးစေချင်လည်း ရေးရတာပေါ့၊ နာမည်ရော ဘယ်လို ပေးရင် ကောင်းမလဲ"

"ကွင်းပိုင်နက်ကျော်နဲ့ တွေ့ခဲ့ရတာဆိုတော့ 'ကွင်းပိုင် မိစ္ဆာနဲ့ မဖဲဝါ'လို့သာ အမည်ပေးလိုက်ပါတော့ ဆရာရယ်"

"ကောင်းပါတယ် ဒီနာမည်မျိုးက ဝတ္ထုနဲ့လည်း လိုက် ပါပေတယ်"

ကျွန်ုပ်က ကတိပေးလိုက်ရာ မဖဲဝါလည်း ကျွန်ုပ်အနီးမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

စာပေလောကတွင် တစ္ဆေသရဲနှင့် ပတ်သက်သော ဝတ္ထု ဇာတ်လမ်းအမျိုးအစား များစွာပေါ်ပေါက်ခဲ့ရာ ကွင်းပိုင် အကြောင်းက နည်းပါးလှသည်။

ထို့ကြောင့် ကျွန်ုပ်လည်း 'မဖဲဝါနှင့် ဝေမာနိက ရန်ငြိုး' ဝတ္ထုရေးခဲ့ပြီးနောက်၊ ယခု 'လေးကျွန်းကိုင်ကွင်းပိုင်မိစ္ဆာ' ဝတ္ထုကို ဆက်လက်ရေးသားရာ ယခုပြီးစီးခဲ့ချေပြီ။

သို့သော် မဖဲဝါပြောသွားခဲ့သောအကြောင်းအရာများ က ကျန်နေပါသေးသည်။

ထို့ကြောင့် သူပေးသွားခဲ့သော 'ကွင်းပိုင်မိစ္ဆာနှင့်မဖဲဝါ' အမည်ဖြင့် ဂမ္ဘီရဆန်းကြယ်လုံးချင်း ဝတ္ထုရှည်တစ်ပုဒ် ဆက်လက် ရေးသားရန် ကြိုးစားရပေတော့မည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာဖတ်သူအား ကြိုတင်ပန်ကြားစရာရှိပါသည်
ထို၀တ္ထုသုံးအုပ်မှာ တစ်အုပ်နှင့် တစ်အုပ် ဆက်နွယ်မှု၊ ဆက်စပ်
မှုရှိသော်လည်း အဆက်တွဲတော့ မဟုတ်ပါချေ။

တစ်အုပ်ချင်းဖတ်လျှင် ရနိုင်ပြီး သုံးအုပ်ပေါင်းဖတ်လျှင်
အဆက်အစပ်ရှိပြီး‌. ‌. အရသာမပျက်စေရန် ကြိုးစားထားပါ
ကြောင်း ပန်ကြားရင်းနှင့်ပင်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (လေးကျွန်းကိုင်
ကွင်းပိုင်မိစ္ဆာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ၀တ္ထုရှည်မှာ နိဂုံးကမ္ပတ်
အဆုံးသတ်ပြီး ဖြစ်ပေတော့သတည်း။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

စာပြီးချိန် ။ ။(၂၀၁၂)ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၉)နာရီ

ဆောင်မြင့်စာပေ

